


# ခိုင်မိမိဇင်

## နှလုံးသားကို ပိုင်စိုးသူ

Book Sharing

Scanned by CamScanner

# အခန်း(၁)

## ခိုင်မိမိဇင်

## နှလုံးသားကို ပိုင်စိုးသူ

### တစ်

သူနာပြု ဆရာမလေး မေကြည်ဖြူသည် လက်ထဲက အဖျားတိုင်း သာမိုမီတာကလေးကို ပြဒါးကျအောင် ခါရင်း ဖြူဖျော့နေသော အမျိုးသားလူနာ၏ မျက်နှာကို ကြည့်လိုက်သည်။

အင်း... ဒီလူနာကို ကြည့်ရတာ အားမရလိုက်တာ။

သူ့လူနာအပေါ် ဂရုဏာသက်စွာကြည့်နေစဉ် မျက်လုံးများမှိတ်၍ နေသော လူနာသည် ဖြည်းညှင်းစွာ မျက်လုံးများ ဖွင့်ကြည့်လာ၏ ။

"ဪ...ဆရာမ ရောက်နေပြီကိုး..."

"ဟုတ်တယ် ကိုရဲသွေး... အဖျားတိုင်းလိုက်ကြရအောင်နော်..."

ရဲသွေးက ခေါင်းညိတ်ပြပြီး ပါးစပ်ကို ဟာပေးလိုက်သည်။

ရဲသွေးက လျှာအောက်တွင် ပြဒါးတိုင်ကို ဖိထားနေစဉ် သူနာပြု ဆရာမလေး မေကြည်ဖြူသည် သူ့လက်ကနာရီကို ကြည့်ရင်း ရဲသွေး၏ လက်ကောက်ဝတ်တွင် သွေးခုန်နှုန်းကို စမ်းကြည့်နေ၏ ။

သတ်မှတ်ချိန် ပြည့်သွားသည့်အခါတွင် ရဲသွေး၏ လျှာအောက်မှ ပြဒါးတိုင်ကို ထုတ်ယူကာ ကြည့်လိုက်သည်။

ပြီးလျှင် လူနာမှတ်တမ်း၏ ဇယားကွက်တွင် သူ့အကျႌတွင် ထိုးချိတ်ထားသော ဘောလ်ပင်ကို ဖြုတ်၍ စစ်ဆေးတွေ့ရှိချက်များကို ရေးသားနေပါ၏ ။

Scanned by CamScanner

ရဲသွေးသည် ဖြူဝင်းနုမွတ်သော အသားအရေပြည့်ရှင် သူနာပြုဆရာမချောချော လှလှကလေးကို ကြည့်ရင်း စိတ်အားငယ်သော စကားကို ပြောလာပါ၏။

"ဆရာမကတော့ ကျွန်တော့အခြေအနေကို ဘယ်လိုမြင်မယ် မသိဘူး၊ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် လုံးဝအားမရဘူးဗျာ... မနက်ဖြန်လွန်ရင် ကျွန်တော့်အတွက် အရာရာ ချုပ်ငြိမ်းသွားမလားပဲ"

"အို... မဟုတ်တာရှင်..."

မေကြည်ဖြူက လူနာ၏ လက်ကို အသာအယာကိုင်၍ ခေါင်းကလေး ယမ်းပြလိုက်သည်။

"ဒီလိုအားငယ် စိတ်တွေမမွေးနဲ့လေ၊ မနက်ဖြန် ခွဲစိတ်ခန်းဝင်ပြီးတာနဲ့ ရှင်ဟာလူကောင်းပကတိဖြစ်ပြီလို့ မှတ်လိုက်တော့...၊ ရှင့်ကို ခွဲစိတ်ကုသပေးမယ့် ဗိုလ်ဦးလေး သမားတော်ကြီးက အစွမ်းထက်တဲ့ ပုဂ္ဂိုလ်ကြီး တယောက်ပါ၊ သူ့ကိုခွဲစိတ်ခန်းထဲမှာ ဝိုင်းဝန်းကူညီလာမယ့် သူ့အဖွဲ့သားတွေကလည်း ဝါရင့်ဆရာဝန်နဲ့ ဆရာမကြီးတွေပါ၊ လိုအပ်တဲ့ဆေးဝါးကုသမှု ပစ္စည်းတွေကလည်း ဒီဆေးခန်းကြီးထဲမှာ လိုလေသေးမရှိအောင် ပြည့်စုံနေပါတယ်။ အားတင်းထားနော်၊ စိတ်ဓာတ်မချလိုက်နဲ့၊ လူတယောက်မှာ စိတ်ဓာတ်က အရေးကြီးဆုံးပဲ"

မေကြည်ဖြူ၏ အားပေးစကားနှင့် နှုတ်ခမ်းလှလှကလေးတွင် ရှိနေသော အပြုံးလှလှတို့ကို ကြည့်ကာ ရဲသွေး၏ ဖြူဖျော့နေသော မျက်နှာတွင် သွေးရောင်ကလေး လွှမ်းတက်လာပါသည်။

"ဆရာမက အားပေးတတ်လိုက်တာဗျာ"

"ကျွန်မက အားပေးရုံမကဘူး၊ ကိုရဲသွေးတယောက် ခွဲစိတ်ကုသမှု အောင်မြင်ပါစေ၊ ကျန်းမာရေးဆုလာဘ်ကြီးကို မနေ့အမြန်ရရှိပါစေလို့ဆုတောင်းပြီး ညကျရင်

Scanned by CamScanner

အဝိဥာဉ်ပုတီးလည်းစိတ်ပေးဦးမှာပါရှင်..."

သိမ်မွေ့သော အပြောအဆိုလေးများ။

သူ့လက်ကိုကိုင်၍ ညင်သာစွာ နှိမ့်သိမ့်နေမှုများကို ခံစားရင်း ရဲသွေး၏ မျက်နှာပေါ်တွင် အပြုံးရိပ်ကလေးများ သန်း၍ လာပါသည်။

"ဆရာမရဲ့ အားပေးစကားတွေအတွက် ကျေးဇူးအနန္တပါပဲဗျာ၊ မနက်ဖြန် ခွဲစိတ်ခန်းထဲမှာ ကျွန်တော့်အနားမှာ ဆရာမရှိရင် သိပ်ကောင်းမှာပဲ"

"ခွဲစိတ်ခန်းထဲကို တာဝန်ကျသူတွေပဲ ဝင်ရပါတယ်၊ တက်လို့ စစ္စတာကြီးက ဝင်ခွင့်ပြုမယ်ဆိုရင်တော့ ကိုရဲသွေးအနားမှာ မေကြည်ရှိမှာပါရှင်"

"ဆရာမနာမည်က မေကြည်ပဲလား"

"မေကြည်ဖြူပါ ကိုရဲသွေး..."

"သိပ်အေးချမ်းတဲ့ နာမည်လေးပါပဲ ၊ လူနဲ့လည်းလိုက်တယ်"

*

"စစ္စတာ ... လူနာရဲ့အခန်းထဲမှာ ရောက်နေတဲ့ ဆရာမလေးက ဘယ်ဝပ်က ပြောင်းလာတာလဲ"

"ဘေဘီ ယူနစ်က ပြောင်းလာတာပါ ဆရာကြီး"

"သူ့နာမည်က..."

"မေကြည်ဖြူပါ ဆရာကြီး..."

"အင်း... မနက်က မောင်ရဲသွေးကို ဆရာကြီး ဝင်စကားပြောတုန်းက လောကကြီးကို အရှုံးပေးနေတဲ့ပုံပဲ၊ သူ့ကို ကြည့်ရတာ အားမရဘူး၊ ဒါပေမယ့် ခုတော့ သူ့မျက်နှာ ကြည့်ရတာ ဆရာကြီးအားရမိလာတယ်၊ ဒီဆရာမလေးက သူ့အတွက်အရေးကြီးတဲ့ အားဆေးတခွပ် ပဲနဲ့တူတယ်..."

Scanned by CamScanner

နှလုံး ခွဲစိတ်အထူးကု သမားတော်ကြီး ဦးဖေမြင့်မောင်သည် အထူးကြပ်မတ်ဆောင် အပြင်ဘက်မှနေ၍ အထဲသို့ မှန်ပြတင်းမှ ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

တစုံတခုကို သူသည် စဉ်းစားနေပြီးမှ ရဲသွေး၏ အခန်းကို မဝင်တော့ဘဲ သူ့ရုံးခန်းရှိရာသို့ ထွက်ခွာ သွားတော့သည်။

သူ့နောက်က လိုက်နေသော စစ္စတာကြီး ဒေါ်သောင်းရွှေမှာ သူ့ဆရာကြီးကို နားမလည်နိုင်ဘဲ သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ခဲ့ပါ၏ ။

*

Scanned by CamScanner

## အခန်း(၂)

"မေကြည်ကလည်း ကြာလိုက်တာ၊ မင်းထွက်မလာနိုင်တာနဲ့ ရေမိုးချိုးထား နှင့်မယ်ဆိုပြီး အရင်ပြန်လာခဲ့တာ"

မေကြည်ဖြူသည် မျက်နှာကလေး မရွှင်မလန်း ဖြင့် သူ့ခေါင်းပေါ်က သူနာပြု ခေါင်းဆောင်းကလေးကို ချွတ်ရင်း ပင့်သက်ရှိုက်လိုက်သည်။

"ဟင်...မေကြည် ဘာဖြစ်လာတာလဲ၊ သက်ပြင်းတွေဘာတွေ ချလို့..."

"မေကြည် ကြည့်နေရတဲ့ လူနာအတွက် စိတ်မကောင်းလို့ပါ ထွေးရယ်... သူ့အခြေအနေကို ဘယ်သူမှ အားမရ ဖြစ်နေတယ်"

"သြော်... မေကြည်ရယ်... ထွေးတို့လည်း သူ့အတွက် စိတ်မကောင်းပါဘူး၊ သတ္တဝါတခု ကံတခုလို့မှတ်လိုက်ပါ၊ ခုမေကြည် ဂျူတီချိန် လွန်ခဲ့ပြီပဲ၊ ဆေးရုံကိစ္စ ခေါင်းထဲက ဖျောက်ထားလိုက်စမ်းပါကွာ၊ ကိုမျိုးတို့ ခုလောက်ဆို ဟိုင်းမှာ ရောက်နေကြပြီလား မသိဘူး၊ မြန်မြန်ရေချိုးပြီး အလှပြင်တော့..."

မေကြည်ဖြူသည် သဘက်တထည်ကို ဆွဲယူကာ ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။

နာရီဝက်ခန့် ကြာသောအခါ မေကြည်ဖြူ၏ အလှအပ ပြင်ဆင်မှုများ ပြီးဆုံးသွားတော့သည်။

"အင်း... မေကြည်က ဘယ်လိုလို ပြင်ပြင် သိပ်ကိုလှတာပဲ၊ ဒါကြောင့် ကိုမြင့်ဇော်အောင်ကြီးက အသည်းခိုက်နေတာ ထင်ပါရဲ့"

"တော်စမ်းပါကွာ... အချင်းချင်း ကပ်မြှောက်နေပြန်ပြီ ထွေးကတော့..."

"တကယ်လှလို့ လှတယ်ပြောတာပါ၊ ဒါပေမယ့် ဒီနေ့ တခုလိုနေတယ် မျက်နှာကလေးကို ပြုံးပြုံးထားစမ်းပါ၊ ကြည့်မကောင်းပါဘူး၊ ဘာလဲ

Scanned by CamScanner

မေကြည့်ခေါင်းထဲက ကိုရဲသွေး မထွက်သေးဘူးလား"

"အာ ... ထွေးကလည်း"

"ထွေးကလဲ မနေနဲ့၊ ဟောဟိုမှကြည့်စမ်း... ကိုမြင့်ဇော်အောင်ကြီးတို့ဆိုင်ထဲမဝင်သေးဘဲ အပြင်မှာ ရပ်စောင့်နေကြတယ်"

"ဟုတ်ပါရဲ့"

မေကြည်ဖြူနှင့် ထွေးထွေးတင်တို့သည် သူတို့၏ ခြေလှမ်းများကို ပို၍သွက်လက်အောင် လျှောက်လိုက်ကြလေသည်။

"ရောက်နေတာ ကြာပြီလားမောင်"

ထွေးထွေးတင်က သူချစ်သူ ကိုမျိုးဝင်းကို လှမ်းမေးလိုက်သည်။

"နာရီဝက်လောက်ရှိပြီ... ထွေးတို့ ဒီနေ့ ထွက်လာတာ နောက်ကျတာနဲ့မောင်နဲ့ ဖိုးဇော် အပြင်ထွက်စောင့်နေကြတာ ကြာပြီ"

"မေကြည်ရဲ့ အထူးလူနာအတွက် လုပ်စရာရှိတာလေးတွေလုပ်ပေးနေရလို့ နည်းနည်းကြာသွားတယ်၊ သူက မနက်ဖြန် ခွဲစိတ်ခန်းဝင်ရမှာလေ"

"ဪ..."

"လာ...မေကြည်၊ ဒီမှာပဲ တခုခု စားပြီးမှ ရုပ်ရှင်ရုံ သွားကြတာပေါ့"

"ဟုတ်ကဲ့ ကိုဇော်..."

မြင့်ဇော်အောင်က မေကြည်ဖြူ လက်ကလေးကို အသာဆွဲ၍ စားသောက်ဆိုင်ထဲ ခေါ်ဆောင်လာ၏။

မြင့်ဇော်အောင်နှင့် ကိုမျိုးဝင်းတို့သည် ချစ်သူကိုယ်စီနှင့် မျက်နှာချင်းဆိုင် ထိုင်ကာ စားသောက်ဖွယ်ရာများ မှာယူစားသောက်နေကြသည်။

ကိုမျိုးဝင်းနှင့် ထွေးထွေးတင်တို့ နှစ်ယောက်က

Book Sharing

Scanned by CamScanner

အစားစားလိုက်ချစ်သူတို့ သဘာဝ နောက်လိုက်ပြောင်လိုက်နှင့် ရှိနေစဉ် မြင့်ဇော်အောင်နှင့် မေကြည်ဖြူတို့ကတော့ ခါတိုင်းနေ့များနှင့်မတူ နှုတ်ဆိတ်နေချိန်များနေ၏ ။

မြင့်ဇော်အောင်သည် ယနေ့ အထူးစကားနည်းနေသော မေကြည်ဖြူကို ကြည့်ကာ စိတ်ထဲတွင် မချင့်မရဲ ဖြစ်၍ လာသည်။

"ချစ် ... ဘာတွေ တွေဝေနေတာလဲဟင်၊ ချစ်ဘာတွေမှ ရှည်ရှည်ဝေးဝေး တွေးမနေနဲ့ ၊ မောင် ချစ်ကို အမြန်ဆုံး လက်လက်မယ်၊ ချစ်အလုပ်က ထွက်ရမယ်၊ ဒါပဲ..."

မေကြည်ဖြူသည် ဝန်းဝိုင်းသွားသော မျက်လုံးလေးများဖြင့် ချစ်သူ၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"အမြန်ဆုံး လက်ထပ်မယ်... ဟုတ်လား မောင်"

"ဟုတ်တယ်လေ ချစ်က ဘာတွေ အတွေးခေါင်နေတာလဲ၊ ချစ်နဲ့ မောင်သိပ်ချစ်တယ် အမြန်ဆုံး လက်ထပ်ပြီး အတူနေမယ် ... ဒါအဖြစ်ချင်ဆုံးမောင့်ရဲ့ ဆန္ဒပဲ"

"မောင်ရယ် ... စဉ်းစားပါဦး၊ မောင်နဲ့ မေကြည် ချစ်တာမှ ဘာကြာသေးလို့လဲ... မောင် မေကြည့်ကို မလေ့လာတော့ဘူးလား၊ အိမ်ထောင်တခုကို တည်ဖို့ ထမင်းစားရေသောက် သဘောမျိုးလောက်နဲ့ မဆုံးဖြတ်သင့် ဘူးလေ"

"အဟင်း...ဟင်း... တယောက်ကို တယောက် သုံးနှစ်သုံးမိုးကြီးများတောင် လေ့လာရဦးမှာလားချစ်ရာ၊ မောင်က ချစ်ကို အပွေးမြင် အပင်သိလို့ လက်ထပ်ချင်တယ်ဆိုတဲ့ စကားကို ပြောလိုက်တာပါချစ်က အထွေအထူးလေ့လာစရာလိုတဲ့ မိန်းကလေးမှ မဟုတ်တာပဲ ၊ အေးဆေးတယ် ၊ ရိုးသားတယ်၊ စိတ်ထားဖြူစင်တယ် ... ဒါမောင့်ရဲ့ လိုလားချက်တွေပဲ

Scanned by CamScanner

ဒီလိုလားချက်တွေနဲ့ ပြည့်စုံတဲ့ ချစ်ကို မောင်တမိနစ် တစက္ကန့် လေးတောင် ခွဲမနေချင်တော့ဘူး၊ မောင့်အနားမှ တဖဝါးမှ မခွာနိုင်အောင်ထားပြီး ချစ်မျက်နှာကလေးကိုပဲ ကြည့်နေချင်တယ်ကွာ ... ချစ် မောင်ပြောတာကို မြန်မြန် စဉ်းစားပြီး အဖြေပေးတော့..."

မြင့်ဇော်အောင်၏ စကားလုံးများက နူးညံ့သည့် မေကြည့်စိတ်ကို တစိမ့်စိမ့်တသိမ့်သိမ့် ဖြစ်သွားစေပါသည်။ သူ့စကားများ ဆွဲဆောင်ရာနောက်သို့ သူ့အသည်းနုနု မျောပါနစ်မွန်း သွားခဲ့ပါသည်။

"မေကြည် စဉ်းစားပါ့မယ်မောင်ရယ် ... မောင်လိုချင်တဲ့ အဖြေကို အမြန်ဆုံး ပေးနိုင်အောင် မေကြည် စဉ်းစားပါ့မယ်"

"ချစ်က သိပ် လိမ္မာပဲကွာ"

"ဟွန်း မောင်နော် ... ဘေးမှာ လူတွေနဲ့"

"အဟင်း... ဟုတ်သားပဲ၊ မောင့်စိတ်တွေ ဘယ်လို ဖြစ်သွားမှန်းမသိလို့..."

"ကဲ... ဟိုနှစ်ယောက် ဒီနေ့ကော စားလို့ ပြီးကြမှာလား၊ ရုပ်ရှင်ချိန်က နီးနေပြီ"

"ပြီးပါပြီဗျာ၊ ပြီးပါပြီ"

မြင့်ဇော်အောင်က သူ့ရှေ့ ပန်းကန်ထဲမှ စားစရာများကို လျှင်မြန်စွာ စားလိုက်သည်။ ပြီးလျှင် ကျသင့်ငွေ အားလုံးအတွက် သူက ဒကာခံ ရှင်းပေးလိုက်သည်။

ထို့နောက်တွင် တော့ သူတို့နှစ်တွဲသည် အငှားယာဉ်ဖြင့် ရုပ်ရှင်ရုံသို့ သွားရန် စားသောက်ဆိုင်တွင်း မှ ထွက်လာခဲ့ကြသည်။

*

Scanned by CamScanner

## အခန်း(၃)

အိပ်မက်ထဲတွင် လမ်းလျှောက်နေသူ တဦးကဲ့သို့ မေကြည်ဖြူ စိတ်ထဲတွင် ခံစားနေရသည်။

"မိန်းမ ... တိတ်လှချည်လား"

"အဟင်း စဉ်းစားနယ်လွန်သွားလို့ပါ ထွေးထွေးရယ်"

"ကိုမြင့်ဇော်အောင်ကြီးက မင်းနား တိုးကပ်ပြီး ဘာတွေ ဆီမန်းမန်းနေတာလဲဟင်..."

"မောင်က မေကြည့်ကို အမြန်ဆုံး လက်ထပ်ခွင့် တောင်းနေတယ် ထွေးထွေးရယ်..."

"ဟယ်... ဟုတ်လား၊ နောက်ကားကတောင် ကျော်တက်တော့မှာပါလား၊ ထွေးမောင်ကတော့ လက်ထပ်ဖို့ စကားစတောင်မစသေးဘူး၊ ထွေးတော့ မေကြည့်ကို မနာလိုတောင် ဖြစ်ချင်လာပြီ"

"ကိုမျိုးဝင်းခမျာလည်း ကြိုးစားနေရှာတာပါပဲကွာ၊ သူ့မှာ မပြည့်စုံသေးလို့နဲ့ တူပါတယ်..."

"ဟုတ်တယ် မေကြည်၊ ထွေး မောင်ကတော့ ကိုမြင့်ဇော်ကြီးလောက် လုပ်ငန်းကိုင်ငန်း အဆင်မပြေဘူး၊ အိမ်ထောင်တခု တည်ဖို့ ထွေးတို့ကတော့ အချိန်ယူရဦးမှာပါလေ"

စိတ်ပျက်အားလျှော့သံလေးဖြင့်ပြောနေသော ထွေးထွေးတင်ကို မေကြည်ဖြူက ပခုံးလေးဖက်ကာ နှစ်သိမ့်အားပေးလိုက်သည်။

သည်ညမှာ တော့ မေကြည်ဖြူသည် သူချစ်သူမောင်၏ အနုအလှ စကားလေးများဆီသို့ စိတ်ကရောက်သွားလိုက် ... အလုပ်ထဲက သူ့လူနာဆီကို စိတ်ကရောက်သွားလိုက်... သူ့အတွက် ဆုတောင်းပေးလိုက်နဲ့ တော်တော်နှင့်

Scanned by CamScanner

အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရပါသည်။

"မေကြည်...မေကြည်"

"ဟွန်း..."

"မေကြည်... ထတော့လေ ဂျူတီ ဝင်ရမယ် မဟုတ်လား"

"ဟင်..."

ဖျတ်ခနဲ မျက်လုံးများ ဖွင့်ကြည့်လိုက်တော့ မျက်နှာသုတ်ပုဝါဖြင့် သူ့မျက်နှာကို သုတ်ရင်းနှိုးနေသော အခန်းဖော် သူငယ်ချင်းမကို တွေ့လိုက်ရသည်။

"အယ်တော့... မေကြည်အရမ်း အိပ်ပျော်သွားတယ်"

"ညက စိတ်ကူးတွေ ယဉ်ပြီး တော်တော်နဲ့ အိပ်မပျော်ဘူး မဟုတ်လား၊ ဟွန်း... သိပါတယ်နော်"

"ဟွန်း... ထွေးကလဲ..."

ရှက်ဝဲဝဲ မျက်နှာလေးဖြင့် ထွေးထွေးတင်ကို တွန်းခဲ့ပြီး မေကြည်ဖြူသည် ရေချိုးခန်းဆီသို့ ပြေးခဲ့တော့သည်။

"မေကြည်ရေ ... ကော်ဖီနဲ့ မုန့် အဆင်သင့်ထားခဲ့တယ်၊ စားလိုက်ဦးနော်၊ ထွေးတော့ သွားပြီ"

"ကျေးဇူးပဲ ထွေး"

မေကြည်ဖြူသည် သွက်သွက်လက်လက် ရေမိုးချိုး အဝတ်အစားလဲလှယ်ပြီး ထွေးထွေးတင် အဆင်သင့်ထားခဲ့သော အစားအစာများကို စားလိုက်သည်။ ပြီးလျှင် ဂျူတီဝင်ရန် ရုံးခန်းဆီသို့ အလျှင်အမြန် ထွက်ခဲ့ပါသည်။

ရုံးခန်းထဲရှိ နေ့စဉ်မှတ်တမ်းတွင် သူလက်မှတ် ထိုးနေစဉ် ရုံးခန်းထဲသို့ ဝင်လာသော လက်ထောက်သူနာပြုအုပ် ဒေါ်မြစမ်းအေးက မေကြည်ထံသို့

Scanned by CamScanner

လျှောက်လာ၏။

"မေကြည်"

"ရှင်...မမမြ"

"မင်းခွဲခန်းထဲ ဝင်ရမယ်လို့ စစ္စတာကြီးက ပြောခိုင်းလိုက်တယ်"

"ဟင်...မေကြည်...မေကြည် ခွဲခန်းဝင်ရမယ်"

"ဟုတ်တယ်... ကိုရဲသွေးကိုတောင် ခုပဲ ခွဲခန်းထဲကို သွင်းသွားကြပြီ"

"ဟုတ်...ဟုတ်ကဲ့ မမမြ"

ဆရာမလေး မေကြည်ဖြူလည်း ခွဲခန်းရှိရာသို့ ခြေကုန်သုတ်၍ ပြေးပါတော့သည်။

ခွဲခန်းတွင် ခွဲစိတ်ရန် အသင့်ပြင်ဆင်နေသော လူနာ ကိုရဲသွေးကို အားပေးစကားပြောဖို့ ဆရာမလေး မေကြည် အချိန်အနည်းငယ် ရလိုက်ပါသည်။

"ဆရာမ...လာတယ်နော်"

သူ့ကိုမြင်တော့ ရဲသွေး၏ မျက်နှာ ဝင်းလက်သွားပါသည်။

သူတို့ကနောက်တွင် ရပ်နေသော ဆရာကြီးက ခေါင်းတညိတ်ညိတ်နှင့်...

"ဟုတ်ကဲ့...ကိုရဲသွေး စိတ်ကိုအေးအေးထားနော်၊ ကိုရဲသွေးရဲ့ ခွဲစိတ်ကုသမှု အောင်မြင်မှာပါ"

"ကျွန်တော် အားတွေ တင်းထားပါတယ် ဆရာမ"

"ဒီလိုမှပေါ့...ကဲ စိတ်ကိုအေးအေးထား၊ မေကြည် ... ကိုရဲသွေးအနားမှာပဲ ရှိနေမယ်"

Scanned by CamScanner

ရဲသွေးက ပြုံးရောင်သန်းနေသော မျက်နှာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

မကြာခင်မှာပဲ ကိုရဲသွေးကို မေ့ဆေးထိုးပေးဖို့ မေ့ဆေးဆရာဝန်ကြီး ရောက်ရှိလာသည်။

အချိန်အတော် ကြာမြင့်သော ခွဲစိတ်ကုသမှုကြီး ပြီးဆုံးသည့်အခါတွင် ခွဲစိတ်ကုသမားတော်ကြီးက သတိမရသေးသော ရဲသွေးကို လိုအပ်သည်များ ပြုလုပ်ပေးနေသော မေကြည်ဖြူအနီးသို့ ရောက်ရှိလာသည်။

"ဆရာကြီးကတော့ ဘုရား၊ တရား၊ သံဃာ သုံးပါးကို ဦးထိပ်ထားပြီး ကိုယ်တတ်တဲ့ ပညာနဲ့ အစွမ်းကုန် ကုသပေးပြီးပြီ၊ ကျန်တာကတော့ မင်းအပိုင်းပဲ"

"ရှင်... ဆရာကြီးပြောတာ... ကျွန်မ... ကျွန်မ သဘောမပေါက်..."

"ဟုတ်လိမ့်မယ်၊ ဆရာမလေး သဘောမပေါက်ဘူးဆိုတာ ဟုတ်လိမ့်မယ်၊ ဆရာမလေး သဘောမပေါက်တာကို ဆရာကြီး မြင်ထားတယ်၊ သူ့ရောဂါအတွက် စိတ်ပျက်အားလျှော့နေတဲ့ မောင်ရဲသွေးဟာ ဆရာမလေးကို မြင်လိုက်တွေ့လိုက်ရင် သူ့မျက်နှာမှာ အားသစ်တွေ တက်လာတယ်၊ ဒါကို ဆရာကြီး မြင်ထားတယ်၊ ဒါကြောင့်လည်း သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာကို ဆရာမလေး တဖက်တလမ်းကနေ အားပေးမှု ထိရောက်နေလို့ ဒီနေ့ ခွဲခန်းထဲ ဝင်ဖို့ ဆရာကြီး ဖိတ်ခေါ်လိုက်တာပဲ၊ ဆရာကြီးတူလေးကို ဆရာမလေးပဲ ဆက်ပြီး ပြုစုအားပေးသွားပါလို့ ဆရာကြီး ပြောချင်ပါတယ်"

"ဆရာ...ဆရာကြီး... ဟို... ကျွန်မ ... ကျွန်မ မကြာခင် လက်ထပ်တော့မှာမို့ အလုပ်ကနေ ထွက်စာတင်ဖို့ ဆုံးဖြတ်ထားပါတယ်၊ ကျွန်မ ခင်ပွန်းလောင်းက ကျွန်မကို အလုပ် ဆက်မလုပ် စေချင်တော့လို့ပါ၊ အဲဒါ..."

"မင်းရဲ့ ဆုံးဖြတ်ချက်ကို ဆရာကြီး တားပိုင်ခွင့် မရှိပါဘူးကွယ်... ရတောင့်ရခဲ လူတယောက်ရဲ့ အသက်တချောင်းကို ကယ်သင့် မကယ်သင့်ကိုတော့

Scanned by CamScanner

မင်းသေသေချာချာ စဉ်းစားကြည့်စေချင်ပါတယ်"

မေကြည်ဖြူသည် မေ့ဆေးအရှိန်ဖြင့် မလှုပ်မယှက်ဖြစ်နေသော ရဲသွေး၏ ဖြူဖျော့နေသော မျက်နှာကို ကြည့်လိုက်သည်။

"အင်း.. ငါက သူ့အတွက် အားသစ်တွေ လောင်းပေးနေတဲ့ သူတယောက်လို့ ဆရာကြီးကဆိုလိုတယ်၊ ဘယ်ဘဝက ရေစက်ပါလိမ့် သူ့ကို ငါလည်း ခင်တွယ် သနားမိတာတော့ အမှန်ပဲ၊ ဒီအကြောင်းတွေ မောင့်ကို ငါဘယ်လို ဖွင့်ပြောမလဲ၊ မောင်ကကော သဘောဘယ်တူလိမ့်မလဲ၊ ဒုက္ခပါပဲ၊ ဒီညနေ မောင့်ကို ငါသွားမတွေ့နိုင်ရင် မောင် ငါ့ကို စိတ်ဆိုးသွားတော့မယ်"

သူ့ချစ်သူနှင့် သူ၏ ပြုစုဖေးမမှုကို တောင့်တလိုလားသူ နှစ်ဦးကြားတွင် ဆရာမလေး မေကြည်ဖြူမှာ ပြတ်သားသော ဆုံးဖြတ်ချက်တခု ကို မချနိုင်ပဲ စိတ်ဒုက္ခ ရောက်နေ၏။

"ဆရာမ..."

ပူနွေးနေသော လက်တဖက်က သူ့လက်ကိုကိုင်၍ ညင်သာစွာ ခေါ်လိုက်သူကို မေကြည်ဖြူ ဖျတ်ခနဲ ကြည့်လိုက်သည်။

မေ့ဆေးကောင်းကောင်းပြယ်၍ သတိရနေပြီဖြစ်သော သူ့လူနာ ရဲသွေးကို တွေ့လိုက်ရသည်။

ရဲသွေး၏ ပြုံးရောင်သန်းနေသော နှုတ်ခမ်းသည် ဖြူလျော့မနေပဲ ပန်းနုရောင် သန်းနေသည်ကို မေကြည်ဖြူ သတိပြုလိုက်မိသည်။

"ကိုရဲသွေး... သတိရလာပြီနော်"

"ဟုတ်ကဲ့"

"နေလို့ကောင်းတယ် မဟုတ်လားဟင်"

"ဆရာမကို ကျွန်တော့်အနားမှာ တွေ့လိုက်ရတော့ ပိုပြီး

Scanned by CamScanner

နေလို့ကောင်းတယ် ထင်မိတယ်ဗျာ၊ ဆရာမ ကျွန်တော့် အနားမှာ တချိန်လုံး ထိုင်နေတာလားဟင်"

"ခွဲခန်းထဲက ထွက်လာပြီးကတည်းက ထိုင်စောင့်နေတာပါ ကိုရဲသွေး"

"ဆရာမကို အားလည်းနာတယ်၊ ကျွန်တော် ဝမ်းလည်းသာတယ်ဗျာ၊ ကျွန်တော်... ကျွန်တော် ဆရာမကို သတိရလာရင် တွေ့မှတွေ့ရပါ့မလားလို့ "

"ကိုရဲသွေး... သိပ်သကားမပြောနဲ့ဦးနော်၊ စိတ်ကို ငြိမ်ငြိမ်ထားပြီး ကောင်းကောင်းအနားယူပါ၊ ကိုရဲသွေး ခွဲစိတ်ခံယူထားမှုက သိပ်အရေးကြီးတယ်၊ ခွဲစိတ်မှုပြီးရုံနဲ့ မပြီးသေးဘူး၊ စိတ်ဓာတ်ကြံ့ခိုင်မှုနဲ့ နေထိုင်စားသောက်မှုတွေက လည်းသိပ်အရေးပါတယ်၊ ကိုရဲသွေး လိုအပ်တဲ့ အကူအညီမှန်သမျှ မကြည် ဆောင်ရွက်ပေးပါမယ်၊ စိတ်အေးချမ်းသာ အနားယူပါနော်"

မကြည်ဖြူသည် ရဲသွေး၏ လက်တဖက်ကို ခုတင်ပေါ်သို့ အသာပြန်ချပေးရင်း ရဲသွေးကို နှစ်သိမ့်အားပေး စကားများ ပြောလိုက်သည်။

"ဆရာမကို သိပ်ကျေးဇူးတင်ပါတယ်၊ ဆရာမ စကားကို ကျွန်တော်နားထောင်မှာပါ၊ တပည့် အလိမ္မာလေးတယောက်လိုပေါ့...အဟင်း"

ရဲသွေးသည် သူ့စကားအဆုံးတွင် နှုတ်ခမ်းတွင် အပြုံးဝေ၍ မျက်စိကို မှိတ်ထားနေတော့သည်။

မကြာခင် ရဲသွေး ပြန်၍ အိပ်ပျော်သွားသည်။ ဆရာမလေး မကြည်ဖြူလည်း သူ့ကို ဝပ်ထဲ ဝင်လာသော ဆရာမနဲ့ ခဏထားခဲ့ပြီး သူ့ကို စောင့်နေမည်ဖြစ်သော အခန်းဖော် သူနာပြုဆရာမလေး ထွေးထွေးတင်ဆီ အပြေးကလေး ထွက်လာခဲ့သည်။

သူနာပြုများ အနားယူခန်းတွင် သူ့ကို ထိုင်စောင့်နေသော ထွေးထွေးတင်ကို တွေ့လိုက်ရသည်။

Scanned by CamScanner

“ဟင်…မေကြည် ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲဟင်”

“မေကြည် မနက်က နှလုံးခုန် ကိရိယာ ခွဲထည့်ထားတဲ့ လူနာ ကိုဂုဲသွေးကို စောင့်နေလို့ ထွေးရဲ့”

“ဟင်… သူ့စပယ်ရှယ် နပ်(စ်) မငှားဘူးလား”

“ညဆရာမတော့ ငှားထားတယ်၊ ဒါပေမယ့် ဆရာကြီးရဲ့ စပါယ်ရှယ် ရိကွတ်(စ်)နဲ့ သူ့တူကို မေကြည့်ကို ဆက်ကြည့်ခိုင်းထားတယ် ထွေး…”

“ဟင်… ဒါဆို ကိုမြင့်ဇော်အောင် ဘာပြောမလဲ မသိဘူး”

“ဟင်း… သူတော့ မေကြည့်ကို စိတ်ဆိုးမှာပဲ၊ သူက မေကြည့်ကို အလုပ်တောင် အတင်းထွက်ခိုင်းနေတာ ၊ မေကြည်တော့ ဘာလုပ်ရမှန်း မသိတော့ပါဘူး ထွေးရယ်…”

“မေကြည်က လက်ထပ်တော့မယ်၊ အလုပ်က ထွက်တော့မယ်ဆိုတာ ဆရာကြီး ကိုပြောမပြဘူးလားဟင်”

“ပြောပါတယ်၊ ဆရာကြီးက သူ့တူလေးရဲ့ အသက် ကို ကယ်ဖို့ မေကြည် တထောင့်တနေရာက ပါနေတယ်တဲ့ကွာ…”

“ဘယ်လို… ဘယ်လို ကိုယ်နားမလည်ဘူး မေကြည်”

“ဒီလို ထွေးရယ်… သူ့ကို မခွဲခင် တနေ့က သူကကို မေကြည် အဖျားတိုင်းပေးရင်း စကားပြောနေကြတာ ဆရာကြီးက ဘယ်အချိန်က ကြည့်ပြီး လှေ့လာသုံးသပ်သွားတယ် မသိပါဘူ၊ နောက်တနေ့မှာ ထူးထူးဆန်းဆန်း မေကြည်နဲ့ ဘာမှမဆိုင်ပဲ ခွဲခန်းထဲ ဝင်ခိုင်းတယ်၊ သူ့ကို ခွဲစိတ်ပေးပြီး သူသတိမေ့နေတုန်းမှာ ဒီလူနာကို အသက်ရှင်ဖို့ မျှော်လင့်ချက်ပေးနိုင်တဲ့ သူက မေကြည်ပဲတဲ့၊ မေကြည့်ကို တွေ့လိုက်ရင် သူ့မျက်နှာမှာ အားတက်လာမှုတွေ တွေ့လာရတယ်တဲ့၊ လူတယောက်ရဲ့ အသက်ကို မေကြည် ကယ်ကောင်းပါတယ်တဲ့၊ မေကြည်က ကျွန်မ

Scanned by CamScanner

အလုပ်ထွက်တော့မှ၊ ကျွန်မမှာ ချစ်သူရှိတယ်၊ မကြာခင် လက်ထပ်တော့မယ်ပြောတော့ ဆရာကြီးက ဒါကို သူ့ဘာမှ မပြောလိုဘူးတဲ့၊ ဒါပေမယ့် စိတ်ပျက်အားလျော့ထားတဲ့ သူ့ဘဝမှ မေကြည်က တဖက်တလမ်းကနေ အားပေးနိုင်တဲ့ လူဖြစ်နေလို့ လူ့အသက်တချောင်းကို ကယ်သင့်ကြောင်း ပြောသွားတယ်ထွေးရယ်"

"ဟင်... ဒါ...ဒါဆို ကိုရဲသွေးက မေကြည့် ကို ချစ်နေတာလား"

"ဟင်း... မပြောတတ်တော့ပါဘူး ...ထွေးရယ်"

"သူ့နေကောင်းသွားရင်တော့ ဖြေရှင်းရခက်တဲ့ ပြဿနာကြီးများ ဖြစ်စလာမလား"

"မေကြည်ကကော ဒီကိစ္စကို ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘူးလား၊ ဆရာကြီးက ဘာပြောပြောပေါ့"

"ဟင်း..."

ဆရာမလေး မေကြည်ဖြူက စိတ်မောဟန်ဖြင့် ပင့်သပ်လိုက်ရင်း ထွေးထွေးတင်၏ မျက်နှာ ကိုကြည့်လိုက်သည်။

"သူ့ကို မေကြည်ကိုယ်တိုင်ကလည်း ဂရုဏာ သက်မိနေတယ်၊ သူ့ကိုဥပေက္ခာပြုထားပြီး ထွက်မသွားချင်ဘူး၊ မေကြည့်ကြောင့် သူ တခုခု ဖြစ်သွားမှာကို မေကြည် စိုးရိမ်တယ်၊ ကြောက်လည်း ကြောက်တယ်ထွေးရယ်..."

"အင်း... မေကြည်က စိတ်ထားနူညံ့တဲ့ မိန်းကလေးတယောက်ဆိုတော့ လူတဖက်သားကို သနားကြင်နာစိတ် ပိုနေတာပေါ့၊ ဒီကိစ္စ ကမေကြည် ကိုယ်တိုင်ပဲ ဆုံးဖြတ်ရမယ့် ကိစ္စဆိုတော့ ထွေးလည်း မပြောတတ်တော့ဘူး၊ အကျိုးအကြောင်းကို တော့မြင့်ဇော်အောင် နားလည်အောင် ထွေးပြောပြလိုက်ပါ့မယ် "

Book Sharing

Scanned by CamScanner

"သူ့ကို ပြောပေးပါ၊... အရေးကြီးတဲ့ လူနာအတွက် ဆရာကြီးက တာဝန်ချထားလို့ မေကြည် မလာနိုင်တာပါလို့... သန်ဘက်ခါကျရင်တော့ မေကြည် သူ့ကို ဆက်ဆက် လာတွေ့ပါ့မယ်လို့..."

"စိတ်ချ မေကြည် ...ထွေး ကြည့်ကောင်းအောင် ပြောပေးမှာပါ"

"ကျေးဇူးပါပဲ ထွေးရယ်"

သူနာပြုဆရာမလေး ထွေးထွေးတယောက် နားခိုခန်းမမှ ထွက်သွားသည်ကို ဆရာမလေး မေကြည်ဖြူသည် အငေးသားကြည့်၍ ကျန်ရစ်ခဲ့သည်။

"ဟော့...မေကြည်... ဂျူတီ ဆက်ဝင်ပေးနေရတာ လား"

သူ့ကပခုံးကို အသာကိုင်၍ မေးလိုက်သူကို မေကြည်ဖြူ လှည့်ကြည့်လိုက်သည်။

"ဩော် မမစန်း၊ ဟုတ်တယ်...ဆရာကြီးက ညစောင့်ဆရာမနဲ့ အတူနေပေးပါဆိုလို့ မေကြည် ဆက်စောင့်ရမယ်၊ မမစန်းကော ပြန်တော့မလို့လားဟင်"

"ခဏနေရင် ပြန်မယ် ၊ မနက်ဖြန်မှာ ခွဲမွေးမယ့်လူနာအတွက် စီစဉ်စရာရှိတာ စီစဉ်ရဦးမယ်လေ"

"မမစန်း..."

"ဘာလဲ မေကြည်"

"ဆရာကြီး ကဒီလူနာကို သိပ်ဂရုစိုက်နေလို့ မေကြည်ပါ ဒုက္ခ ရောက်နေရတယ်"

"ရဲသွေးက ဆရာကြီးတူလေ၊ ဆရာကြီး အကိုကမွေးတာ၊ သူကသူ့တူကို သိပ်ချစ်တာ၊ သူတို့က သူဌေးတွေ လုပ်ငန်းကြီးတွေ လုပ်တဲ့လူတွေ၊ လွန်ခဲ့တဲ့

Scanned by CamScanner

ခြောက်လလောက်က ကိုရဲသွေး ဖေဖေ နိုင်ငံခြား မှာ ပညာတော်သင် သွားတဲ့ ရဲသွေးရဲ့ ချစ်သူ ချွေးမလောင်းလေးနဲ့ အတူ ကားအက်ဆီးဒင့် ဖြစ်ပြီး ဆုံးသွားရှာတယ်။ ရဲသွေးက အဖေတခု သားတခု၊ ဒီကြားထဲ သူ့ချစ်သူမိန်ကလေးပါ ဆုံးတယ်ဆိုတော့ အရမ်းခံစားနေရတယ်။

"ကို ရဲသွေးက သူ့ကရောဂါကို နိုင်ငံခြားမှာ မကုဘူးလား"

"အစကတော့ သူ့နှလုံး အထောက်ကူပြု ပစ္စည်းကို နိုင်ငံခြားမှာပဲ ထည့်ပြီး ခွဲစိတ်မလို့ပါပဲ၊ မမျှော်လင့်ပဲ သူ့ချစ်သူနဲ့ အဖေပါ ဆုံးသွားတော့ သူဘယ်ကိုမှ သွားလိုစိတ်မရှိတော့ဘူး၊ လုပ်ငန်းတွေ အားလုံးကိုလည်း သူ့လက်ထောက်နဲ့ ပစ်ထားပြီး ယူကျုံးမရ ဖြစ်နေတယ် မေကြည်ရဲ့"

"ဟင်း...သနားစရာပဲနော်"

"ဟုတ်တယ် မေကြည် စိတ်ဓာတ်ကျရောဂါ ဝင်နေတဲ့ သူ့ကို ဆရာကြီးက အမျိုးမျိုး ဖျောင်းဖျအားပေးလာလို့ ခုလို ခွဲစိတ်ကုသမှု လုပ်နိုင်ခဲ့ကာ၊ ဆရာကြီးကတော့ မေကြည့်ကို သိပ်ကျေးဇူးတင်နေတယ်ကွယ့်"

"အင်း...ခုလို ကိုရဲသွေးအကြောင်း ကြားရတော့ သူ့ကို ပိုပြီးတောင် သနားမိပါတယ် မမစန်းရယ်၊ ဆရာကြီးပြောတာ ဟုတ်ပါတယ်၊ မေကြည့်ကိုယ်ရေးကိုယ်တာထက် လူတယောက်ရဲ့ အသက်ကို ရှေ့တန်းတင်နေသင့်တယ်လို့ မေကြည် သဘောပေါက်မိလာမိပါပြီ၊ သူပြန်နိုးနေပြီလားမသိဘူး၊ မေကြည်သွားလိုက်ဦးမယ်နော် ...မမစန်း"

"အေးအေး ညီမလေး... ကုသိုလ်တွေ အများကြီးရမှာပါကွယ်"

မေကြည်သည် သူ့ခေါင်းပေါ်မှ သူနာပြု ခေါင်းဆောင်းကလေးကို တပ်ဆင်ပြီး အထူးကြပ်မတ် ကုသဆောင် ဆီသို့ လျှင်မြန်စွာ ထွက်လာခဲ့ပါသည်။

*

Scanned by CamScanner

## အခန်း(၄)

"မောင်မြင့်ဇော်အောင် ... ဧည့်ခန်းမှာ ဧည့်သည်ရောက်နေတယ်"

"မိန်းမလား... ယောကျ်ားလား ဦးလေး"

"မိန်းကလေးပါ၊ ငါ့တူရဲ့ မိန်းကလေးပါ"

မြင့်ဇော်အောင်သည် သူ့ရှေ့မှ လက်ဆွဲသားရေ အိတ်ကြီးထဲသို့ ထည့်သွင်းရန် လက်တွင် ကိုင်ထားသော အဝတ်အထည်များကို ခုတင်ပေါ်သို့ ဒေါနှင့်မောနှင့် ပစ်ချပြီး ဧည့်ခန်းဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခဲ့သည်။

"မောင်..."

မေကြည် သည် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်၍ မြင့်ဇော်အောင်ကို ခေါ်လိုက်သည်။

မြင့်ဇော်အောင်က ရှုံ့တိုးတိုး မျက်နှာကြီးဖြင့် မေကြည်ဖြူ၏ ရှေ့တွင် နီးကပ်စွာ ရပ်လိုက်သည်။

"မင်းလာသေးတယ်နော်"

"မောင်ရယ်...မေကြည်..."

"တော်...မေကြည်၊ ဘာဆင်ခြေဆင်လက်မှ မောင်မကြားချင်ဘူး၊ မောင် မေကြည့်ကို စကားကုန်ပြောပြီးပြီ၊ ခုပဲ မောင်ခရီးထွက်ဖို့ ပြင်ဆင်နေပြီ၊ မေကြည် တခါတည်း လိုက်နိုင်မလား၊ မလိုက်နိုင်ဘူးလား၊ ဒါပဲပြော..."

"မ...မဟုတ်သေးပါဘူး၊ မောင်ရယ်၊မေကြည် ပြောတာကိုလည်း နားထောင်ပါဦး၊ ဟိုလေ...လူနာက"

"တော်စမ်းပါ...မေကြည်ရာ၊ ဒီလူနာအတွက် မင်းတယောက်တည်း သူနာပြုရှိတာ မဟုတ်ပါဘူး၊ မင်းမောင့်ကို ချစ်ရင် မောင့်နောက်ကို တခါတည်း

Scanned by CamScanner

လိုက်ခဲ့…ဘာဆင်ခြေမှ မလိုချင်ဘူးကွာ၊ ဒါပဲ…"

"မောင်ကလည်းလေ တဇွတ်ထိုးကြီးပါလား၊ မေကြည်ကို စဉ်းစားချိန်တော်င် မပေးနိုင်ဘူးလားဟင်…"

"မေကြည် မောင့်ကို ချစ်တယ်… မောင် မေကြည့်ကို ချစ်တယ်၊ မောင် ခု ရှေ့တန်းတင်နေတာ မောင်နဲ့မေကြည် အမြန်ဆုံး လက်ထပ်ဖို့ပဲ၊ ဒါကို မေကြည် ငြင်းနေတယ်ဆိုရင်တော့ မောင့်အဆိုးမဟုတ်ဘူး၊ မောင်ကတော့ ဒီညနေ ခရီးထွက်မယ်၊ ဒါပဲ"

"မောင်… မေကြည် ပြောပါရစေဦး၊ နည်းနည်းလေးသည်းခံပြီး နားထောင်ပေးပါ မောင်ရယ်"

မျက်ရည်လည်ရွဲလေးဖြင့် မေကြည်ဖြူက သူ့ချစ်သူမောင်ကို တောင်းပန်နေ၏။

"ဆောရီးပဲ မေကြည်၊ မောင်စကားတခွန်းပဲ ပြောတတ်တယ်၊ မောင် သဘောလည်းပေါက်တယ်၊ ခုလောက် မေကြည် အင်နေပြီဆိုရင် မောင့်သဘော မောင့်ဆန္ဒကို မေကြည် မလိုက်လျောနိုင်ဘူးဆိုတာ မောင် သဘောပေါက်တယ်၊ အေး… ကံမကုန်ရင်တော့ ပြန်ဆုံခွင့် ရဦးမှာပေါ့ကွာ၊ ကိုယ်သိမ်းစရာတွေ ရှိနေတယ်၊ အကြောင်းမထူးမယ့်အတူတူ မေကြည် အလုပ်ထဲ မေကြည် ပြန်တော့…"

"ရှင်…"

ဒေါသရောင် ပြောင်လဲ့နေသော မျက်လုံးများဖြင့် မေကြည်ဖြူကို ကြည့်ပြီး သူ့မျက်နှာကို လွှဲလိုက်သည်။

မေကြည်ဖြူလည်း မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ဟင့်ခနဲ ရှိုက်သံတချက်ထွက်၍ မြင့်ဇော်အောင်တို့ အဆောင်ညှေ့ခန်းအတွင်းမှ

Scanned by CamScanner

ထွက်ပြေးသွားပါတော့သည်။

*

"ဟင်…မေကြည် ..မေကြည် ဘာဖြစ်လို့လဲ"

အိပ်ရာပေါ်တွင် မှောက်၍ ရှိုက်ကြီးတငင် ငို ကြွေးနေသော မေကြည်ဖြူကို တွေ့လိုက်ရလျှင် အခန်းဖော် ထွေးထွေးတင်သည် စိုးရိမ်ထိတ်လန့်သွား၏ ။

သူသည် ခုတင်ဆီသို့ အပြေးကလေးလာကာ မေကြည်ဖြူကို ပွေ့လိုက်သည်။

"ရင်ထိတ်လိုက်တာ မေကြည်ရယ်… ကိုမြင့်ဇော်အောင်နဲ့တွေ့ခဲ့ရဲ့လားဟင်၊ သူ… သူကဘာပြောလိုက်လို့လဲ"

"သူ…သူ ဒီနေ့ ခရီးထွက်တော့မယ်၊ သူက မေကြည် ရှင်းပြတာကို ဘာ… ဘာတခုမှ လက်မခံဘူး…ထွေး၊ သူ..သူ မေကြည့်ကို ထားရစ်ခဲ့ပြီ"

ထွေးထွေးတင်ကို ဖက်ကာ မေကြည် ရှိုက်ကြီးတငင် ငိုနေပါသည်။

"အင်း… သူကလည်း ဇွတ်တရွတ်သမားကြီး ၊ ဟိုနေ့က ထွေးပြောတာ နားထောင်ပြီးကတည်းက တင်းနေတာ၊ အချိန်ရှိပါသေးတယ်၊ မေကြည် သူ့ကို မခွဲနိုင်ရင် တခါတည်းလိုက်သွားပါလားဟင်…"

"မဖြစ်သေးပါဘူး ထွေးရယ်၊ မေကြည်ကြောင့် ကိုရဲသွေး တခုခု ဖြစ်သွားမှာကို မေကြည် ကြောက်တယ်၊ သူကောင်းကောင်းကျန်းမာလာရင် သူ့အခြေအနေတွေ စိတ်ချလောက်ရတဲ့အခါကျရင် သူနားလည်အောင် ပြောပြီး မေကြည်…မေကြည် မောင့်ဆီ ပြန်သွားမှာပါ၊ အဲ့ဒီအခါကျမှပဲ မောင့်ကို မေကြည် ခြေသလုံးဖက် တောင်းပန်ရရင်လည်း တောင်းပန်တော့မယ်"

ထွေးထွေးတင် ဟင်းခနဲ သက်မချလိုက်တော့သည်။

Book Sharing

Scanned by CamScanner

သူ့တွင် မေကြည်ဖြူကို နှစ်သိမ့်စရာ စကား ပေးစရာအကြံဉာဏ် တခုမှ ရှိမနေတော့ပါချေ။

*

Scanned by CamScanner

## အခန်း(၅)

အချိန်တပတ်ခန့် ကြာသောအခါ သူ့တွင်ပေးသွင်းထားသော ဆေးဝါးကိစ္စများ ပြီးဆုံးသွားပြီ ဖြစ်၍ အပ်နှင့် ပိုက်ကို ဆရာမလေး မေကြည်ဖြူက ညင်သာစွာ ဖြုတ်ပေးလိုက်သည်။

"နေသာထိုင်သာရှိသွားပြီလားဟင် ကိုရဲသွေး"

"သိပ်ကို နေသာသွားပါတယ် ဆရာမ၊ ဒီပိုက်တွေ ကြည့်ကြည့်ပြီး ကျွန်တော် စိတ်အရမ်း ကျဉ်းကျပ်နေတာ"

မေကြည်ဖြူသည် ရဲသွေး၏ လက်ခုံပေါ်တွင် ကပ်နေသော ပလာစတာကို အသာခွာပေးရင်း ရဲသွေးကို ပြုံး၍ ကြည့်လိုက်သည်။

"ကိုရဲသွေး မျက်နှာ တခါတည်းကို ကြည်လင်သွားတာပဲ၊ နေဦး မေကြည် ဆံပင်ကလေး ဖြီးပေးမယ်"

မေကြည်ဖြူသည် ခုံပေါ်က ဖြီးကလေးကို ယူ ရဲသွေးကို ခေါင်းဖြီးပေးလိုက်သည်။

သည် ပြုစုယုယ ဖေးမမှုများတွင် ရဲသွေးတယောက် စိတ်ရောကိုယ်ပါ ပျော်ဝင်သွားမိနေပါ၏ ။

"ရော့ မှန်ကြည့်လိုက်ပါဦး၊ အရင်ကနဲ့ မတူတဲ့ မျက်နှာလေးကို တွေ့ရပြီနော်"

"အဟင်း... ကျွန်တော်ခုလို ကျန်းမာလာတာ ဆရာမ ပြုစုမှုကောင်းလို့ပါဗျာ၊ ဆရာမကို သိပ်ကျေးဇူးတင်ပါတယ်"

မေကြည်ဖြူ၏ မှန်ကိုင်ထားသော လက်ကောက်ဝတ်လေးနှစ်ဖက်ကို ရဲသွေးက ညှာတာစွာကိုင်၍ ကျေနပ်အားရသံဖြင့် ပြောလိုက်သည်။

Scanned by CamScanner

နွေးထွေးသော ရဲသွေး၏ လက်က မေကြည်၏ နလုံးသွေးတို့ကိုပါ နွေးထွေးမှု ပေးလာ၏။ သိမ့်ခုန်မှုများတိုးမြင့်လာစေပါ၏။

"မေကြည်... မေကြည်လည်း ဝမ်းသာပါတယ်၊ ကိုယ်ပြုစုပေးရတဲ့ လူနာတယောက်ကို ခုလို ကျန်းမာရေးတိုးတက်ပြီး ရွှင်ရွှင်လန်းလန်းတွေ့လာရလို့လေ"

ရဲသွေးက သူ့လက်ဖြင့် မေကြည်ဖြူကို ကိုင်ထားရာမှ လွှတ်လိုက်သည်။

"ဆရာမ..."

"ပြောပါ ကိုရဲသွေး"

"ဟုမ်းကေ့(စ်) လိုက်နိုင်မလားဟင်"

"ရှင်..."

"မနက်ဖြန် ကျွန်တော် ဆေးရုံကဆင်း ရင် ဆရာမကို ကျွန်တော် အိမ်ခေါ်သွားချင်တယ်၊ တခြားဆရာမတယောက်ဆို ကျွန်တော်နဲ့ စိမ်းနေမယ်လေ၊ ဆရာမကတော့ ကျွန်တော့်ရောဂါကို ခွဲစိတ်ကုသမှု မပြုခင်ကတည်းက ကြည့်ရှု ကြပ်မတ်လာသူဆိုတော့ ပိုပြီးအဆင်ပြေမယ်ထင်လို့ပါ"

"ကျွန်မသဘောနဲ့ ကျွန်မ လုပ်ပိုင်ခွင့် မရှိပါဘူး ကိုရဲသွေး၊ ဆရာကြီးက တာဝန်ချပေးရင်တော့ ကျွန်မ ငြင်းပိုင်ခွင့် မရှိပါဘူး၊ ခဏနော်... ကျွန်မ ဆေးခန်းထဲ ခဏသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့..."

မေကြည်ဖြူသည် ရင်တွင် သိမ့်ခုန်နွေးထွေးစွာ ရဲသွေးရှိသော ဝပ်အတွင်းမှ ထွက်ခဲ့သည်။

"သူ့ကို ပြုစုစောင့်ရှောက်ဖို့ သူကအိမ်လိုက်ခဲ့ရမယ်တဲ့၊ ငါလိုက်သွားခွင့်မှ ရပါ့မလားမသိဘူး၊ ခုတော့လည်း ငါ့ရင်ထဲမှာ သူ့ဆန္ဒ ကိုငြင်းပယ်ရမှာ

Scanned by CamScanner

စိုးရိမ်နေသလိုပါပဲလား၊ ဟင်း… ခက်လိုက်တာ၊ ကိုယ့်ကိုယ်ကိုယ် ဘာတွေ ဖြစ်နေမှန်းတောင် မသိတော့ပါဘူး"

မေကြည်ဖြူသည် ခေါင်းကလေး ယမ်းလိုက်ပြီး ရဲသွေးကို တိုက်ကျွေးရန် ဆေးများအား ဆေးခန်းထဲမှ ထုတ်ယူလိုက်သည်။

*

ဆေးဗန်းကလေးကိုင်ပြီး သူ့အခန်းထဲသို့ ဝင်လာနေသော ဆရာမလေး မေကြည်ဖြူကို ကြည့်ရင်း သူ့လက်ထဲမှ ဆယ်လူလာ ဖုန်းလေးကို ရဲသွေးက ပိတ်လိုက်သည်။

"ကဲ …ဆေးသောက်ကြရအောင်"

"ဆေးကို ခဏထားပါဦး၊ ကျွန်တော် ဝမ်းသာရတဲ့ စကားအရင် ပြောပါရစေ…ဆရာမ"

"ရှင်…"

မေကြည်ဖြူသည် ရွှင်မြူးနေသော ရဲသွေး၏ မျက်နှာကို နားမလည်ဟန်ဖြင့် တွေတွေလေး ကြည့်လိုက်သည်။

"ဒီလို ဆရာမရဲ့၊ ခုပဲ အန်ကယ် ဖေမြင့်မောင်ဆီကို ကျွန်တော်ဖုန်းဆက်လိုက်တယ်၊ ဆရာမကို ဟုမ်းကေ့(စ်) ခေါ်သွားဖို့လေ၊ အဟင်း… ခွင့်ရပြီဗျ၊ ဆရာမကို ကျွန်တော့်အိမ်ကို ခေါ်သွားနိုင်ပြီ၊ ဆရာမ လိုက်ခဲ့ပါနော်…"

"ဟုတ်ကဲ့…ဆရာကြီး ခွင့်ပြုတယ်ဆိုရင် ဝမ်းသာစရာပေါ့ရှင်၊ ကဲ… ဆေးသောက်ချိန် နော်ကျသွားမယ်၊ သောက်လိုက်ပါဦးနော်"

မေကြည်ဖြူသည် ဆေးခွက်ထဲမှ ဆေးများကို ရဲသွေး၏ လက်ထဲ ထည့်ပေးလိုက်သည်။

Scanned by CamScanner

ရဲသွေးက လျှင်မြန်စွာယူ၍ သောက်လိုက်သည်။

"ဟယ်... ကိုရဲသွေး၊ ဖြည်းဖြည်းလုပ်လေ ရှင် ခွဲစိတ်မှုခံယူထားတာ ဆယ်ရက်ပဲရှိသေးတယ်"

"ကျွန်တော် သိပါတယ်၊ ကျွန်တော် တော်တော့်ကို နေကောင်းနေပါပြီ၊ ဒီညတော့ ကျွန်တော် ဆရာမကြီး ဒေါ်ခင်ညွန့်နဲ့ပဲနေမယ်၊ ဆရာမ အဆောင်ပြန်ပြီးတော့ အဝတ်စားနဲ့ လိုအပ်တဲ့ အသုံးဆောင်ပစ္စည်းတွေ အဆင်သင့် သွားထည်းထားလိုက်ပါနော်"

"ဒီအတွက် မပူပါနဲ့၊ ကိုရဲသွေးရယ်၊ ဆရာကြီး ဂျူတီဝင်လာရင် ခဏပြန် သိမ်းဆည်းလိုက်ရုံနဲ့ လုံလောက်တယ်၊ နိုက်အော့(ဖ်) ယူစရာ မလိုပါဘူးရှင်"

"ဒါဆိုလည်း ကောင်းတာပေါ့ဗျာ"

"ကဲ...ဘာစားမလဲ၊ ဘာသောက်မလဲ၊ ကျွန်မဘာလုပ်ပေးရမလဲပြော ကိုရဲသွေး"

"ကျွန်တော် အိပ်ခါနီး မှပဲ မိုင်လိုတခွက်သောက်တော့မယ်၊ ဆရာမ ထမင်းစားချင် သွားစားလေ"

"အန်တီညွန့်လာမှပဲ စားတော့မယ်၊ သိပ်မဆာသေးလို့"

မေကြည်ဖြူသည် ရဲသွေး၏ ခုတင်နံဘေးတွင် ရှိသော ထိုင်ခုံလေးတွင် အသာထိုင်လိုက်သည်။

"ဆရာမ ... ကျွန်တော့်ကို ပြုစုရတာ ငြီးငွေ့နေသလား ဟင်"

"အို... မဟုတ်တာရှင်၊ ဘာဖြစ်လို့ ငြီးငွေ့ရမှာလဲ"

"အားလပ်ချိန်မရဘဲ အချိန်ပြည့်လိုလို ဖြစ်နေလို့ပါ၊ ဆရာမတို့ အရွယ်လေးတွေဆိုတာ ကိုယ်ပိုင်လွတ်လပ်ခွင့်ကလေး ရှိချင်ကြမှာပဲ ကျွန်တော်တွေးကြည့်မိတယ်"

Book Sharing

Scanned by CamScanner

"သူများတွေတော့ မပြောတတ်ဘူး၊ ကျွန်မကတော့ အလုပ်လုပ်နေရတာ စိတ်ဝင်စားတယ်၊ ပျော်တယ်၊ အဆောင်ပြန်သွားရင်လည်း စားလိုက်... သောက်လိုက်... ပျင်းရင် ဂဏ္ဍုလေးဖတ်လိုက် လုပ်နေတာပဲ"

"ဆရာမက ဘယ်ဇာတိကလဲဟင်"

"အင်္ဂပူမြို့ကပါ"

"ဆရာမမှာ မွေးချင်းတွေကော ရှိလားဟင်"

"အစ်ကို တယောက်ပဲရှိပါတယ်၊ သူက အိမ်ထောင်သည်လေ၊ အဖေနဲ့ အတူနေတယ်၊ ကျွန်မမေမေ ဆုံးသွားတာတော့ နှစ်နှစ်လောက်ပဲရှိပါသေးတယ်၊

"ဆရာမကမှ အစ်ကိုနဲ့ အဖေရှိသေးတယ်၊ ကျွန်တော်ကတော့ဗျာ"

ရဲသွေးသည် ဝမ်းနည်းလာဟန်ဖြင့် အသံကလေး တိမ်ဝင်သွား၏။

"လောကဓံကို ခံနိုင်ရည်ရှိအောင် ကြိုးစားပါ ကိုရဲသွေးရယ်၊ မေကြည်နဲ့ မေကြည့်မေမေလည်း တယောက်ကိုတယောက် သိပ်ချစ်တာပေါ့၊ ဒါပေမယ့် ကံတရားကို မလွန်ဆန်နိုင်ဘူးလေ၊ မေကြည်က မိန်းမသားတယောက်ပါ၊ ဘဝကို ကြံ့ကြံ့ခံနိုင်တဲ့စိတ်အမြဲမွေးတယ်၊ မေကြည့်ထက်စာရင် ကိုရဲသွေးက တော်ပါသေးတယ်ရှင်"

"အေးဗျာ ...မေကြည့်စိတ်ဓာတ်ကို အားကျမိပါတယ်၊ ဒီလို စိတ်ဓာတ်မျိုးလည်းကြိုးစာဒ ပြီးမွေးရမှာပါ"

"သိပ် ဟုတ်တာပေါ့ရှင်၊ ခုလိုကြားရတာ မေကြည် ဝမ်းသာပါတယ်"

"မေကြည်ဖြူရေ...တို့နောက်မကျပါဘူးနော်"

ဝပ်ခန်းထဲသို့ ဝင်လာသော သူနာပြုဆရာမကြီးက ပြောလိုက်သည်။

"နောက်မကျပါဘူး အန်တီညွှန့်ရယ်၊ အန်တီညွှန့်လာရတဲ့ ခရီးက ပဲခူးနဲ့

Scanned by CamScanner

ပုဂံ ဒီလောက်တော့ ရှိမှာပေါ့"

"အန်တီညွန့် တူမလေးက သိပ်ချစ်ရာကောင်းတာပဲကွယ်၊ နှုတ်ကလေးကလည်းချိုတယ်၊ မျက်နှာလေးကလည်း အမြဲတမ်း ကြည်လင်လန်းဆန်းနေတာပဲ"

ဆရာမလေး မေကြည်ဖြူ၏ ပါးလေးနှစ်ဖက်ကို အသာညှစ်ပြီး ညစောင့်ဆရာမဒေါ်ခင်ညွန့်သည် သူ့ခေါင်းပေါ်တွင် သူနာပြုခေါင်းဆောင်းလေးကို တပ်ဆင်လိုက်သည်။

"ဒီနေ့ တို့ ရွှေမင်းသားလေးလည်း ပိုပြီး ကြည့်ကောင်းနေသလိုပဲ၊ မနက်ဖြန်အိမ်ပြန်ရတော့မှာမို့ တူပါရဲ့"

"အဟင်း..."

ရဲသွေးက ညစောင့်ဆရာမကို ရယ်ပြီး ကြည့်နေ၏။

"ကဲ... မေကြည်လေး ဘာလုပ်ချင်လဲ၊ သွားတော့လေ အဖျားတွေဘာတွေ တိုင်းပြီးပြီ မဟုတ်လား"

"တိုင်းပြီးပြီ၊ ဆေးလည်းတိုက်ပြီးပြီ၊ မေကြည် ခဏ အဆောင်ပြန်လိုက်ဦးမယ်"

"အေး...သွား...သွား"

မေကြည်ဖြူသည် သူ့ကလူနာထံ တချက်ပြုံးပြုံးလေးကြည့်ပြီး လူနာခန်းအတွင်းမှ ထွက်ခွာလာခဲ့သည်။

*

အဆောင်ပြန်ရောက်တော့ အခန်းဖော် သူနာပြုဆရာမလေး ထွေးထွေးတင်ရှိမနေပါချေ။

Scanned by CamScanner

"အင်း ထွေးကတော့ကိုမျိုးဝင်းနဲ့ ရုပ်ရှင်ရုံပဲရောက်နေပြီလားမသိဘူး ၊ ငါနဲ့မောင်ကတော့ အပျက်ပျက်နဲ့ နှာခေါင်းသွေးပျက်မယ့်ကိန်း ဆိုက်နေပြီလားမသိတော့ပါဘူး ၊ မောင်က ငါ့အတွက် မစဉ်းစားပေးဘူး၊ သူ့သဘောသူ့ဆန္ဒ တခုတည်းကိုပဲ အမြဲရှေ့တန်းတင်တယ်၊ ခုကိစ္စမှာတော့ မောင့်အလိုကို မကြည် မလိုက်နိုင်တာ ခွင့်လွှတ်ပါ မောင်ရယ်၊ ဒီတာဝန်ပြီးဆုံးရင်တော့ မကြည် မောင်ကို ဆက်သွယ်မှာပါ"

မကြည်ဖြူသည် သူ့ခုတင်ဘေးက မှန်တင်ခုံပေါ်တင်ထားသော သူချစ်သူ မြင့်ဇော်အောင်ပုံကလေးကို အသာရင်ခွင်တွင် ကပ်ထားပြီး အချိန်အတန်ကြာအောင် မျက်လုံးများကို မှိတ်ထားမိနေလိုက်မိသည်။

မကြာခင်မှာပဲ သူ့တာဝန်ဝတ္တရားများကို သတိရလာကာ လက်ထဲမှ ဓာတ်ပုံလေးကို ချထားပြီး ခရီးဆောင်အိတ်တလုံးတွင် သူ့အဝတ်စားနဲ့ အသုံးအဆောင် ပစ္စည်းများ ထည့်သွင်းလိုက်သည်။အားလုံးစုစည်းသိမ်းပြီးသည့် အခါတွင်မှ ခရီးဆောင်အိတ်၏ ရှေ့ဇစ်ကို ဖွင့်၍ သူ့ချစ်သူ ဓာတ်ပုံလေး ထည့်လိုက်သည်။

မတတ်သာလို့ ခွဲခွာနေရပေမယ့် မေကြည့်အသည်းနှလုံးထဲမှာ မောင်အမြဲရှိနေမှာပါ မောင်ရယ်

မကြည်ဖြူသည် သူ့ခရီးဆောင်အိတ်ကို ဆွဲယူပြီး အဆောင်ခန်းအတွင်းမှ ဖြည်းညင်းစွာ လျှောက်သွားသည်။

*

ရဲသွေးတယောက် ခုတင်ပေါ်တွင် အိပ်ပျော်နေသည်ကို တွေ့သောအခါ မကြည်ဖြူသည် တံခါးကို အသာလေးဟပြီး အခန်းထဲ ဝင်လိုက်သည်။

"ခုပဲ အိပ်ပျော်သွားတာ"

Scanned by CamScanner

ညစောင့်ဆရာမ ဒေါ်ခင်ညွန့်က မေကြည်ဖြူကို လေသံအုပ်အုပ်လေးနဲ့ ပြောလိုက်သည်။

မေကြည်ဖြူသည် သူ့လက်ထဲမှ ခရီးဆောင်အိတ်ကလေးကို အသာချထားခဲ့ပြီး ဆရာမဒေါ်ခင်ညွန့်နဲ့ အတူ ရဲသွေးခုတင်နဲ့ အဝေးဆုံးဖြစ်သော နေရာတွင် သွားထိုင်လိုက်သည်။

"သမီးက အဂိုးတောင်း ကြက်ခြေနီသုပ် သုပ်ပေးလိုက်တယ်"

"အားကောင်းတာပေါ့"

"ရခိုင်ကချွေးမ ပို့ပေးလိုက်တဲ့ ငါးမုန့်ကြော် ကြွပ်ကြွပ် ကလေးလည်းပါသေးတယ်နော်"

"စုံလှချည်လား"

"ဒီနေ့ မေကြည် အန်တီညွန့်ရဲ့ ဂျူတီ နောက်ဆုံးနေ့လေ၊ အမှတ်တရ ဖြစ်သွားအောင် လို့ပေါ့"

မေကြည်ကလည်း အမှတ်တရအဖြစ် အန်တီညွန့်ကြီးကို ကျွေးဖို့ စီစဉ်ထားပါတယ်နော်

"ဟယ် ဟုတ်လား၊ ဘာတွေလဲဟင်"

"မြိတ်ကတ်ကြေးကိုက်လေ ထွေးအပြင်က ပြန်လာရင် ပြန်လာလိမ့်မယ်"

"အန်တီညွန့်တူမလေးက ချစ်ဖို့ကောင်းလိုက်တာ"

ဒေါ်ခင်ညွန့်က မေကြည်ဖြူ ပါးလေးကို မနာအောင် လှမ်းလိမ်လိုက်သည်။

နှစ်ယောက်သား တိုးတိုးနဲ့ စကားတွေ ကောင်းနေကြစဉ် ရဲသွေး

Scanned by CamScanner

အိပ်ပျော်နေရာမှ နိုးလာ၏

မကြည်ဖြူသည် ထိုင်နေရာမှ အပြေးကလေး ရဲသွေးခုတင်ဘေး ချည်းကပ်သွားလိုက်သည်။

"အဟင်း ကိုယ်တော်တော် အိပ်ပျော်သွားတာလား"

"အင်း ... တနာရီလောက်တော့ အိပ်ပျော်သွားတယ်၊ အိပ်လိုက်ရတော့ အားမရှိသွားဘူးလား"

ရဲသွေးက ခေါင်းညိတ်ပြလိုက်သည်။

"မောင်ရဲသွေးရေ ဟုမ်းကေ့စ် လိုက်မယ့်လူရဲ့ ဝန်စည်စလယ်တွေက အခန်းထဲ ရောက်နေပြီ၊ အန်တီညွန့်က မင်းတို့ နှစ်ယောက်ကို လွမ်းနေတော့မှာပဲ"

"ကျွန်တော့်အိမ်ကို အချိန်မရွေးလာလည်နိုင်ပါတယ်၊ ကျွန်တော့် ဖုန်းနဲ့ လိပ်စာကတ်ကို ပေးခဲ့ပါ့မယ်"

"တကယ်လာလည်မှာနော်"

"လာပါ...လာပါ လာမယ့်နေ့ ကြိုဆက်ထား၊ ကျွန်တော် အန်တီညွန့်ကို ဆပ်ပလိုင်းလုပ်ဖို့ ရှယ်ပွဲတွေနဲ့ ကြိုနေမယ်"

"ကြားရတာ နဲ့တင် သွားရေတွေ ယိုကုန်ပါပြီဟယ်"

သုံးဦးသားရယ်နေကြစဉ် သူနာပြုဆရာမလေး ထွေးထွေးတင်သည် ကြွပ်ကြွပ်အိတ်လေး တလုံးဆွဲ၍ အခန်းထဲ ရောက်ရှိလာသည်။

"ဘာတွေ သဘောကျနေကြတာလဲဟင်"

"ဒီမှာလေ ...ထွေးထွေးရဲ့ ၊ မောင်ရဲသွေးက အန်တီညွန့် သူ့အိမ်လာလည်တဲ့အခါကျရင် ရှယ်ပွဲတွေ လုပ်ထားမယ်ဆိုလို့ အန်တီညွန့် သွားရေတွေတောင်ကျလာတယ်၊ အဟင်း...ဟင်း...ဟင်း"

Book Sharing

Scanned by CamScanner

"ကိုရဲသွေး ညွှန့်မြောင်ပါရင်ကော လက်ခံမှာလားဟင်"

"အား...သိပ်လက်ခံတာပေါ့ဗျာ"

"တကယ် ဖိတ်တာကို မလာရင်တော့ စိတ်ဆိုးမှာနော်၊ ကဲ... ထွေးကို ခွင့်ပြုပါဦး လူနာတယောက် ရှုဆေးမှာထားတာ သွားပို့လိုက်ဦးမယ်"

"ထွေး မေကြည့်ဆီကို ဖုန်းဆက်နော်"

"ဆက်မယ်...မေကြည် ဆက်မယ်"

မေကြည်ဖြူသည် ထွေးထွေးတင်ကို တံခါးပေါက်အထိ လိုက်လံပို့ဆောင်ပေးလိုက်သည်။

"အင်း... မနက်ဖြန်ဆို ငါ အလုပ်သက်တမ်းတလျှောက်မှာ ပထမဆုံး ဟုမ်းကော့စ် လိုက်ရခြင်းပဲ၊ ထွေးနဲ့တော့ တလကိုးသီတင်း တွေ့ချင်မှ တွေ့ရတော့မယ်"

လေးတွဲစွာ ခေါင်းလေးကို ယမ်းပြီး အခန်းတံခါးကို မေကြည်ဖြူ ပိတ်လိုက်သည်။

"ဟို ဆရာမလေးက ဘာတွေ ဝယ်လာတာလဲ ဆရာမ မေကြည်ဖြူ"

"မြိတ်ကတ်ကြေးကိုက်ကြော်ပါ ကိုရဲသွေး ၊ အန်တီညွှန့်နဲ့ ဆင်းရတဲ့ ဂျူတီက နောက်ဆုံးဆိုတော့ နှုတ်ဆက်ပွဲစားမလိုလေ၊ ကိုရဲသွေးကော စားမလားဟင်"

"မစားပါဘူးဗျာ၊ ကိုယ်နဲ့မတည့်တာကိုများ ဝတ်ကျေတမ်းကျေ စားမလားမေးနေသေး တယ်၊ အဟင်း...ဟင်း...ဟင်း"

မေကြည်ဖြူနဲ့ ဆရာမဒေါ်ခင်ညွှန့်တို့ ရယ်မောရင်း သူတို့ စားသောက်ဖွယ်ရာများ ရှိရာထွက်သွားကြသည်။

*

Scanned by CamScanner

# အခန်း(၆)

ကြီးမားနိုင်ခံ့သော ဝင်းတံခါးကြီးရှေ့တွင် ကားရပ်လိုက်သည်နှင့် စက်ခလုတ် တပ်ဆင်ထားသော တံခါးကြီးသည် အလိုအလျောက် ပွင့်သွားပါ၏။ ထိုအခါတွင် ခေတ်မီ ခမ်းနားသော နှစ်ထပ်တိုက်ဖြူဖြူကြီးကို သူနာပြုဆရာမ မေကြည်ဖြူ လှမ်း၍ တွေ့မြင်လိုက်ရသည်။

ရေကူးကန်၊ ပန်းအလှပင်များ၊ မြက်ခင်းစိမ်းစိမ်းများ၊ ရေပန်းများ၊ လျှပ်စစ်မီးများဖြင့် တန်ဆာဆင်ထားသော အေးရိပ်ငြိမ် ခြံဝင်းကြီး၏ အလှသည် မေကြည်ဖြူ၏ စိတ်ကို ကြည်နူးချမ်းမြေ့ သွားစေခဲ့ပါသည်။

"အိမ်ကြီးနဲ့ ခြံဝင်းကြီးက သိပ်လှတာပဲနော်"

"ဟုတ်တယ်၊ ကိုယ်က ကိုယ်တို့ရဲ့ ဒီအေးရိပ်ငြိမ်အိမ်ကြီးကို ဘယ်တော့မှ ပြန်မရောက်နိုင်တော့ဘူး မှတ်နေတာ"

"သြော်... စိတ်လျှော့လှချည်လား ကိုရဲသွေးရယ်၊ အခု ကိုရဲသွေးထင်သလို မဟုတ်တာ တွေ့နေရပြီ မဟုတ်လား၊ ဆန်းသစ်နေတဲ့ ဆေးပညာတွေ အရမ်းတိုးတက်နေတာ ကိုရဲသွေး လက်တွေ့ပဲ မဟုတ်လား"

"မေကြည် အားပေးတာ သိပ်ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် တော့ ရာနှုန်းပြည့် စိတ်မချသေးပါဘူးဗျာ"

"ကိုရဲသွေးရယ် ... ခုလောက်ကြီးတောင် ကောင်းလာပြီပဲ၊ စိတ်ကို တင်းထားစမ်းပါ၊ စိတ်သာရှင်စေ ဘုရားဟောတဲ့၊ ကိုရဲသွေး ကြားဖူးမှာပါ..."

"မေကြည်က သိပ်အားပေးတတ်တာပဲ၊ အင်း... ဒီအားပေးစကားတွေကြောင့် ခုလောက်ကျွန်တော်ခံနိုင်ရည် ရှိလာတာ ဖြစ်မှာပါ"

"ကိုရဲ.."

အေးရိပ်ငြိမ် ဆင်ဝင်အောက်သို့ ကားဆိုက်ကပ်လိုက်သည်နှင့်

Scanned by CamScanner

လေ့ကားပေါ်မှ အမျိုးသမီးတဦး ဝမ်းသာအားရ မျက်နှာဖြင့် ဆင်းလာ၏ ။

"ဒေါ်မိုး... ကျွန်တော်မှာထားတာတွေ အားလုံး လုပ်ထားတယ်နော်"

"လုပ်ထားပါတယ် ကိုရဲရယ်၊ ဆရာမလေး မေကြည်ဆိုတာ သူလား"

"ဟုတ်ပါတယ် ဒေါ်မိုး"

"ဆရာမလေးက ချစ်စရာ ကောင်းလိုက်တာကွယ်"

မေကြည်ဖြူ မျက်နှာကလေး မထားတတ်အောင် ရှက်သွားရ၏ ။

ရှက်၍ လှနေသော မေကြည်ဖြူ မျက်နှာကလေးကို စောင်းငဲ့ကြည့်ကာ ရဲသွေး၏ မျက်နှာက ပြုံး၍ နေသည်။

ယာဉ်မောင်းကြီး ဦးအောင်နှင့်မေကြည်သည် ရဲသွေးကို တဖက်စီတွဲကာ အေးရိပ်ငြိမ် ဧည့်ခန်းသို့ ခေါ်ဆောင်လာခဲ့ကြသည်။

အဖိုးတန် ပန်းချီကားများ၊ အလှဆင်ပစ္စည်းများ၊ ပန်းပု ပရိဘောဂများနဲ့ တန်ဆာဆင်ထားသော အေးရိပ်ငြိမ်၏ ဧည့်ခန်းကြီးမှာ ရှုမငြီးစရာ ဖြစ်သည်ကို မေကြည်ဖြူ တွေ့ရပြန်သည်။

"အင်း...ခန်းနားကြီးကျယ်ပြီး အရမ်းကို လှနေတာပဲ၊ ငါတို့နေရတဲ့ အခြေအနေနဲ့ ဘာမှမဆိုင်ဘူး၊ ဒီလိုပြည့်စုံကြွယ်ဝပေမယ့်လည်း စိတ်ချမ်းသာမှုကို အပြည့်အဝ မရကြပါလား၊ ကံကြမ္မာ လှည့်စားချက်တွေက တယ်ကြောက်စရာ ကောင်းလှပါလား"

မေကြည်ဖြူသည် ဧည့်ခန်း၏ အပြင်အဆင်လေးကို လှည့်လာသုံးသပ်ကြည့်ရင်း တနေရာအရောက်တွင် ရွှေရောင်ကနုတ်ပန်းဘောင်ကြီးများဖြင့် ထည့်၍ ချိတ်ဆွဲထားသော ဓာတ်ပုံကြီးလေးပုံကို တွေ့ရသည်။

ဘယ်ဘက်မှစရေတွက်လျှင် အရှေ့ဆုံးပုံသည် အသားဖြူဖြူနဲ့

Scanned by CamScanner

ဥပဓိရုပ်ကောင်းသော အမျိုးသားတဦး၏ ပုံ၊ ဒုတိယပုံသည် အသက်ငါးဆယ်ကျော်ခန့်ချောချော အမျိုးသမီးတဦး၏ ပုံ၊

တတိယပုံသည် သူဘေးတွင်ရပ်နေဆဲဖြစ်သော ရဲသွေး၏ ပုံ၊ စတုတ္ထပုံသည် အသက်နှစ်ဆယ်ခန့် ဂုံဦးမည်ဖြစ်သော အလွန်ချောမောလှပသည့် မိန်းကလေးတဦး၏ ပုံ…။

"ဒါ သူ့အဖေအမေတွေနဲ့ နိုင်ငံခြားမှာ ဆုံးသွားရှာတဲ့ သူချစ်သူရဲ့ ပုံလားမသိဘူး"

"အဟင်း… ဆရာမက ဓာတ်ပုံတွေကို စိတ်ဝင်စားသွားတယ် နဲ့တူတယ်"

"အဟော … ဆောရီးပဲနော် ကိုရဲ၊ အိမ်ကြီးရဲ့ ခမ်းနားတဲ့ ပြင်ဆင်မှုတွေကို ကြည့်ရင်း ဒီဓာတ်ပုံတွေကို တွေ့ပြီးစိတ်ဝင်စားသွားတာပါ"

"ဒါ ကိုယ့်ဖေဖေ မေမေနဲ့ ကလေးရဲ့ ပုံပါ"

"ရှင်…"

"ဩော် … ကိုယ်စကားပြောတာ လောသွားတယ်၊ ကလေးဆိုတာ ကိုယ်ချစ်စနိုးခေါ်တဲ့ ညီမလေးပါ၊ သူ့နာမည်က ရွှေစင်ဦးတဲ့"

ရဲသွေးက ရွှေစင်ဦးမည်သော မိန်းကလေး၏ ဓာတ်ပုံအနီးလျှောက်သွားပြီး ဆွေးမြေ့နေဟန်ရှိသည့် မျက်ဝန်းများဖြင့်ကြည့်လိုက်သည်ကို မေကြည်ဖြူ သတိပြုလိုက်မိသည်။

"ကိုယ့်ဖေဖေနဲ့ ညီမလေးက သိပ်ကံဆိုးကြပါတယ်၊ နိုင်ငံခြားမှာ ကားအက်စီးဒင့် ဖြစ်ပြီး ဆုံးသွားကြတယ်လေ"

စားဖိုမှူးကြီး ဒေါ်မိုးက မေကြည်ဖြူ မျက်နှာတချက်ကြည့်ပြီး ရဲသွေးလက်မောင်းကို အသာကိုင်လိုက်သည်။

Scanned by CamScanner

"လူလေးရယ်၊ ဆေးရုံက အခုပဲဆင်းလာတာ၊ အတွေးတွေ ဟိုရောက်သည်ရောက် ရောက်မသွားပါနဲ့၊ လူလေးအိပ်ခန်းကို ဒေါ်မိုးရှင်းထားတယ်၊ ခဏီးပန်းလာတယ်၊ နားလိုက်ပါလားကွယ်"

"ရပါတယ် ဒေါ်မိုး"

"ဟုတ်တယ် ကိုရဲရဲ ၊ ကားပေါ်ထိုင်စီးလာတာ ဆိုပေမယ့်လည်း ပင်ပန်းတာပဲ၊ ကိုရဲအိပ်ခန်းထဲမှာ ခဏ နားလိုက်ပါနော်"

"အင်း... ဆရာမခေါ်လာပြီး ဆရာမစကားနားမထောင်ဘူးဆိုရင်တော့ သဘာဝမကျဘူးပေါ့နော်၊ ကောင်းပါပြီဗျာ၊ ပြောတဲ့အတိုင်း အိပ်ခန်းထဲမှာ နားလိုက်ပါ့မယ်"

ဒေါ်မိုးနဲ့ ဆရာမလေးမေကြည်ဖြူတို့က ရဲသွေးကို တွဲ၍ သူ၏ အိပ်ခန်းဆီ ခေါ်ဆောင်လာခဲ့သည်။

ရှင်ဘုရင့်ပုဆိုး ပိုးချည်းပဲမို့ ရဲသွေး၏ အိပ်ခန်းကလည်း ပြောစရာမရှိအောင် ပြည့်စုံလှသည်။

မေကြည်ဖြူသည် ဒေါ်မိုးထုတ်ပေးသော ဝတ်စုံကို ရဲသွေးအား လဲလှယ်ပေးပြီး ခုတင်ပေါ်တွင် လှဲ၍ နားစေလိုက်သည်။

"ကိုရဲ ဘာစားမလဲ၊ ဘာသောက်မလဲဟင်"

"လောလောဆယ် ဘာမှ မစားချင် မသောက်ချင်သေးပါဘူး ဆရာမ"

"ဒါဖြင့် နားလိုက်နော်"

"အင်း... ဒေါ်မိုး ဆရာမအတွက် အခန်းပြင်ထားတယ် မဟုတ်လား"

"ကိုရဲပြောတဲ့ အခန်းထဲမှာပဲ ပြင်ထားပါတယ်"

"ဆရာမကို ပို့ပေးလိုက်ပါ"

Book Sharing

Scanned by CamScanner

"လာ...ဆရာမ"

မေကြည်ဖြူက သူ့ခရီးဆောင်အိတ်ကို ကောက်ဆွဲလိုက်သည်။

"ပေး...ပေး ဒေါ်မိုးသယ်ပေးမယ်"

"အို မဟုတ်တာ၊ မေကြည် ငရဲကြီးနေပါ့မယ်၊ မေကြည်ပဲ သယ်ခဲ့ပါ့မယ်"

"ဒေါ်မိုးလက်ထဲကို မပေးပဲ မေကြည်ဖြူသည် သူ့ခရီးဆောင်အိတ်ကို သူ့ဘာသာသူ ဆွဲယူခဲ့သည်။"

သူ့လူနာ ကိုရဲ၏ အိပ်ခန်းနှင့် တခန်းကျော် အခန်းရှေ့ရောက်လျှင် ဒေါ်မိုးက ပိတ်ထားသောတံခါး လက်ကိုင်ဖုကို လှည့်၍ ဖွင့်လိုက်သည်။

"ဒီအိပ်ခန်းက ရေချိုးခန်း အိမ်သာ တွဲလျက်လေ၊ ဆရာမလေးနေတာ ပိုအဆင်ပြေအောင်လို့ ကိုမိုးက ဒီအိပ်ခန်းပြင်ခိုင်းထားတာ"

"ကျေးဇူးတင်ပါတယ် ဒေါ်မိုး"

"ဆရာမ ပါလာမယ်ဆိုလို့ ဒေါ်မိုးက အသက်ကြီးကြီးထဲက မှတ်တာ၊ ခုတော့ ဆရာမလေးက ငယ်ငယ်လေးရှိသေးတာပဲ၊ လူက လူချောလေးတော့"

မေကြည်ဖြူက ရှက်၍ မျက်နှာလေးမထားတတ်အောင် ဖြစ်သွားသည်။

"မရှက်ပါနဲ့ ဆရာမလေးရယ်၊ ဒေါ်မိုးက အရှိကို အရှိတိုင်း ပြောတတ်တဲ့သူပါ၊ ဆရာမလေးကိုလည်း အားကိုးပါတယ်၊ လူလေး စိတ်ရောကိုယ်ရော ချမ်းသာကျန်းမာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စောင့်ရှောက်ပေးပါနော်"

လူလေးဘဝက ဆိုးရှာလွန်းတော့ ဒေါ်လေး သူ... သူ့ကို သိပ်သနားတယ်

မျက်ရည်တွေ ရစ်ဝဲလာသော ဒေါ်မိုး၏ လက်ကလေးကို ကိုင်ကာ မေကြည်ဖြူက နှစ်သိမ့်စကား ပြောလိုက်ပါသည်။

Scanned by CamScanner

"ကိုရဲအတွက် မပူပါနဲ့၊ သူ့ကို မေကြည် အကောင်းဆုံး စောင့်ရှောက်ပြုစုပေးမှာပါရှင်"

"ကျေးဇူးတင်ပါတယ်၊ ဆရာမ ပစ္စည်းတွေ နေရာချနော်၊ ဒေါ်မိုးသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒေါ်မိုး"

မေကြည်ဖြူသည် ဒေါ်မိုး သူ့အိပ်ခန်းထဲက ထွက်သွားသည်နဲ့ တပြိုင်နက် ရေချိုးခန်း၊ အိမ်သာစသည်တို့ကို လေ့လာပြီး သူ့ခရီးဆောင် အိတ်ဖွင့်ကာ ရေမိုးချိုးပြီး အဝတ်စား အသစ်တစုံလဲလှယ်လိုက်သည်။

ပြီးလျှင် ရဲသွေးအတွက် ယူဆောင်လာသော ဆေးဝါးနှင့်ပစ္စည်းများ ထည့်ထားသော အိတ်ယူကာ ရဲသွေးအိပ်ခန်းဆီ ပြန်လာခဲ့သည်။

ရဲသွေးသည် မျက်လုံးများ မှတ်၍ အိပ်ပျော်နေဟန်ရှိသဖြင့် မေကြည်ဖြူလည်း အိပ်ခန်းတံခါး အသာပြန်စေ့လိုက်ပြီး သူ့အတွက် ထားရှိသော ခုတင်ဘေးက ခုံကလေးတွင် ထိုင်နေလိုက်သည်။

"အင်း…ခုငါက ကြီးကျယ်ခန်းနားတဲ့ အိမ်ကြီးက လူမမာ တဦးရဲ့ အနားမှာ ထိုင်နေတယ်၊ မောင်တော့ ငါ့ကိုကျောခိုင်းပြီး ဘယ်ခရီးကိုများ ဆက်နေပါလိမ့်၊ ခက်တယ်၊ မောင်က တစ္စတ်ထိုးသမား၊ အိမ်ထောင်တခုကို လွယ်လွယ်နဲ့ တည်ဆောက်လို့ရမယ်မှတ်သလားမသိဘူး၊ နှစ်ဦးစလုံးက စစ်ကြည့်ရင် ဘာမှပြည့်စုံကြသေးတာမဟုတ်ဘူး၊ သူစိတ်ပြေတဲ့အထိ သွားချင်ရာသွားပါစေ၊ ငါလွှတ်ထားလိုက်ဦးမယ်"

မေကြည်ဖြူသည် ရှိုက်ထားသော ပင့်သက်အသာချ၍ သူ့လူနာခုတင်သို့ ကြည့်လိုက်သည်တွင် သူ့အားလူနာက အငေးသားကြည့်နေသည်ကို တွေ့လိုက်ရသည်။

Scanned by CamScanner

"ကိုရဲ နိုးနေပြီကိုး"

"ကိုယ် နိုးနေပြီ၊ ဆရာမကို လှမ်းကြည့်နေတာ ကြာပါပြီ၊ ဆရာမ ဒီကို လိုက်လာတာ ပျင်းနေလား မသိဘူး"

"မပျင်းပါဘူးရှင်၊ တာဝန်တခုကို ထမ်းဆောင်ပေးနေရတဲ့အချိန်ဟာ မေကြည့်အတွက် ကျေနပ်မှုအရှိဆုံး အချိန်ပါ"

"ဟုတ်တယ်...ဟုတ်တယ်...ဆရာမကို ကိုယ်သတိထားကြည့်လိုက်တိုင်း အမြဲတမ်း ပြုံးရွှင်လန်းဆန်းနေတာ တွေ့ရတယ်၊ ကိုယ်ကျေနပ်ပါတယ်၊ ဆရာမ ဒီကိုလိုက်လာပြီး တာဝန်ယူရတာ မငြီးငွေ့ဘူးဆိုရင် ကျွန်တော် ကျေနပ်ပါတယ်၊ ဩော်... ဒါနဲ့ ခင်မင်ရင်းနှီးစွာ မေကြည်လို့ ဆရာမကို ခေါ်ရင်ရမလား"

"ရပါတယ်၊ မေကြည်လည်း ရှင့်ကို ကိုရဲလို့ခေါ်မိနေတာပဲ၊ ကဲပြော ဘာလုပ်မလဲ၊ ဘာစားချင်လဲ၊ အချိန်ကတော့ မနက်စာစားဖို့ တန်နေပြီနော်"

"ဒါဆိုလည်း စားမယ်ဗျာ"

မေကြည်ဖြူသည် ပြုံးပြုံးကလေး ခေါင်းတချက်ညိတ်ပြပြီး ရဲသွေးအတွက် စားသောက်ဖွယ်ရာများ ယူဆောင်ဖို့ တံခါးဘက်သို့ ခြေဦးလှည့်လိုက်သည်။

"မေကြည် စားစရာသွားယူမလို့လား"

"ဟုတ်တယ် ကိုရဲ"

"မသွားနဲ့၊ ဒေါ်မိုးလာပို့ပေးလိမ့်မယ်"

ရဲသွေးသည် သူ့ခုတင်ဘေးက ဖုန်းဖြူဖြူလေးကို ကိုင်၍ နှိပ်လိုက်သည်။

"ဒေါ်မိုး ကျွန်တော် ထမင်းစားတော့မယ်"

သူက ပြုံး၍ မေကြည်ဖြူ့ထံကြည့်ပြီး လက်ထဲက ဖုန်းကို ချလိုက်သည်။

Scanned by CamScanner

"ဒါက စားဖိုခန်းနဲ့ ဆက်ထားတဲ့ အင်တာကော လေ၊ ဒေါ်မိုးကို ခေါ်ရင် ဒီဖုန်းနဲ့ ခေါ်လို့ရတယ်"

"ဟုတ်ကဲ့ မေကြည် မှတ်ထားလိုက်ပါ့မယ်"

"မေကြည့်အတွက် ပေးထားတဲ့ အိပ်ခန်းခေါင်းရင်းနံရံမှာလည်း ဒါမျိုးဖုန်းရှိတယ်၊ အိမ်ပေါ်ထပ် ရွှေစင်ဦးအိပ်ခန်းမှာလည်း တလုံးတပ်ထားတယ်၊ တယောက်ကို ခေါ်ချင်ရင် လွယ်အောင်လို့ပေါ့"

"ဩော်... ဟုတ်ကဲ့ပါ"

"ဟော... ဒေါ်မိုးလာပြီ"

မေကြည်ဖြူသည် တံခါးဆီ လျှင်မြန်စွာသွားပြီး တံခါးကို ဝင်သာအောင် ဖွင့်ပေးလိုက်သည်။

"ဒေါ်မိုးအဆင်သင့် လုပ်ထားတာ ကြာလှနေပြီ၊ ကိုရဲအိပ်ပျော်တာတွေ့လို့ လာမမေးသေးတာ"

"ဘာတွေချက်ထားတာလဲ ဒေါ်မိုး၊ ကြက်သားပြုတ်ကြော်ကြီးကော ပါသေးလားဟင်"

မျက်နှာကို ခပ်ရှုံ့ရှုံ့ထား၍ ရဲသွေးက မေးလိုက်သည်တွင် ဒေါ်မိုးသည် စစ်ကူတောင်းဟန်ဖြင့် မေကြည်ဖြူ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"ချုပ်ရိုးတွေ မြန်မြန်ကျက်အောင် စားရတာ ပါ၊ နောက်တရက်နှစ်ရက်ဆိုရင်တော့ ကိုရဲ စားချင်တာ စားလို့ရပါပြီ၊ ဒီနေ့တော့လူမမာစာပဲ စားလိုက်ပါဦးနော်"

မေကြည်ဖြူသည် စားသောက်ဖွယ်ရာများထည့်ထားသော လင်ပန်းကို ရဲသွေးရှေ့တွင် ချပေးလိုက်သည်။

"များများလေးဝင်အောင်စားနော်၊ ပြီးရင် ခံတွင်း ရှင်းသွားအောင်

Scanned by CamScanner

ကိုရဲသောက်ဖို့ မေကြည် သံပရာရည် ကောင်းကောင်းလေးတခွက် ဖျော်ထားတယ်"

"ဆရာမလေးက ဒေါ်မိုးတူလေးကို ကလေးတယောက်လို ချော့နေရပါလား"

"ဒီလိုပဲ... ဒေါ်မိုး၊ ကိုရဲက ငယ်ပါသေးတယ်၊ တခြားလူနာအသက်ကြီးကြီးတွေကို လူနာကြည့်ရရင် ဒီထက်မက ချော့ရပါသေးတယ်...အဟင်း..ဟင်း"

မေကြည်ဖြူသည် ဂုယ်မောရင်း ရဲသွေးအတွက် သံပုရာရည်တခွက် ဖျော်ယူနေ၏ ။

"ဒေါ်မိုး မေကြည့်အတွက်လည်း ထမင်းပွဲ ပြင်ထားဦးနော်"

"စိတ်ချပါ၊ ကိုရဲစားပြီးတာနဲ့ ဆရာမလေးကို ဒေါ်မိုးသေသေချာချာ ကျွေးမွေးပြုစုလိုက်မယ်"

"အထွေအထူး မလုပ်ပါနဲ့ ၊ မေကြည့်အတွက် ဝမ်းပြည့်တယ်ဆို ပြီးတာပဲ"

"ဘယ်ဟုတ်ဦးမလဲ၊ အဆောင်မှာ တာဝန်တဖက်နဲ့ ပြီးပြီးရော စားရတာ မဟုတ်လား၊ ခု... အိမ်ထမင်းအိမ်ဟင်းလေး ဆရာမလေး အဝကြီး စားကိုစားရမယ်၊ ကိုရဲက ဒေါ်မိုးကို အားလုံး ညွှန်ကြားထားပြီးပါပြီ"

မေကြည်ဖြူသည် ရဲသွေးမျက်နှာကို လှမ်းကြည့်လိုက်သည်။

ရဲသွေးက သူ့ကို ချိုမြိန်စွာ ပြုံးကြည့်နေ၏ ။

*

Book Sharing

Scanned by CamScanner

## အခန်း(၇)

မေကြည်ဖြူသည် မဟောဂနီရောင် ကျွန်းစားပွဲကြီးပေါ်တွင် တည်ခင်းထားသော ဟင်းလျာများကိုကြည့်ပြီး စားပွဲထိပ်တွင် ရှိနေသော ဒေါ်မိုးကိုကြည့်လိုက်သည်။

"ဟင်းတွေ များလိုက်တာဒေါ်မိုးရယ်၊ မေကြည့်အတွက် တမည်ကောင်းဆို တော်ပါပြီ၊ သူ့ဘာပဲပြောပြောနောက်အများကြီး မချက်နဲ့နော်"

"အင်း…အင်း… ဒီနေ့တော့ သုံးဆောင်လိုက်ပါနော်"

"ဒေါ်မိုးလည်းစားလေ"

"ဒေါ်မိုးက မနက်က ထမင်းကြော်စားထားလို့ နောက်မှပဲ ကိုဆောင်နဲ့ တူတူစားတော့မယ် ခု အဝတ်လေးတွေ သွားလှန်းလိုက်ဦးမယ်နော် "

"ဟုတ်ကဲ့…"

မေကြည်ဖြူသည် ထမင်းစားပွဲတွင် ထိုင်ပြီး မနက်စာကို စားသောက်လိုက်သည်။

ထမင်းစားပြီးချိန်တွင် ဒေါ်မိုးက အချိုတည်းစရာ လာချပေးပြန်သည်။

မေကြည်ဖြူသည် ရှောက်ချိုသီးလေး သုံးလေးစိတ်စားပြီး ရဲသွေးအိပ်ခန်းဆီ ပြန်လာခဲ့သည်။

"ဟင် မြန်လှချည်လား၊ စားမကောင်းဘူးလားဟင် မေကြည်"

"သိပ်ကောင်းပါတယ်၊ အလုပ်တဖက်နဲ့ တသုတ်ရိုက်စားရတာ အကျင့်ပါနေတော့ နည်းနည်းမြန်သွားတယ်"

"ကိုယ့်ကို တာဝန်ကြီးတခုလို ခေါင်းထဲမှာ မထားပါနဲ့ဗျာ၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး အေးအေးဆေးဆေး နေပါစားပါ"

Scanned by CamScanner

"ဟုတ်ကဲ့ ကိုရဲ၊ သံပရာရည်သောက်ပြီးပြီလား"

"အင်း..."

"နည်းနည်းလမ်းလျှောက်မလား"

"လျှောက်ချင်တယ်"

"အိမ်ထဲမှာပဲ ခဏလျှောက်ကြတာပေါ့"

မေကြည်ဖြူသည် ရဲသွေးကို အသာလေး ဖေးမတွဲထူကာ အိပ်ခန်းအပြင်ဘက် ခေါ်ဆောင်လာခဲ့သည်။

"ဒီအိမ်ကြီးက တကယ့်ကို အကြီးကြီးပဲနော်၊ ဆောက်ထားတာလည်း သိပ်ကြာပုံမရသေးဘူး"

"ဟုတ်တယ်မေကြည်၊ ဆောက်ထားတာ မကြာသေးဘူး၊ ညီမလေး ရွှေစင်ဦး နိုင်ငံခြားက ပို့ပေးတဲ့ အိမ်ပုံစံကြည့်ပြီး ကိုယ့်ဖေဖေက အကောင်းဆုံးဗိသုကာ တွေနဲ့ တိုင်ပင်ပြီး ဆောက်ထားတာ"

"အပေါ်ထပ်မှာ လည်းအိပ်ခန်းတွေ များမှပဲနော်"

"အိပ်ခန်းသုံးခန်း၊ ဘုရားခန်းနဲ့ နားနေခန်းတခုရှိတယ်၊ အပေါ်ထပ်တခုလုံးကို သူ့သမီးလေးအတွက် ဖေဖေ ရှယ်လုပ်ထားတာ၊ နောက်တော့ ဒေါ်မိုးကို လိုက်ပြခိုင်းလေ"

"အို...ရပါတယ်၊နေပါစေ...ကိုရဲ"

"စိတ်အေးချမ်းသာ ဘုရားလည်း ဝတ်ပြုရအောင်လို့ပါ"

"သြော်...ဟုတ်ကဲ့ ဘုရားရှိခိုးချိန်ကျရင်တော့ မေကြည်သွားလိုက်ပါ့မယ်"

"ထိုင်လေ မေကြည်"

Scanned by CamScanner

"ဟုတ်ကဲ့"

မိုးတိုးမတ်တပ်လေး ဂုပ်နေသော မေကြည်သည် ရဲသွေးနဲ့ မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ပါသည်။

"မိသားစု ပြည့်ပြည့်စုံစုံနဲ့ အိမ်ကြီးက ပျော်စရာ သိပ်ကောင်းမှာပါ၊ ခုတော့ ကိုယ်လို တကောင်ကြွက်ရောဂါသည်အတွက်တော့"

"သြော်...ကိုရဲရယ် ဒီစိတ်လျှော့တဲ့ စကားတွေ မပြောပါနဲ့၊ မေကြည့်ခံယူချက်ကတော့ အသက်ရှင်နေသရွေ့ မျှော်လင့်ချက်ရည်ရွယ်ချက်တွေ ရှိကိုရှိရမယ်၊ ကိုယ့်ကံတရားကို ကြိုမြင်ရတာ မှ မဟုတ်ပဲ၊ တနေ့ ဒီအိမ်ကြီးထဲမှာ ကိုရဲမိသားစု သိုက်သိုက်ဝန်းဝန်း မနေရဘူးလို့ ဘယ်သူပြောနိုင်လဲ"

"ခုလိုအားပေးစကားပြောတာ မေကြည့်ကို ကျေးဇူးတင်ပါတယ်ဗျာ ၊ ကိုယ်ကတော့ ကိုယ့်ဘဝကံကြမ္မာဖျက်ဆီးလိုက်တာကို ရေရေလည်လည် ခံစားလိုက်ရလို့ ရှေ့ဆက်မယ့် ခရီးတခုလုံးကို တွေးလန့်နေတယ်၊ မေကြည်စဉ်းစားကြည့်လေ၊ ကိုယ့်အချစ်ဆုံးဖေဖေနဲ့ ကိုယ့်ဘဝတသက်တာ လက်တွဲရမယ့် မိန်းကလေးကို တချိန်တည်း ကိုယ့်ဘဝထဲကနေ ရက်ရက်စက်စက် ဆွဲထုတ်တာ ခံလိုက်ရတယ်၊ အဖြစ်ကဆိုးလွန်းပါတယ်ဗျာ"

မေကြည်ဖြူသည် ထိုင်နေရာမှထ၍ ရဲသွေးပုခုံးကို ကိုင်ကာ နှစ်သိမ့်မိလိုက်သည်။ နှုတ်ကတော့ နှစ်သိမ့်စကား ပြောရအောင် ရှာမရနိုင်ဘဲ ဖြစ်နေသည်။

ရဲသွေးသည် သူ့ပုခုံးပေါ်တွင် ရှိနေသော မေကြည့်လက်ပေါ်တွင်သူ့လက်ကို အသာတင်လိုက်ပြီး လျော့ရဲရဲ အပြုံးဖြင့် ကြည့်နေသည်။

"ဆောရီးပဲ မေကြည်၊ ကိုယ့်ဝေဒနာတွေ မေကြည့်ကို ကူးစက်သွားပြီ၊ စိတ်မကောင်းပါဘူးဗျာ"

Scanned by CamScanner

“ကိုရဲ ရင်ထဲမှာ ပေါ့သွားမယ်၊ ခံသာသွားမယ်ဆိုရင် မေကြည်လည်း မျှဝေခံစားပေးပါ့မယ်၊ ဝေဒနာပေါ်ဝေဒနာဆင့်စရာ ဖြစ်မယ်ဆိုရင်တော့ စိတ်ကို လျှော့ထားပြီး တခြားဘဝ အကြောင်းရာတွေ ပြောကြရအောင်နော်… ကိုရဲ”

“ဟုတ်ပါတယ် မေကြည်၊ ပြောတာဟုတ်ပါတယ်၊ ပြီးခဲ့တာတွေ အတိတ်မှာ ထားတတ်အောင် ကိုယ်ကြိုးစားတော့မယ်၊ မေကြည် ကိုယ့်ကို သံပုရာရည်လေးတခွက်လောက် ထပ်ဖျော်ပေးပါဦးနော်”

“ရမယ်… ကိုရဲ၊ ရမယ်”

မေကြည်ဖြူသည် ရဲသွေးအိပ်ခန်းဆီသို့ လျှင်မြန်စွာဝင်ရောက်ပျောက်ကွယ်သွားသည်။

ရဲသွေးသည် မေကြည်ဖြူ ဝင်ရောက်သွားသော အိပ်ခန်းကိုကြည့်ပြီး သူ့ရင်ဘတ်ကို လက်တဖက်ဖြင့် ဖိထားလိုက်သည်။

သူ့ကရင်ခုန်သံကို သူ့နားနဲ့ ဆက်ဆက်ကြားနေရပါသည်။

ရဲသွေးတွင် အဖြေရှာရမည့် ပုစ္ဆာတပုဒ် ပေါ်ထွန်းနေပြီတည်း။

*

Scanned by CamScanner

အခန်း(၈)

အေးရိပ်ငြိမ်တွင် မေကြည်ဖြူသည် တနေ့ထက်တနေ့ အိမ်သားတယောက်လိုဖြစ်၍ လာသည်။

ရဲသွေးကို ကြည့်ရှုပြီး ပိုသောအချိန်များတွင် သူသည်ဒေါ်မိုး အလုပ်များကိုဝင်ကူခြင်း၊ အိမ်ကို လှလှပပ သန့်ရှင်းအောင် ထားရှိခြင်းကြောင့် အေးရိပ်ငြိမ်သည် သာယာစိုပြေလှပနေသည်။ သူထင်ထားမိသလို အေးရိပ်ငြိမ်သည် စိတ်ချောက်ချားစရာ မဟုတ်ဘဲ နေချင်စဖွယ် ဖြစ်နေသည်ကို တွေ့ရသောအခါ ရဲသွေးသည် ကျေနပ်မဆုံးဖြစ်နေသည်။

ဘာလိုလိုနဲ့ သူဆေးရုံက ဆင်းခဲ့သည်မှာ တလတင်းတင်း ကျော်ခဲ့ပြီ ဖြစ်သည်။

ရဲသွေးသည် ရေကူးခန်ရှေ့တွင် နေပူဆာခံရင်း ရေကန်စပ်တွင် ထိုင်ကာ ဖွန်ပန်းတွေ သိနေသော ဆရာမလေး မေကြည်ဖြူကို ကြည့်နေသည်။

မေကြည်ဖြူသည် သူလုပ်နေသော အလုပ်တွင် စိတ်ဝင်စား၍ အာရုံနစ်နေသည်။

"အင်း... ဆရာမလေး မေကြည်ဖြူက တကယ့်ကို ပျိုမျစ်နုနယ်တာပဲ၊ ယှဉ်ကြည့်လိုက်ရင် ရွှေစင့်ထက်တောင် နုပြီး လှနေသေးတယ်၊ ဒါပေမယ့် ရွှေစင့်အလှကြောင့် ငါ့ရင်ထဲ လှုပ်ရှားရတာ တချိန်တခါမှ မရှိခဲ့ဘူး၊ မေကြည် မေကြည်နဲ့ကျတော့..."

ရဲသွေးသည် လွင့်သွားသော သူ့စိတ်ကို ရုတ်တရက် ဖတ်ကြိုးသတ်လိုက်သည်။

"အင်း... ငါ့အတွေးတွေကို ဒီနေရာမှာပဲ ဖြတ်တောက်ထားတာ ကောင်းပါတယ်"

Book Sharing

Scanned by CamScanner

ရဲသွေးသည် မေကြည်ဖြူထံမှ မျက်နှာလွှဲ၍ ရောင်စုံပန်းခင်းများဆီ လှမ်းကြည့်နေလိုက်သည်။

"ပြီးပြီ… ဘုရားသွားတင်လိုက်ဦးမယ်"

မေကြည်သည် အပ်နှင့်အပ်ချည်ကို သိမ်းပြီး ပန်းကုံးလေးများ ထည့်ထားသော လင်ပန်းလေးကိုင်ကာ ထိုင်နေရာမှ ထရပ်လိုက်သည်။

"ကိုရဲ၊ ဒီမှာ ထိုင်နေဦးမယ် မဟုတ်လား၊ မေကြည် ပန်းကုံးလေးတွေ ဘုရားသွားတင်မလို့"

"တင်ပါ တင်ပါ၊ ကိုယ်ဒီမှာထိုင်နေဦးမယ်"

"ခဏနော်"

မေကြည်ဖြူသည် အိမ်ကြီးဆီသို့ အပြေးကလေး ထွက်ခဲ့သည်။

သူ ဘုရားခန်းတက်ရန် လှေကားဆီအရောက်တွင် ထမင်းစားခန်းမှ ဒေါ်မိုးထွက်လာသည်။ သူ့လက်တွင် စာအိတ်ရှည်တလုံး ကိုင်ဆောင်ထားနေသည်။

"မေကြည်ရေ အတော်ပဲ၊ ဒီမှာ မေကြည့်အတွက် စာတစောင် ဈေးသွားခါနီး လူတယောက် လာပို့သွားတာ"

"ဟင်…မေကြည့်အတွက်…စာ"

မေကြည်ဖြူက တအံ့တသြ ဖြစ်သွားသည်။

"ဟို…မေကြည့်ဆေးခန်းက ဆရာမလေး ပို့ခိုင်းတယ်ဆိုလား သူပြောသွားတာ"

"သြော်..ဒါဆို…ထွေး…ထွေးဆီက ဖြစ်မယ်၊ မိန်းမက စာတတန် ပေတတန်နဲ့ ဖုန်းဆက်လိုက်လည်း ဖြစ်တဲ့ ဥစ္စာ"

မေကြည်ဖြူသည် သူ့လက်ထဲက လင်ပန်းလေးကို ညှော်ခန်းဆက်တိ

Scanned by CamScanner

စားပွဲတွင် အသာချပြီး စာအိတ်ကို ဖောက်ဖတ်လိုက်သည်။

အတွင်းတွင် စာရွက်ခေါက်လေးတခုနှင့် သူရင်းနှီးသော ယောကျ်ားတဦး လက်ရေးပါသော စာအိတ်ငယ်ကို တွေ့လိုက်သည်။

"ဟင်... ဒါမောင်ငါ့ဆီရေးတဲ့စာပဲ ...ထွေးထွေးက ဒီကို ဆက်ပို့ပေးလိုက်တာ ဖြစ်မယ်"

မေကြည်ဖြူသည် ထွေးထွေးတင်စာကို အရင်ဖွင့်၍ ဖတ်လိုက်သည်။

"ချစ်သူငယ်ချင်းမေကြည် ကိုမြင့်ဇော်အောင်ဆီက စာရောက်လာလို့ မင်းဆီပို့ပေးလိုက်တယ်။ ကိုယ်လည်း ဂျူတီတွေ ဆက်နေလို့ မင်းဆီ မလာအားသေးဘူး၊ ခုတလော ကိုမျိုးဝင်းနဲ့တောင် သိပ်မတွေ့အားလို့ သူစိတ်ကောက်နေတယ်၊ သူက မင်း...ကိုယ့်ကို ကြပ်ကြပ်လေးစိမ်းလိုက် မေကြည်ဖြူကို မြင့်ဇော်အောင် ထားခဲ့သလို ကိုယ်လည်း ထားသွားမိလိမ့်မယ်နော်တဲ့၊ ခုတော့ ကိုယ်လည်း မင်းဝဋ်လည်နေပြီ၊ ဒီတပတ်အားရက်မှပဲ သူ့ကိုချော့ပြီး တအားချုပ်လိုက်တော့မယ်၊ ဒါပဲနော်၊ သိပ်သတိရတယ်၊ တနေ့ဆုံမှပဲ စကားတွေတပြကြီး ပြောကြတာပေါ့"

ထွေးထွေး

"အဟင်း... မိထွေးထွေး.."

မေကြည်ဖြူသည် ပြုံးရယ်ရင်း ထွေးထွေးတင်၏ စာလေးကို ပြန်ခေါက်ပြီး သူ့ချစ်သူ စာအိတ်ကိုဖောက်လိုက်သည်။

"မောင် ဘာတွေများ ရေးထားပါလိမ့်"

ရင်ခုန်ကာ သူ့မှာ လက်များပင် တုန်လာ၏ ။

မေကြည်ဖြူ ဒီစာက မင်းနဲ့ကိုယ် အပြီးပိုင် လမ်းခွဲတဲ့ စာပဲ၊ ကိုယ့်ကို မမျှော်နဲ့တော့ ။မင်းထက် ကိုယ့်ဆန္ဒ ကိုယ့်သဘောကို လိုက်လျှောနိုင်မယ့်

Scanned by CamScanner

မိန်းကလေးတဦးနဲ့ ကိုယ်ဆုံစည်းခွင့် ရသွားပြီ၊ ခုလိုရေးလိုက်တာ ဝမ်းနည်းပါတယ် မေကြည်ဖြူ၊ ကိုယ်ပြန်လာနိုးနိုးနဲ့ မင်းမျှော်နေမှ စိုးလို့ပါ၊ မင်းရဲ့ မင်းဘဝ လမ်းခရီးကို ကြိုက်သလို လျှောက်နိုင်ပါပြီ။

မြင့်ဇော်အောင်

"ရက်စက်လိုက်တာ... ရက်စက်လိုက်တာ၊ ဒီလောက်ပဲ အပြောင်းအလဲမြန်ရသလားမောင်ရယ်၊ မောင် မေကြည့်ကို မိုးမဆုံး မြေဆုံး ပြောခဲ့တဲ့ စကားတွေ ခုတော့ ဘယ်ရောက်ကုန်ပြီလဲ၊ မောင်ဟာ သိပ်ကြောက်စရာကောင်းတဲ့ လူတယောက်ပါလား"

မေကြည်ဖြူသည် နီးရာ ကုလားထိုင်တွင် အရုပ် ကြိုးပြတ်သကဲ့သို့ ထိုင်ချလိုက်ပြီး မြင့်ဇော်အောင်စာကို လက်တွင် ဆုပ်ချေထားကာ ရှိုက်ငိုမိသည်။

"ဟင်...မေကြည်...မေကြည် ငိုနေတယ်၊ ဘာဖြစ်လို့လဲ"

ညေ့ခန်းထဲ ဝင်လာသော ရဲသွေးသည် မေကြည် ငိုနေသည်ကိုတွေ့ရလျှင် တုန်လှုပ်သွား၏။

"ဟို...ဟို... မေကြည်... မေကြည် မဖြေပါရစေနဲ့ ကိုရဲရယ်"

မေကြည်သည် လက်တဖက်တွင် စာကို ဆုပ်ကိုင်ကာ ဆံခနဲ ထရပ်ရင်း ရဲသွေးကို ပြောလိုက်သည်။

ရဲသွေးသည် ခြေလှမ်းကျယ်ကြီးဖြင့် မေကြည့်အနီးရောက်လာကာ မေကြည့်ပခုံးလေးနှစ်ဖက်ကို ကိုင်လိုက်သည်။

"မေကြည် ဘာတွေ စိတ်ဆင်းရဲနေရသလဲဟင်၊ကိုယ်လည်း မျှဝေခံစားပါရစေ၊ ကိုယ့်ဘဝမှာ မေကြည်က စိတ်ဓာတ်ခွန်အားပေးနေတဲ့ ကျေးဇူးရှင်တယောက်ပါ၊ ကိုယ့်ကျေးဇူးရှင်ကို ကိုယ်တလှည့်ပြန်ပြီး ကူညီပါရစေ၊ ရိုင်းပင်းပါရစေနော်...မေကြည်"

Scanned by CamScanner

"မေ..မေကြည့်ကို ခဏလေးနားခွင့်ပြုပါ ကိုရဲ"

ရဲသွေးက မေကြည်ဖြူ၏ မျက်ရည်ရွဲနစ်နေသော မျက်ဝန်းနီနီလေးကို ကြည့်ကာ သူ့လက်ကို အသာဖယ်ရှားလိုက်သည်။

မေကြည်ဖြူသည် သူ့အိပ်ခန်းဆီ အပြေးလေး ဝင်ရောက်ပြီး ခုတင်ပေါ်တွင် သူ့ကိုယ်လေးပစ်မှောက်ကာ သည်းထန်စွာ ငိုကြွေးနေပါတော့သည်။

*

ရဲသွေးသည် ကိုယ်နှင့်မဆိုင်ပေမယ့်လည်း စိတ်ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် စားပွဲပေါ်က စာရွက်ခေါက်လေးတခုကို ဖြန့်၍ ဖတ်ကြည့်မိလိုက်သည်။

ဆရာမလေးထွေးထွေးတင် စာအဆုံးတွင် သူ့ရင်ထဲမှာ မွန်းကျပ်လာသည်။

"အင်း... ဆရာမထေါးထွေးတင် စာအရဆိုရင် မေကြည့်ကို မေကြည့်ချစ်သူ ထားသွားတဲ့ ပုံပဲ၊ ချစ်သူတို့ ဘာဖြစ် စိတ်ကောက်သွားတာလား၊ ဒါမှမဟုတ် တကယ်ပဲ လမ်းခွဲသွားတာလား၊ မေကြည့်လက်ထဲမှာ လည်းစာတစောင်ပါသွားတယ်၊ အင်း... သေချာပါပြီ၊ သူ့စိတ်ကို ညည်းပန်းလိုက်တာ ဒီစာအိတ်ပိုင်ရှင်ပဲ ဖြစ်မယ်၊ သူဘာတွေများရေးလိုက်ပါလိမ့်"

ရဲသွေးသည် မေကြည်ဖြူ၏ အိပ်ခန်းဆီသို့ စိတ်မကောင်းလှဟန်ဖြင့် လှမ်းကြည့်ပြီး ဒေါ်မိုးရှိရာ မီးဖိုချောင်သို့ ထွက်လာခဲ့သည်။

"ဟင်.. ကိုရဲ ဘာလိုချင်လို့လဲ"

ခွင်ပေါ်က ဟင်းအိုးကိုမွှေနေသော ဒေါ်မိုးက ရဲသွေးကို မေးလိုက်သည်။

"ဒေါ်မိုး အဲ့ဒီဟင်းအသာချပြီး ဆရာမလေး အိပ်ခန်းကို သွားလိုက်စမ်းပါဗျာ၊ သူဘာစိတ်မကောင်းဖြစ်နေတယ် မသိဘူး၊ ငိုနေတယ်"

Scanned by CamScanner

"ဟင်...ဟုတ်လား၊ ဒါဆိုခုနက စာကြောင့် ဖြစ်မယ်ထင်တယ်"

" ဘာစာလဲဗျ ဒေါ်မိုး"

"မနက်က ဒေါ်မိုးဈေးသွားခါနီး လူငယ်လေးတယောက် စက်ဘီးနဲ့လာပို့သွားတာ၊ အဲဒီ စာကို ခုနလေးတင် ဒေါ်မိုး မေကြည့်လက်ထဲထည့်ပေးလိုက်တာ"

"ဟုတ်တယ်၊ ဒီစာကြောင့်ပဲ သူဘာတွေ ဝမ်းနည်းသွားလဲ မသိဘူး၊ ဒေါ်မိုး ဝင်ပြီး နှစ်သိမ့်လိုက်ပါဗျာ"

"အေး...အေး... ဒေါ်မိုးခုပဲ သွားလိုက်မယ်"

ဒေါ်မိုးသည် လက်သုတ်ပုဝါ တထည်ဖြင့် သူ့လက်ကို အလျှင်မြန်သုတ်ပြီး ဆရာမလေး အိပ်ခန်းဆီ ထွက်လာခဲ့သည်။

"မေကြည်...မေကြည် သမီးလေး၊ တံခါးဖွင့်ပါဦး၊ ဒီမှာ လူလေးကိုရဲ အတော် စိတ်မကောင်းဖြစ်နေတယ်"

"ဟင်..."

ရုတ်တရက် ဝင်လာသော အသံကြောင့် မေကြည်ဖြူသည် အိပ်ရာမှ လူးလဲထပြီး သူပိတ်ထားသော အခန်းတံခါးကို ပြေး၍ ဖွင့်လိုက်သည်။

"သမီးလေးရယ် ဘာတွေဖြစ်တာလဲဟင်၊ ဒေါ်မိုးတို့ ဘာကူညီပေးရမလဲဟင်"

"မေကြည့်ကိစ္စကို ဒေါ်မိုးတို့ ကူညီလို့ မရပါဘူးရှင်၊ မေကြည့်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့၊ မေကြည် ကံတရားလို့ မှတ်လိုက်ပါပြီ၊ မေကြည့်အတွက် ဒီအိမ်သားတွေ စိတ်မကောင်းဖြစ်ရတာ မေကြည် ဝမ်းနည်းပါတယ်၊ ဒီအိမ်ပြင်ပရဲ့ ကိစ္စကို မေကြည် ဒီအိမ်ထဲ ဆွဲမသွင်းသင့်ဘူး၊ ကိုရဲကို အားနာလိုက်တာ ဒေါ်မိုးရယ်"

Book Sharing

Scanned by CamScanner

"ကိုရဲက သိပ်ကို စာနာတတ်တဲ့ လူတယောက်ပါ၊ သမီးလေးမှာ ပြဿနာရှိရင် တိုင်ပင်ပြီး အဖြေရှာလို့ရပါတယ်"

"အဟင်း... မပြောတော့ပါဘူး၊ မေကြည့်အတွက် သူခုပဲ စိတ်မကောင်းဖြစ်နေရပြီ၊ သူ့ကို သွားတောင်းပန်ရဦးမယ်"

မေကြည်ဖြူသည် မျက်နှာပေါ်က မျက်ရည်များကို သုတ်ပြီး သူ့အိပ်ခန်းအတွင်းမှ ထွက်ခဲ့သည်။

*

Scanned by CamScanner

## အခန်း(၉)

ရဲသွေးသည် ခုတင်ခေါင်းရင်းကို ကျောမှီ၍ စိတ်မပါ့တပါဖြင့် မဂ္ဂဇင်းတအုပ်၏ စာမျက်နှာများကို လှန်နေရာမှ တဖြည်းဖြည်းပွင့်လာသော သူ့အိပ်ခန်းတံခါးများကို ကြည့်နေလိုက်သည်။

ခေါင်းကလေးကို ခပ်ငုံ့ငုံ့ထား၍ ဖြည်းညင်းစွာ သူ့အိပ်ခန်းအတွင်းဝင်လာသော ဆရာမလေး မေကြည်ဖြူကို တွေ့ရလေသည်။

သူကခုတင်နှင့် မလှမ်းမကမ်းဆီသို့ ရောက်လျှင်မေကြည်ဖြူသည် ခြေလှမ်းများတန့်သွားပြီး မဖံ့ရဲသောမျက်နှာလေးဖြင့် မျက်လွှာအသာပင့်ကာ ရဲသွေးကို ကြည့်လာသည်။

"မေကြည် ဒီမှာ ထိုင်လေ"

သူ့ခုတင်ဘေးက ထိုင်ခုံဆီသို့ ရဲသွေးက လက်ပြလိုက်သည်။

မေကြည်ဖြူ ထိုင်ခုံတွင် ထိုင်လိုက်သည်။

"မေ ...မေကြည့်ကို ခွင့်လွှတ်ပါ၊ မေကြည့်အတွက်နဲ့ ကိုရဲသွေး စိတ်မကောင်းဖြစ်ရတာ ကို မေကြည် တောင်းပန်ပါတယ်ရှင်၊ နောင်ဒီလို မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်"

"မေကြည်..."

ရဲသွေးသည် သူ့လက်ထဲက မဂ္ဂဇင်းကို ချကာ မေကြည့်လက်ကလေးနှစ်ဖက်ကို အသာ ဆုပ်ကိုင်လိုက်သည်။

မေကြည်ဖြူ အံ့အားသင့်၍ ရဲသွေးမျက်နှာကို ကြည့်နေ၏ ။

"ကိုယ်မေကြည့်ကို မြင်စတွေ့စတည်းက သံယောဇဉ် တွယ်နေသူပါ၊ ဒါကြောင့် မေကြည် ပြဿနာဆို ကိုယ့်ပြဿနာလို့ပဲ သဘောထားမိတယ်၊ မေကြည်

Scanned by CamScanner

ဘာဖြစ်နေလဲ ၊ ကိုယ့်ကို ပြောစမ်းပါ"

"မေကြည် ...မေကြည်ပြုမိတဲ့ အမှားတခုရဲ့ ဆိုးကျိုးကို ခံစားနေရတာပါရှင်"

"ကိုယ့်ကို သိခါင့်ပေးပါလား မေကြည်"

"ကိုယ့်ချစ်သူရဲ့ စွန့်ပစ်ခြင်းကို မေကြည်ခံလိုက်ရတာ ပါ ကိုရဲရယ်"

"ဟာ..."

ရဲသွေးက မျက်လုံးများမှိတ်၍ မျက်နှာလွှဲထားလိုက်သည်။

မေကြည်ဖြူ၏ လက်များကိုင်ထားသော သူ့လက်များကလည်း အားလျော့သွားသကဲ့သို့ တဖြည်းဖြည်း ပြုတ်ကျသွားသည်။

"မေကြည့်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ရှင်၊ ကိုရဲသွေးကို စိတ်ချမ်းသာအောင် ကျန်းမာအောင် ထားရမှာက မေကြည့်တာဝန်ပါ၊ မေကြည့်အပူတွေ ကိုရဲသွေးမကူးစက်ပါနဲ့ရှင်"

"မေကြည်..."

"ရှင်..."

"မေကြည်နဲ့ ပတ်သတ်သမျှ မျှဝေခံစားချင်တဲ့ ဆန္ဒက ကိုယ်မေကြည့်ကို စတွေ့ထဲကပါပဲ၊ အဲဒီစိတ်ကို ကိုယ်ဆန်းစစ်ကြည့်တော့ အဖြေရတယ်၊ ဒီအဖြေက ဘာလဲဆိုတော့ မေကြည့်ကို ..ကိုယ်...သိပ်ချစ်နေမိပြီဆိုတဲ့ အဖြေပဲ"

"ဟင်...ရှင်...ရှင်"

မေကြည် မျက်လုံးမျက်ဆံလေးများ ပြူးကာ နောက်သို့ ခြေတလှမ်းဆုတ်သွားသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါမေကြည်၊ အခွင့်အရေးသမား လို့လဲ မထင်ပါနဲ့၊

Scanned by CamScanner

ဒီစကားကို လတ်တလော ရင်ဖွင့်ဖို့လဲ စိတ်မကူးခဲ့ပါဘူး၊ ဒါပေမယ့် ခုလို မေကြည့်အဖြစ်ကို ကြားလိုက်ရတော့ ကိုယ့်စိတ်ကို မထိန်းနိုင်လို့ပါ၊ မေကြည် ကိုယ်... ကိုယ့်ကို အထင်သေးသွားပြီလားဟင်၊ စိတ်ဆိုးသွားပြီလား...ဟင်"

မျက်နှာငယ်ငယ်ဖြင့် မေကြည်ဖြူ မျက်နှာကို ကြည့်ကာ ရဲသွေးမေးလိုက်သည်။

"မေ...မေကြည် စိတ်မဆိုးပါဘူးရှင်၊ စိတ်တော့မကောင်းဖြစ်မိပါတယ်၊ ရုတ်တရက်ကြီး ကိုရဲသွေး ဆန္ဒကို မဖြေဝေနိုင်လို့ပါ"

"အဟင်း ကိုယ့်ဆန္ဒတွေက သိပ်စောသွားမိတယ်မေကြည်၊ လတ်တလော မေကြည်ခံစားနေရတဲ့ ဝေဒနာတွေ လျော့ပါးသွားတဲ့အထိ ကိုယ်စောင့်ဆိုင်းပြီးမှ ပြောသင့်တာပါ၊ မေကြည် စဉ်းစားပါ၊ ကြိုက်သလောက် အချိန်ယူပြီး စဉ်းစားပါ၊ ကိုယ်လည်း ထူထူထောင်ထောင် ဖြစ်နေပြီဆိုတော့ မေကြည် အပြင်လေးဘာလေး ထွက်လည်ချင်လည်း လည်နိုင်ပါတယ်၊ ပျင်းရင်တော့ အပြန်မှာ အဖော်ခေါ်လာနိုင်ပါတယ်၊ တခုတော့ မှာလိုက်ပါရစေ၊ အေးရိပ်ငြိမ်ကို ပြန်မလာပဲတော့ မနေပါနဲ့နော်"

"ဟုတ်...ဟုတ်ကဲ့ပါ ကိုရဲ၊ မေကြည် ပြန်လာမှာပါ"

*

မေကြည်ဖြူသည် တညလုံးအိပ်မပျော်ခဲ့ပါ။ ချစ်လှချည်ရဲ့... ကြိုက်လှချည်ရဲ့..ဟု မိုးမဆုံး မြေမဆုံးပြောခဲ့သော မြင့်ဇော်အောင် ပါးစပ်မှ တတွတ်တွတ် ထွက်ခဲ့သည့် ဒီစကားများသည် ပျောက်ပြက်လွန်းလှပါ၏။ သူဘယ်လို လူစားမျိုးပါလိမ့်ဟု သစ်စိမ်းချိုး ချိုးရက်လေသော သူ့အကြောင်းစဉ်းစားရင်း ရင်မှာ ဝေဒနာ အထပ်ထပ်ဖြစ်နေ၏။ တဦးက ရုတ်တရက် သူ့အသည်းကို နင်းခြေ ခြေမှုန်းလိုက်လျှင် တဦးက အသည်းချင်း အသက်ချင်းဆက်ဖို့ ကမ်းလှမ်းလာပါ၏။

Scanned by CamScanner

တည်တည်ငြိမ်ငြိမ်ရိုးရိုးသားသား
အေးအေးဆေးဆေးရှိလှသောရဲသွေးကို သူခင်ပါသည်။

သို့သော် ချစ်ရမှာကိုတော့ ကြောက်သည်။ သူ့အသည်းကို ခြေမွဖျက်ဆီးသွားသော သူကြောင့် ပြင်းထန်သော ဝေဒနာခံစားနေရသည်။ အချစ်ဟူသော ဝေါဟာရကို သူလွန်စွာပင် သွေးလန့်သွားမိသည်။

"အင်း...ဒီမှာ ငါဆက်နေရင် ကိုရဲသွေးကို ဒုက္ခပေးသလိုများ ဖြစ်နေမလား၊ ကိုရဲသွေးကို ငါ သံယောဇဉ်တော့ရှိပါတယ်၊ သနားလည်းသနားမိပါတယ်၊ ဒါကြောင့်လည်း သူ့ကို ပြုစုစောင့်ရှောက်ဖို့ တာဝန်ယူခဲ့တာပေါ့၊ ငါ့ဦးနှောက်တွေ ရှုပ်ထွေးတာနဲ့အတော်ပဲ၊ ကိုရဲ ခွင့်ပြုရင်တော့ ငါ ဒီကနေ တပတ်လောက်တော့ အနားယူလိုက်မယ်"

မေကြည်ဖြူသည် ညဘက်တွင် အဆောင်သို့ တပတ်ခန့် ပြန်နေရန် သူ့ပစ္စည်းများ ထုတ်ပိုးထားလိုက်သည်။

အင်း... သူ့ရဲ့ ညိုးနွမ်းနေတဲ့ မျက်နှာ ငါမြင်ရတာ စိတ်ထဲ မကောင်းလှဘူး၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ သူ့ဆန္ဒကို ငါလိုက်လျောနိုင်မယ့်အခြေနေမှ မရောက်တာ... ဟင်း...

မေကြည်ဖြူသည် လက်ဆွဲအိတ် ဇစ်ကို ပိတ်ရင်း သက်ပြင်းချလိုက်သည်။

*

Scanned by CamScanner

# အခန်း(၁၀)

နံနက်စောစော အေးရိပ်ငြိမ်၏ ဆင်ဝင်အောက်တွင် ရဲသွေး၏ မတ်တူး အဖြူရောင် ကားကြီးက အသင့်ရပ်ထား၏ ။ ကားအနီးတွင် ယာဉ်မောင်းဦးလေး ဆောင်ကြီးကလည်း အသင့်ရှိနေပါသည်။

အခန်းထဲက ခရီးဆောင်အိတ်ကို ဆွဲ၍ ထွက်လာသော မေကြည်ဖြူကို ရဲသွေးသည် ဧည့်ခန်းထဲမှ နေ၍ အသင့်စောင့်ဆိုင်းရာမှ အသာထရပ်လိုက်သည်။

"မေကြည်...မင်းအတွက် ကားအဆင်သင့် စောင့်နေတယ်၊ မင်းသွားချင်တဲ့ နေရာသာပြောလိုက်ပါ"

"အို...မေကြည် အပြင်လိုင်းကားနဲ့ပဲ သွားပါရစေ ကိုရဲ"

"ကိုယ့်စေတနာကို မငြင်းပယ်ပါနဲ့ မေကြည်ရယ် ဦးလေးဆောင်ကြီးနဲ့ပဲသွားပါ"

"ဟုတ်...ဟုတ်ကဲ့ ၊ ဒါဆိုမေကြည့်ကို ခွင့်ပြုပါနော်၊ ဆေးတွေလည်း အချိန်မှန်မှန်သောက်ပါ"

"အဟင်း...မေကြည် ကိုယ့်အတွက် မကြောင့်ကြပါနဲ့ မေကြည် စိတ်ချမ်းသာအောင်သာနေ ပါ"

ရဲသွေး၏ ညိုးငွေ့ဝေနေသော မျက်ဝန်းများကို မေကြည်ဖြူ အတန်ကြာအောင် ကြည့်နေပြီးမှ မျက်လွှာချလိုက်သည်။

"မေကြည် သွားမယ်... ကိုရဲ"

မေကြည်ဖြူ၏ အသံမှာ တိုးတိမ်လွန်းလှပါ၏ ။

"သြော်...မေကြည်"

မေကြည်ဖြူသည် ခြေလှမ်းမည်ဟု ပြင်နေရာမှ ရဲသွေးထံ

Scanned by CamScanner

ကြည့်လိုက်သည်။

"ကိုယ် ဒီဖုန်းလေးကို ပေးလိုက်ချင်တယ်၊ မေကြည့်ကို ဆက်သွယ်လို့ရအောင်၊ ယူပါ...ယူသွားပါနော်"

မေကြည်ဖြူသည် ရဲသွေးသူ့ထံလှမ်းပေးသော ဆယ်လူလာဖုန်းလေးကိုကြည့်ကာ ခေါင်းယမ်းလိုက်သည်။

"တာဝန်ကြီးလွန်းလှပါတယ်၊ မေကြည် ကိုရဲသွေးကို ဖုန်းဆက်ပါ့မယ်၊ အများသုံးဖုန်းတွေ ရှိနေတာပဲရှင်"

ရဲသွေး၏ မျက်နှာသည် သိသိသာသာ ပို၍ ညိုးကျသွား၏ ။

"အများသုံးဖုန်းတော့ ရှိမှန်းသိပါတယ်၊ မလွတ်လပ်တာရယ်၊ အချိန်လုပြောတာရယ် မဖြစ်စေချင်လို့ပါ မေကြည်"

"ကောင်းပြီလေ၊ မေကြည် ယူသွားပါ့မယ်"

မေကြည်ဖြူသည် ရတ်ချည်းဝင်းလက်သွားသော ရဲသွေး မျက်နှာကို တချက်ကြည့်ပြီးမှ သူ့လက်မှ ဆယ်လူလာဖုန်းကို ယူကာ လွယ်ထားသော ဆလင်းဘတ်အိတ်ထဲ ထည့်လိုက်သည်။

"မေကြည် သွားမယ် ကိုရဲ"

"ကောင်းပြီ မေကြည်၊ ဖုန်းလေးကိုတော့ အမြဲ ဖွင့်ထားနော်"

"ဟုတ်ကဲ့ပါ"

ရဲသွေးက မေကြည်ဖြူကို မျက်စိတဆုံး ကြည့်နေသည်။

မေကြည်ဖြူကတော့ နောက်သို့လှည့်မကြည့်မိရန် ကိုယ့်ကိုယ်ကိုယ် သတိထားပြီး ဦးလေးဆောင်ကြီး ဖွင့်ပေးသော ကားပေါ်သို့ တက်လိုက်သည်။

အေးရိပ်ငြိမ်ဆင်ဝင်အောက်မှ ကားလေး မောင်းထွက်လိုက်သည်နှင့်

Scanned by CamScanner

တပြိုင်နက် မေကြည်ဖြူ၏ ရင်ထဲတွင် ဆို့နစ်သော ဝေဒနာကို ခံစားလိုက်ရသည်။

သူနောက်သို့ ချာခနဲ လှည့်ကြည့်လိုက်မိသည်။

အေးရိပ်ငြိမ် ဆင်ဝင်အောက်မှ နေ၍ ထွက်သွားသော ကားလေးဆီသို့ မမိုတ်တမိုန် မျက်လုံးများဖြင့်ကြည့်နေသော ရဲသွေးကို တွေ့လိုက်သည်။

ရှာတော့မည့်မိုးကဲ့သို့ ညိုမှောင်နေသော ရဲသွေးမျက်နှာကို မေကြည်ဖြူတွေ့လိုက်သည့်အခါတွင် သူ့မျက်ဝန်းနှစ်ဖက်တွင် မျက်ရည်များ ဝိုင်းတက်လာသည်။

သူဦးလေးဆောင်ကိုကြည့်ရင်း မျက်ရည်များကျမလာအောင် သိမ်းဆည်းလိုက်သည်။

ယာဉ်မောင်းကြီး ဦးလေးဆောင်သည် ကားနောက်ကြည့်မှန်မှတဆင့် မေကြည်ဖြူကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။

*

"မေကြည်"

အဆောင်ရှေ့တွင် ထွက်စောင့်နေသော သူနာပြုဆရာမလေး ထွေးထွေးတင်က ကားရပ်လိုက်သည်နှင့် မေကြည်ဖြူအတွက် တံခါးပြေးဖွင့်ပေးလိုက်သည်။

"ဦးလေးဆောင် ကျေးဇူးပဲနော်"

"မေကြည့်ကို ဦးလေးဆောင် ဘယ်နေ့ ပြန်ကြိုရမလဲဟင်"

မေကြည်ဖြူသည် ရုတ်တရက် အဖြေပေးရန် စကားရှာမရဘဲ ဖြစ်နေသည်။

"ကိုရဲလေးကိုတော့ ပစ်မထားပါနဲ့နော်..တူမကြီး"

Scanned by CamScanner

"ဟုတ်...ဟုတ်ကဲ့ပါ၊ မေကြည် အေးရိပ်ငြိမ်ကို ပြန်လာမှာပါရှင်"

"တကယ် ပြောတာလားတူမကြီး၊ ဦးလေးဆောင်ကို ချွေးသိပ်လိုက်တာတော့ မဟုတ်ပါဘူးနော်"

"မေကြည် ပြန်လာမှာပါရှင်"

"ဒါဆို ဦးလေးဆောင် သွားတော့မယ်၊ တူမကြီး အတော်ချုံးကျနေပြီ၊ အနားယူလိုက်ဦး"

ဦးလေးဆောင်ကားကို ပြန်လည်မောင်းနှင် ထွက်ခွာသွားသည်။

"ဟဲ့မေကြည်၊ ဒါနဲ့ ဟမ်းကေစ့်က ကြာမှာဆို၊ ဘာဖြစ်လို့ ဒီလောက်မြန်မြန် ပြန်လာတာလဲ"

"မေကြည် အဆောင်ထဲရောက်မှ ပြောပြမယ်"

"အေး...လာ....လာ"

နှစ်ယောက်သား ခရီးဆောင်အိတ်၏ လက်ကိုင်ကို တယောက်တဖက်စီဆွဲ၍ အဆောင်ခန်းထဲ ဝင်လာခဲ့ကြသည်။

"ထွေးကထင်နေတာ မေကြည့်ကို ကိုမြင့်ဇော်အောင် အကြောင်းကြားလိုက်လို့ အဆောင်ကို တော်တော်နဲ့ ပြန်လာမှာ မဟုတ်တော့ဘူးလို့"

"သူ့အကြောင်းကို ကြားရတော့ မေကြည် အသက်တောင်ရှင်မနေချင်တော့ဘူး ထွေး"

"ဟယ်...မဟုတ်တာ၊ မေကြည်က ဂျင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင်နိုင်မယ့် စိတ်မျိုးမွေးစမ်းပါ"

"မေကြည့်ကို သူ..ဒီလိုတော့ သစ်စိမ်းချိုး ချိုးမသွားသင့်ဘူး၊ ဒီလောက် ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့ ပြောဆိုလာပြီးမှ"

Scanned by CamScanner

မေကြည်ဖြူသည် မျက်နှာကို လက်ဝါးလေးဖြင့် အုပ်ကာ တရှိုက်ရှိုက် ငိုကြွေးလေ၏။

"မေကြည်၊ မငိုပါနဲ့ကွာ၊ ဒီလူကို အစတည်းက ကိုယ်မကြိုက်တာ၊ မောင့်သူငယ်ချင်းမို့လို့သာ လက်ခံဆက်ဆံနေရတာ၊ သူ့ပုံက မျက်နှာများတတ်မယ့်ပုံဆိုတာ ကိုယ်အစောကြီးတည်းက ထင်တယ်၊မနေ့ကတောင် သူ့အကြောင်းတွေ မောင်နဲ့ပြောနေမိကြသေးတယ်၊ မောင်ကလည်း သူ့ကို စိတ်ဆိုးနေတယ်၊ ခုနေများတွေ့ရင် ဒေါသဖြစ်ဖြစ်နဲ့ ခွဲတောင်ထိုးမလား မသိဘူး"

"အို...မေကြည် အတွက်နဲ့တော့ ပြဿနာ မဖြစ်ပါနဲ့လို့ ကိုမျိုးဝင်းကို ပြောလိုက်ပါထွေးရယ်၊ မေကြည် မောင့်ကို စဉ်းစားလို့မရတာ က မေကြည်က ချက်ချင်းလက်မထပ်တာကို စိတ်ဆိုးပြီး မခေါ်မပြောတာဆို မေကြည်ခံသာသေးတယ်၊ ခုတော့ မေကြည့်ကို ချက်ချင်းဖြတ်ပြီး တခြား မိန်းကလေးတယောက်ကို နေ့ချင်းညချင်း ငြိတွယ်သွားတယ်ဆိုတာ"

အသံလေးများ သေးသိမ်၍ ဝင်သွားသော မေကြည်၏ ပခုံးကလေးကို ထွေးထွေးတင်က အသာဖက်လိုက်သည်။

"မေကြည် မင်းကို ထွေးပြောစရာ ကျန်သေးတယ်၊ ခုသူယူဖို့ ဆုံးဖြတ်လိုက်တဲ့ ယဉ်မေသန်းဆိုတဲ့ မိန်းမက သူ့ထက်နှစ်နှစ်လောက်ကြီးတယ်၊ သူက အထည်ဆိုင်ဖွင့်ထားတဲ့ မိန်းမတဲ့၊ သူနဲ့ ကိုမြင့်ဇော်အောင် ရင်းနှီးကြတာ မင်းနဲ့ မဆုံခင်ကတည်းက လို့ မောင်ကပြောတယ်၊ ခု မင်းကို စိတ်ကောက်ပြီး သူ့ဆီပြန်ရောက်ပြီး ဘာတွေဖြစ်ကုန်လဲမှ မသိတာကွာ"

"ရှိပါစေတော့ ထွေးရယ်၊ ဒီလို စိတ်ပြောင်းစိတ်လွဲ မြန်တဲ့ ယောကျ်ားမျိုးနဲ့ စောစောတည်းက လမ်းကွဲတာကိုပဲ ဘုရားကျေးဇူးတင်ရမယ်၊ နို့မဟုတ်ရင် မေကြည် ဘာတွေခံစားရဦးမယ် မသိဘူး"

"ဟုတ်တယ်၊ ကိုမျိုးဝင်းကလည်း ဒါပဲပြောနေတာ၊ သူက မေကြည်နဲ့

Book Sharing

Scanned by CamScanner

လုံးဝ သဘာဝချင်းတူတာ မဟုတ်ဘူးတဲ့၊ အိမ်ထောင်ကျပြီးမှ ဖောက်ပြန်တာမျိုးဆို မေကြည် ပိုခံစားရမယ်တဲ့၊ ကဲပါလေ ဒီအကြောင်းတွေ ပြောနေရင် ဝေဒနာဖြစ်ပါတယ်၊ ပြောပါဦး၊ ဟုမ်းကေ့စ်ကနေ ဘာဖြစ်လို့ ပြန်လာတာလဲ၊ ကိုရဲသွေးကို ကြည့်ဖို့ မလိုတော့လို့လားဟင်"

"မလိုတော့တာ မဟုတ်ပါဘူး၊ မောင့်ဆီက စာကို ဖတ်ပြီး မေကြည်စိတ်ဆင်းရဲသွားတာကို သူသိသွားတယ် ထွေး"

"သူလည်း စိတ်မကောင်းဖြစ်သွားမှာပေါ့နော်"

"စိတ်မကောင်းဖြစ်ရုံဆိုရင်တော့လည်း မေကြည် အောင့်အည်းပြီး ဆက်နေနိုင်ပါသေးတယ်၊ ခုတော့..."

"ခုတော့...ခုတော့ ဘာဖြစ်သလဲဟင်"

မေကြည်ဖြူ၏ ပခုံးကလေးနှစ်ဖက်ကို ကိုင်၍ သူ့ဘက်ဆွဲလှည့်ရင်း ထွေးထွေးတင် အလောတကြီး မေးလိုက်သည်။

"သူကလည်း မေကြည့်ကို ချစ်နေတာ ထွေး"

"အင်း...ထင်တော့ ထင်သားပဲ"

"ဟင် ထွေးက ဘာထင်တာလဲ"

"ရဲသွေး...မေကြည့်ကို ကြိုက်နေတယ်လို့လေ"

"ဟင်...ဘယ်လိုကြောင့်လဲ ထွေးရဲ့..ဟင်"

"ကာယကံရှင်ထက် ဘေးကကြည့်တဲ့သူက ပိုမြင်တတ်တယ်လေ၊ ထွေးတောင် ကိုမျိုးဝင်းကို ပြောပြလိုက်သေးတယ်"

"အဲတော့..."

"ဟုတ်တယ်၊ထွေးကတော့ ဒီအသုံးမကျတဲ့လူကြီးနဲ့မေကြည်ကို

Scanned by CamScanner

မရစေချင်ဘူး၊ မေကြည်နဲ့သူမတန်ဘူး၊ မေကြည်နဲ့တန်တာ ကိုရဲသွေးပဲ"

"ထွေးကတော့ လုပ်ပြီကွာ"

"အို…ကိုမျိုးဝင်းကလည်း ဒီတိုင်းပဲ ပြောတယ်၊ ကိုမြင့်ဇော်အောင်က မေကြည့်ကို ထာဝရ စိတ်ချမ်းသာမှု ပေးမယ့်လူမျိုးမဟုတ်ဘူးတဲ့၊ ကိုရဲသွေးကသာ စိတ်ချမ်းသာမှု ပေးနိုင်မှာတဲ့၊ မေကြည်က ကိုယ့်ဘဝအတွက် "ဘာကောင်းမယ်ဆိုတာ ရွေးတတ်ဖို့လိုလိမ့်မယ်တဲ့"

"အင်း… ဟုတ်ပါတယ်၊ ကိုရဲသွေးက သိမ်မွေ့တယ်၊ နူးညံ့တယ်၊ စကားအပြောအဆိုကအစ အေးဆေးတည်ငြိမ်တယ်"

"ဒါဆိုလည်း ဘာစဉ်းစားနေလဲ မေကြည်ရယ်၊ သူကလည်း လိုလိုလားလား ကမ်းလှမ်းနေပြီပဲ၊ ရွေးလိုက်တော့ပေါ့"

"မဟုတ်သေးဘူးလေ၊ မေကြည် ကလူတယောက်နဲ့ ခုမှ ပူပူနွေးနွေးကွဲခါစရှိသေးတယ်၊ နောက်တယောက်ကို ချက်ချင်းလက်ခံလိုက်တယ်ဆိုရင် ဘယ်လိုမိန်းမမျိုး ဖြစ်သွားမလဲ၊ မေကြည်ရင်ထဲမှာ သူ့ကိုလက်ခံနိုင်အောင်တော့ အချိန်ယူ ကြိုးစားရဦးမှာပေါ့ထွေးရယ်"

"အင်း…ဟုတ်တော့ ဟုတ်ပါတယ်၊ တကယ်တော့ ထွေးလည်း စေတနာ လွန်သွားမိတာပါ၊ ထွေးက ရဲသွေးနဲ့မေကြည် လွဲသွားမှာ စိုးလို့လေ၊ ဒါနဲ့ သူ့ကို မေကြည် ဘယ်လိုပြောပြီး ထွက်ခဲ့သလဲဟင်"

"မေကြည်ရဲ့ မွန်းကျပ်နေတဲ့ ရင်ကို ဖြေသိမ့်ချင်လို့ ဝေးရာကို ပြေးချင်နေဦးမှာပဲ၊ ကိုရဲသွေးက မေကြည် အနားယူချင်ရင် ယူလိုက်ပါလို့ ပြောတယ်၊ ဒါကြောင့် မေကြည် တပတ် ဆယ်ရက်ဖြစ်စေ ကိုယ့်စိတ်ကို ကုစားဖို့ သူ့ဆီက ထွက်လာတာ"

Scanned by CamScanner

"မေကြည်က အဆောင်မှာပဲ နေမှာလား၊ တနေရာကို ခရီးထွက်ချင်တာလား"

"မေကြည် ရဲမွန်ဘက်ကို တပတ်လောက် ခရီးထွက်မယ် စိတ်ကူးတယ်"

"ရဲမွန်မှာ အသိတို့ ဆွေမျိုးတို့ ရှိလို့လားမေကြည်ရယ်"

"မေကြည်နဲ့ သိပ်ရင်းနှီးဖူးတဲ့ မေကြည်ကြည့်ခဲ့ရတဲ့ လူနာတယောက်ရှိတယ်၊ သူကအပျိုကြီး၊ လယ်တွေ ချောင်းတွေ ခြံတွေ ပိုင်တယ်၊ မေကြည် တခါနှစ်ခါ သူ့ဆီသွားလည်ဖူးတယ်၊ သူ့ဆီမှာနေရတာ သိပ်အေးချမ်းတာပဲ ထွေးရယ်"

"အေးလေ၊ စိတ်အားထက်သန်နေတော့လည်း စိတ်ပြောင်းစိတ်လွဲလေးဖြစ်အောင် သွားနေလိုက်ပေါ့၊ ကိုမျိုးဝင်းနဲ့ ထွေးလိုက်ပို့ပေးမယ်၊ တယောက်တည်းတော့ မလွှတ်ဘူး၊ ကဲ...ပြော ဘယ်နေ့ ပို့ပေးရမလဲ"

"မနက်ဖြန်ပဲ သွားမယ်လို့ စိတ်ကူးတယ်"

"ဒါဆို ဒီည ကိုမျိုးဝင်းကို တွေ့ရင် ထွေးပြောလိုက်မယ်"

မေကြည်က ခေါင်းကလေးဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ညနေကော ထွေးနဲ့ လိုက်ဦးမှာလား"

"ဟင့်အင်း မလိုက်တော့ပါဘူး၊ မေကြည် အဆောင်မှာပဲ နားနေချင်တယ်"

"ကောင်းပြီလေ ၊ညစာတော့ စားမထားနဲ့၊ ထွေးအပြန်ဝယ်လာခဲ့မယ်၊ ဘာစားမှာလဲ"

"ထွေးကြိုက်တာသာ ဝယ်လာခဲ့ပါ"

Scanned by CamScanner

"ဒါဆိုမေကြည်နားတော့၊ ထွေးဂျူတီဝင်ဖို့ လုပ်လိုက်ဦးမယ်"

"လုပ်လေ…ထွေး"

ထွေးထွေးတင်သည် သူ့ဦးခေါင်းတွင် ရှုံ့ကြိုးတပ် ပလတ်စတစ် ခေါင်းအုပ်ကလေးကို အုပ်၍ ရေချိုးခန်းသို့ ဝင်မြည်ပြုစဉ် တယ်လီဖုန်းသံ ကြားလိုက်ရသည်၊ မေကြည်ဖြူထံသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

မေကြည်ဖြူသည် သူ့ကို တချက်ကြည့်ပြီး မျက်နှာလေး မထားတတ်အောင်ဖြစ်ကာ ဆလင်းဘတ်အိတ်မှ ဘဲလ် မြည်နေသော ဆယ်လူလာဖုန်းလေးကို ထုတ်ယူလိုက်သည်တွင် ရင်တွေ တဒိုင်းဒိုင်းခုန်လာသည်။

"ဟုတ်ကဲ့…မေကြည်ဖြူပါ"

"မေကြည်…အဆောင်မှာပဲလား၊ အပြင်မထွက်ဘူးလား"

"မေကြည် အဆောင်မှာပဲ နားနေမှာပါ ကိုရဲ"

"မေကြည်များ အပြင်ထွက်သလားလို့ ခေါ်ကြည့်တာပါ၊ ဒါပဲနော်"

"ဟုတ်ကဲ့"

တဖက်က ဖုန်းချသွား၏ ။

မေကြည်ဖြူသည် ရေချိုးခန်းဝတွင် ရပ်နေသော ထွေးထွေးတင်ကို လှမ်းကြည့်လိုက်သည်။

"ဆယ်လူလာတွေဘာတွေနဲ့ တယ်ဟုတ်ပါလား"

"ကိုရဲက အတင်းပေးလိုက်တာလေ၊ သူ့အတွက် ဆေးအကြောင်းတွေ ဘာတွေမေးချင်ရင် လွယ်အောင်လို့တဲ့"

"ဆေးအကြောင်းကတော့ ဟုတ်ပါပြီ၊ ဘာတွေဆိုတာက ဘာလဲ၊ ဟွန်း… မေကြည်မနော်…မေကြည်မ"

Scanned by CamScanner

"အား...ထွေးကလဲကွာ"

ရှက်သွေးဖြာ၍ မျက်နှာလေး ရဲတွက်သွားသော မကြည်ဖြူကိုကြည့်ကာ ထွေးထွေးတင်သည် ရယ်မောရင်း ရေချိုးခန်းထဲ ဝင်သွား၏။

"ဒီကိုရဲက သည်းလိုက်တာ၊ အကြောင်းမရှိပဲ ဖုန်းဆက်ရတယ်လို့"

မကြည်ဖြူသည် လက်ထဲက ဖုန်းလေးကို မကျေနပ်သည့် ဟန်ဖြင့်ကြည့်ရင်း ဆလင်းဘတ်အိတ်ထဲ ပြန်ထည့်လိုက်သည်။

*

Book Sharing

Scanned by CamScanner

# အခန်း(၁၁)

သူနာပြုဆရာမလေး ထွေးထွေးတင်နှင့် သူ့ချစ်သူ ကိုမျိုးဝင်းတို့ သည် မေကြည်ဖြူအပေါ်တွင် အလွန်ကောင်းကြပါသည်။

နောက်တနေ့ နံနက်အစောကြီးတွင် ကိုမျိုးဝင်းသည် သူ့သူငယ်ချင်း၏ ဘင်ကားလေးတစီးကို ယူလာကာ မေကြည်ဖြူကို ရဲမွန်သို့ ပို့ပေးရှာသည်။

"ထွေးနဲ့ကိုယ်ကလည်း စိတ်ပြေလက်ပျောက် အပန်းဖြေခရီးထွက်ကြတဲ့ သဘောပေါ့မေကြည်"

"ဟုတ်ကဲ့ပါ ကိုမျိုးဝင်း"

"မေကြည် မင်းတခြားလည်ချင်သေးရင်လည်း ရတယ်နော်၊ ကိုမျိုးက ကားကို တနေ့လုံးအတွက် ငှားလာတာ"

"မေကြည် မလည်ချင်တော့ပါဘူး၊ ရဲမွန်ရွာကိုပဲ တိုက်ရိုက်သွားမယ်"

"ဒါဆိုကိုယ်နဲ့ ထွေးပဲခူးထိ ဆက်သွားကြမလား"

"ကောင်းသားပဲ၊ ထွေးကမနက်ဖြန်နားရက်ဆိုတော့ နားချိန်လည်းရတယ်၊ ဖျဉ်ပုံကြီးမှာ ထမင်းစားမယ်နော်"

"အိုကေ..."

ကိုမျိုးဝင်းမောင်းနေသော ကားလေးသည် သူနာပြုများ အဆောင်ရှေ့မှ ထွက်ခဲ့တော့သည်။

"သူငယ်ချင်း ပြန်မယ့်နေ့လည်းပြောနော်၊ ကိုမျိုးနဲ့ ထွေးလာကြိုမယ်၊ တယောက်တည်းလည်း ပြန်မလာနဲ့ဦး"

"မေကြည် ဖုန်းဆက်လိုက်ပါ့မယ်"

"မေကြည်ရယ် စိတ်ကို အကောင်းဆုံးထားလိုက်၊ ကိုယ်နဲ့မတန်တဲ့

Scanned by CamScanner

လူတယောက်အတွက်၊ မေကြည်တသသ ဖြစ်နေစရာမလိုပါဘူး၊ ခုလို စောစောစီးစီး သူဇာတိ ပြသွားတာ မေကြည် ကောင်းဖို့ပဲ မှတ်လိုက်…"

"ဟုတ်ကဲ့ပါ…ကိုမျိုးဝင်း"

"ဒီကောင့်ကို ကိုယ်လည်း အဆက်ဖြတ်လိုက်ပြီ"

"သူဘယ်လိုဖြစ်သွားတာလဲဆိုတာ မေကြည်တော့ စဉ်းစားလို့ကို မရဘူး ကိုမျိုးဝင်းရယ်"

"ဒီမောင်က ဟိုမမယဉ်ဆိုတဲ့ မိန်းမနဲ့ ရှိပြီးသား၊ သူဒီကနေ မေကြည့်ကို အလိုမကျဖြစ်ပြီး ဟိုရောက်သွားတော့ ခြေမနတ်နိုင်အောင် ဘာတွေများကျွံသွားလဲမှ မသိတာ၊ ကောင်းတယ်၊ လည်လွန်းတဲ့ဘိး ဒီလိုခံလိုက်ရတာ ပဲ ကောင်းတယ်"

ကိုမျိုးဝင်းသည် မြင့်ဇော်အောင်ကို ဒေါသထွက်မဆုံးဖြစ်နေ၏။

"မေကြည်က ရိုးသားတယ်၊အေးဆေးတယ်၊ တည်ငြိမ်တယ်၊ ဒီကောင်မျိုးနဲ့ မတန်ဘူး၊ ပြီးတော့ မေကြည့်ဂုဏ်လက္ခဏာက ကောင်းစားရမယ့်ရုပ်မျိုး၊ ဒီမောင်နဲ့ဆိုရင် မေကြည်ပဲ အိမ်ထောင်အတွက် ရုန်းကန်ရမှာ၊ ခုလိုပြတ်သွားတာ အကောင်းဆုံးပဲ မေကြည်"

"ဟုတ်ကဲ့ပါ ကိုမျိုးဝင်း"

"ကိုယ်ရော ထွေးရော မေကြည့်ကို ညီမလေးတယောက်လို ခင်တယ်၊ ချစ်တယ်၊ ကောင်းစားတာ မြင်ချင်တယ်၊ အေးချမ်းတဲ့ ဘဝကိုရစေချင်တယ်၊ ဒီတော့ မေကြည်ရဲ့ အိမ်ထောင်ရေးကို စဉ်းစားမယ်ဆိုရင် နှလုံးသားနဲ့ မစဉ်းစားပါနဲ့ကွာ ဦးနှောက်နဲ့ စဉ်းစားပါလို့ ကိုယ်ပြောချင်တယ်၊ မေကြည် သူချစ်ကိုရှာရင် အေးချမ်းတဲ့ဘဝကို ရလိမ့်မယ်လို့ ကိုယ်ထင်တယ်"

"ဟုတ်ကဲ့"

စကားတပြောပြောနဲ့ ထောက်ကြန့်လမ်းဆုံ ရောက်ခဲ့ကြသည်။

Scanned by CamScanner

ခရီးတထောက်နားပြီး နွားနို့စစ်စစ် ပူပူလေးတခွက်စီသောက်ကာ ခရီးဆက်ခဲ့ ကြပြန်သည်။

ကားကိုမနှေးလွန်း မမြန်လွန်းအေးဆေးစွာ မောင်းနှင်ခဲ့ရာ အချိန်တနာရီခန့်အကြာတွင် ရဲမွန်ရွာသို့ ဆိုက်ရောက်ခဲ့ကြသည်။

ရဲမွန်ရွာသူ အဘိုးကြီး ဒေါ်အေးခင်သည် ဆန်ပြာနေရာမှ သူ့အိမ်ရှေ့သို့ ဆိုက်လာသော ကားလေးကို လှမ်းကြည့်လိုက်သည်။

"ဒေါ်ဒေါ်အေးကြီး"

မေကြည်ဖြူက ခေါ်လိုက်သည့်အခါ မျက်နှာကြီး ဝင်းလက်သွားပြီး လက်ထဲက ဆန်ကောကို ဘေးချကာ သူ့အိမ်လေးပေါ်က ပြေးဆင်းလာခဲ့သည်။

"ဟယ်တော်...ဆရာမလေး မေကြည်လာလည်တယ်၊ ဒေါ်ဒေါ်အေးကြီး ဝမ်းသာလိုက်တာ...ဂမ်းသာလိုက်တာ"

ကားဆီသူအရောက် ကားပေါ်မှ မေကြည်ဖြူတို့ ဆင်းလိုက်ကြသည်။

"ဧည့်သည်တွေလည်း ပါတယ်၊ လာကြ...လာကြ အိမ်ပေါ်ကိုကြွကြပါ"

"ဒေါ်ဒေါ်အေး"

"ဆို...ဆရာမလေး"

"မေကြည် ဒီမှာ တပတ်လောက်အနားယူချင်လို့ လာတာ"

"အောင်မလေး တပတ်မကဘူး တသက်လုံးနေနေ ရတယ်... ရတယ်၊ ကဲ..ပေးပေး ဒေါ်ဒေါ်အေး သယ်ပေးမယ်"

"အို...ရပါတယ် မေကြည်မှာ လက်ဆွဲအိတ်တအိတ်ပဲ ပါတာပါ"

မေကြည်နဲ့ ထွေးထွေးတင်တို့ ခရီးဆောင်အိတ်ကို လက်ကိုင်ကြိုးတဖက်ဆီက ဆွဲလိုက်ကြသည်။

Scanned by CamScanner

“ဒေါ်ဒေါ်အေး ..ဒါ ဆရာမထွေးထွေးတင်တဲ့၊ ခုဆေးရုံမှာ မေကြည်နဲ့ တွဲလုပ်တဲ့ အခန်းဖော်လေ၊ ဒီအကိုကတော့ သူ့ခင်ပွန်းလောင်းပေါ့”

“တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ ဒီမှာ နားနားနေနေ နေပြီး မနက်စာ စားသောက်ပြီးမှ ပြန်ကြနော်၊ ”

“ကျွန်တော်တို့ ပဲခူးဘက်ကို ခရီးထွက်ဦးမှာ ဒေါ်ဒေါ်၊ နောက်မှပဲ အေးအေးဆေးဆေး လာလည်မယ်”

“ဟုတ်ပါပြီရှင်၊ လာဖြစ်အောင်တော့ လာခဲ့ကြပါနော်”

“ကဲ....မေကြည်ရေ၊ ဒီကပဲ ထွေးတို့ လှည့်ပြန်တော့မယ်၊ ခရီးကဝေးတော့ အပြန်နောက်ကျမှာ စိုးလို့ ”

“သွားလေ...ထွေး”

“သွားလိုက်ဦးမယ် ဒေါ်ဒေါ်အေး”

“ဟုတ်ပါပြီကွယ်”

မကြာခင် ထွေးထွေးတင်တို့ ကားလေး ဒေါ်အေးခင် ခြံအတွင်းမှ ထွက်ခွာသွားတော့သည်။

*

“ကဲ...ဆရာမလေးအတွက် ဒေါ်ဒေါ်အေးအိပ်ခန်းပြင်ပေးမယ်၊ ခေါင်းရင်းခန်းမှာ နေနော်”

“ဒေါ်ဒေါ်အေးရယ် မေကြည်ပြင်ပါ့မယ်”

“မဟုတ်တာ...ဆရာမလေး ကျေးဇူးတွေ ဒေါ်ဒေါ်အေးမှာ အများကြီး... ဆရာမလေးကို ဒီလို ပြန်ပြီး ပြုစုချင်တာ၊ ခုမှပဲ အခွင့်အရေးရတော့တယ်၊ ဒီမှာထိုင်...ခုတင်ပူပူနွေးနွေး ချပြီး ဆုပ်ထားတဲ့ ပဲလွန်းဆုပ်လေးနဲ့ ရေနွေးကြမ်းကို

Scanned by CamScanner

မြည်းနေ… ဒေါ်ဒေါ်အေးက ဆရာမလေးအတွက် အိပ်ခန်းပြင်လိုက်မယ်"

မကြည်ဖြူသည် ကုလားထိုင်တွင် ထိုင်ချလိုက်ပြီးဒေါ်ဒေါ်အေး၏ လှုပ်ရှားမှုကို ပြုံးကြည့်နေ၏။

ဒေါ်ဒေါ်အေးသည် ပိတ်ထားသော အခန်းကိုဖွင့်၊ တံမြက်စည်းလှည်းပြီး၊ သစ်သားခုတင်တလုံးပေါ်တွင် မကြည်ဖြူကအတွက် အိပ်ရာခင်းပေးလိုက်သည်။

"ရေအိမ်ကတော့ မြို့မှာလို အိမ်ထဲမှာ မရှိတော့ အားနာတယ် မကြည်လေးရယ်"

"အို ရပါတယ်၊ မကြည် ဘယ်လိုဖြစ်ဖြစ် နေတတ်ပါတယ်၊ ဒါတွေက အကြောင်းမဟုတ်ပါဘူး ဒေါ်ဒေါ်အေးရဲ့၊ ဒါနဲ့ ကျန်းမာရေးကော အတော်ကောင်းနေပြီလား"

"ဒေါင်ဒေါင်ကို မြည်နေတာပဲ ဆရာမလေးရေ၊ ဒီနှစ် လယ်ထဲတောင် ဆင်းလိုက်သေးတယ်၊ မိုးကုန်သီးနှံတွေလည်း ချလိုက်သေးတယ်၊ ဘူးဖရုံ၊ သခွားဖရဲတွေလည်း ထွက်သလား မပြောနဲ့"

"အပျိုကြီးကလည်းလေ အငြိမ်ကို မနေဘူး၊ သူကမှာ ငိုစားရယ်စားရမယ့်သူတွေ ရှိတာကျနေတာပဲ"

"အဟင်း…ဟင်း..ဟင်… ဆရာမလေးမှ မသိတာ၊ တူတွေ၊ တူမတွေ၊ တူမြေးထီး မြေးမတွေ ဒေါ်ဒေါ်အေးမှာ ပုံအောနေတာ၊ မကြာခင်မြင်ရလိမ့်မယ်၊ အဟင်း…ဟင်း..ဟင်… "

မကြာမီ ဒေါ်ဒေါ်အေး၏ တူသားမြေးမြစ်များ တယောက်ပြီးတယောက် အိမ်ပေါ်ရောက်ရှိလာကြသည်။

ဒေါ်ဒေါ်အေးတယောက် မမောနိုင်မပန်းနိုင် မိတ်ဆက်ပေးနေသည်။

နံနက်စာအတွက်လည်း ဒေါ်ဒေါ်အေး ပူစရာမလိုခဲ့ပါ၊ သူ့တူ၊ တူမများက

Book Sharing

Scanned by CamScanner

တအိမ်ဟင်းတခွက် သယ်ပြီးကျွေးကြသဖြင့် စားမကုန်သောက်မကုန်ဖြစ်နေပါ၏ ။

နေ့လည်နေ့ခင်း ကျော၊ ခါးဆန့်ချိန်တွင် သူတို့လေးတွေ အလိုက်သိတတ်စွာ အလျိုလျို ကိုယ်စီ အိမ်ပြန်သွားကြသဖြင့် မေကြည်ဖြူသည် တယောက်တည်းနေခွင့် ရသွားတော့သည်။

သူကအတွက် ပြင်ဆင်ထားသော ခုတင်လေးပေါ်သို့ လှဲချလိုက်သည်။

လူသံ၊ သူသံ ၊ ကားသံတွေငြိမ်၍ သာယာစွာ တွန်မြူးနေသော ငှက်သံလေးများကသာ သူ့နားထဲ ဝင်လာသဖြင့် သာယာလှသော ပတ်ဝန်းကျင်တွင် မေကြည်ဖြူ မိန်းမောရင်း မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

*

Scanned by CamScanner

အခန်း(၁၂)

နှစ်ခြိုက်စွာ အိပ်မောကျသွားရာမှ မေကြည်ဖြူသည် ဖျတ်ခနဲ နိုးလာသည်။

ကပျာကယာ သူ့လက်တွင် ပတ်ထားဆဲဖြစ်သော နာရီလေးကို ကြည့်လိုက်တော့ လေးနာရီပင် ကျော်နေသည်ကို တွေ့ရသည်။

"ဟယ်တော့... ငါအိပ်ပျော်သွားလိုက်တာ၊ ကြည့်စမ်း လေးနာရီဆယ့်ငါးမိနစ်တောင် ရှိနေပြီ"

အိပ်ရာမှ ကပျာကယာဆင်း၍ ဧည့်ခန်းသို့ထွက်သည်တွင် မျက်နှာသုတ်ပုဝါ၊ရေချိုးခွက်၊ ဆပ်ပြာခွက် တို့ကို အနီးတွင် အသင့်ချကာ သူ့နိုးအလာကို စောင့်နေသော ဒေါ်ဒေါ်အေးကို တွေ့လိုက်သည်။

"ဟော...ဆရာမလေး နိုးလာပြီလား၊ ဒီမယ် ဒေါ်ဒေါ်အေးက ရေချိုးဖို့ အဆင်သင့်စောင့်နေတာ"

"မေကြည် အရမ်းအိပ်ပျော်သွားတယ်"

"ကောင်းတာပေါ့၊ ရေချိုးပြီး ဒီမှာ မုန့်စားဦး၊ ဒေါ်ဒေါ်အေးတူမ နှင်းခင်က ဆရာမလေး စားဖို့တဲ့ မုန့်တွေလာပေးသွားတယ်"

"ဘာမုန့်တွေလဲဟင်"

"မုန့်လက်ကောက်ကြော်တွေလေ"

"အင်း..အင်း ရေချိုးပြီးရင် စားမယ်"

မေကြည်ဖြူသည် အေးစိမ့်နေသော ရေတွင်းရေကို တဝကြီးချိုးပစ်လိုက်သည်။

စိတ်ရောကိုယ်ပါအတော် လန်းဆန်းသွားပါသည်။

Scanned by CamScanner

မျက်နှာတွင် သနပ်ခါးရေကျဲကျဲလေးကို လူးပြီး ကိုယ်တွင် ဘလောက်အကျီ ပွပွလေးကို ဝတ်ဆင်လိုက်သည်။

အိပ်ခန်းထဲက ထွက်လာသော သူ့ကို ဒေါ်ဒေါ်အေးက တငေးတမောကြည့်ပြီး...

"ဆရာမလေးက ဘယ်လိုနေနေ ဘယ်လိုဝတ်ဝတ် လှနေတော့တာပဲ"

မေကြည်ဖြူသည် ရှက်ဝဲဝဲလေးပြုံးရင်း ဒေါ်ဒေါ်အေး၏ အနီးတွင် ထိုင်လိုက်သည်။

"ဟောဒီမှာ မုန့်လက်ကောက်နဲ့ ထန်းလျက်ရည်၊ ဒီမှာ အဖန်ရည်နွေးနွေးလေး တဝသာစားပေတော့၊ ဒေါ်ဒေါ်အေးကတော့မီးဖိုထဲ ညစာဝင်ချက်လိုက်ဦးမယ်"

"တကူးတကတွေ လုပ်မနေပါနဲ့၊ မနက်က ကျန်တဲ့ဟင်းတွေလည်းရှိတာပဲ"

"ဟင်းတွေရှိပါတယ်၊ လှဆန်းတို့က ဆရာမလေးအတွက် ကြက်နဲ့ဖား လာပို့ထားလို့ ကြော်လှော်ထားရဦးမယ်လေ"

"မေကြည့်အတွက် သူတို့ကတော့ အလုပ်တွေ ရှုပ်ကုန်ပါပြီ၊ "

"မရှုပ်ပါဘူး၊ သူတို့က ညှော်မျှော်ကြတာ၊ ညှော်လာရင် သိပ်ပျော်တာ၊ မနက်ဖြစ်ကျရင် နှင်းခင်တို့အိမ်က ဆရာမလေးကို မနက်စာတဲ့၊ လှဆန်းတို့က ညစာတဲ့၊ သန်ဘက်ခါ မနက်စာကို ဝင်းစိန်တို့အိမ်က ကျွေးမှာတဲ့၊ တကတည်း အစီအစဉ်ကို ပြည့်နေတာပဲ"

မေကြည်လည်း ရယ်မောရင်း မုန့်လက်ကောက်ကွင်းလေးကို ထန်းရည်တွင် ထိုးနှစ်လိုက်လေသည်။

မုန့်လက်ကောက် တဝကြီး စားပြီးချိန်တွင် နှင်းခင်တို့

Scanned by CamScanner

စိုက်ခင်းတွေဘက် လမ်းလျှောက်ခေါ်သဖြင့် မေကြည် မငြင်းမဆန် လိုက်ခဲ့သည်။

စိုက်ခင်းတွေထဲ လမ်းလျှောက်ရင်း သန့်ရှင်းလတ်ဆတ်သော သဘာဝလေကို ရှူရှိုက်ရသည်မှာ မေကြည်ဖြူအတွက် အရသာ ရှိလှပါ၏ ။

လျှောက်မှန်းမသိ အတော်ခရီးဝေးဝေးလျှောက် ကြသဖြင့်နေဝင်ချိန်မှ အိမ်ပြန်ရောက်ခဲ့သည်။

"ဟယ် ညည်းလေးတို့ ကြာလိုက်တာ ဘယ်ရောက်သွားကြတာလဲ"

"ဘကြီးစိုးရဲ့ ကနစိုတောအထိရောက်ခဲ့တာ ကြီးဒေါ်အေးရဲ့"

"ဟဲ့ဝေးလှချည်လား ၊ဆရာမလေးကတော့ ခြေညောင်းတော့မှပဲ"

"မေကြည်က သွားချင်တာပါ၊ ဒေါ်ဒေါ်အေးရဲ့၊ ကျေးဇူးပဲနော် နှင်းခင်"

"မနက်ဖြန်လည်း လာခေါ်မယ်နော်"

"အင်း...လာနော်"

"ကြီးဒေါ်အေး နှင်းခင် ပြန်တော့မယ်"

"အေးအေး"

နှင်းခင်က မေကြည်ဖြူကို လက်ကလေးဝှေ့ယမ်းနှုတ်ဆက်ပြီး လှေကားထစ်များပေါ်မှ ပြေးဆင်းသွား၏ ။

"ကဲ...ဆရာမလေး၊ ခြေလက်ဆေးတော့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်အေး"

မေကြည်ဖြူ ခြေလက်ဆေးပြီး အိမ်ပေါ်တက်လာသောအခါ အငွေ့တထောင်းထောင်း ထနေသော ထမင်းပွဲက အဆင်သင့်ကြိုနေသည်။

"ကဲ...ညစာ စားကြရအောင်"

Scanned by CamScanner

"ဒေါ်ဒေါ်အေးရေ... ဟင်းတွေကလည်း ကောင်းမှကောင်း၊ ဒီမှာတပတ်နေပြီး ပြန်ရင်တော့ အဝတ်စားတွေ အသစ်ဝယ်ရတော့မယ်နဲ့ တူတယ်"

"စားသာစား... ဝလို့လှတယ်ပဲရှိတယ်၊ ပိန်လို့ လှတယ်မရှိဘူး။ ဆရာမလေးရဲ့၊ ဒေါ်ဒေါ်အေးတို့က သေဝဝ ရှင်ဝဝပဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်တယ်၊ ဝအောင်လည်းစားတယ်"

မေကြည်ဖြူ၏ ပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့်ပေးရင်း ဒေါ်ဒေါ်အေးက အားရပါးရကြီး ပြောလိုက်သည်။

စိတ်ချမ်းမြေ့စရာကောင်းလှသော နေရာလေး ရွေးလိုက်မိခြင်းအတွက် မေကြည်ဖြူ ကျေနပ်နေမိတော့သည်။

*

Book Sharing

Scanned by CamScanner

## အခန်း(၁၃)

"ဆရာမလေး... ညရေးညတာ ထချင်ရင် အားမနာနဲ့နော်နော်၊ ဒေါ်ဒေါ်အေးကို နှိုး"

"ဟုတ်ကဲ့ပါ"

"စိတ်ချလက်ချလည်း အိပ်၊ ဒီမှာက ဘာမှကြောက်စရာမရှိဘူး၊ သူခိုးသူဂုက်လည်း ကင်းတယ်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်အေးရဲ့"

မေကြည်ဖြူသည် ဒေါ်ဒေါ်အေးနဲ့အတူ ဘုရားဝတ်ပြုပြီးနောက် ကိုယ့်အိပ်ခန်းကိုယ် အသီးသီး ဝင်ခဲ့ကြသည်။

ခုတင်စွန်းတွင် ထိုင်ကာ သူ့ကလက်ကနာရီလေးကို ဖြုတ်လိုက်သည်။

အချိန်မှာ ညရှစ်နာရီခွဲဖြစ်သည်။

လက်ပတ်နာရီလေးကို ခေါင်းအုံးဘေးအသာချရင်း ရုတ်တရက် သူ့စိတ်က အေးရိပ်ငြိမ် ရောက်သွားပါ၏ ။

"ဒီအချိန်ဆို ကုရဲ ညဆေးသောက်တဲ့ အချိန်ပဲ သူဆေးတွေကို အချိန်မှန်မှ သောက်ရဲ့လားမသိဘူး"

သူ့လက်မှ အလိုလို ကုတင်ပေါ်တွင် ချထားသော ဆလင်းဘတ်ဆီရောက်သွားကာ ဆွဲယူလိုက်သည်။

သူသည် ဆလင်းဘတ်အိတ်ထဲမှ ရဲသွေးပေးလိုက်သော ဆယ်လူလာဖုန်းလေးကို ထုတ်ကာ ကိုင်ထားပြီး ငိုင်တွေနေ၏ ။

"အင်း...ငါသူ့ကို မဆက်တာပဲကောင်းပါတယ်၊ ရှိပါစေတော့..."

အချိန်အတန်ကြာအောင် ငိုင်တွေနေပြီးမှ လက်ထဲက ဖုန်းလေးကို

Scanned by CamScanner

ခေါင်းအုံးဘေးတွင် ချလိုက်သည်။

ထိုစဉ်မှာပဲ တယ်လီဖုန်းဘဲလ်သံက ထမြည်လေသည်။

"ဟဲ့...ဟဲ့.. ဘာသံလဲဟ...ဘာသံလဲ"

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ထွင်းဖောက်ပေါ်ထွက်လာသော ဖုန်းဘဲလ်သံကြောင့် ဒေါ်ဒေါ်အေး၏ အထိတ်တလန့်မေးသံ ထွက်လာသည်။

"ဒေါ်ဒေါ်အေး...ဒေါ်ဒေါ်အေး မေကြည်နဲ့ပါလာတဲ့ ဖုန်းမြည်တာပါ၊ ဘာမှမဟုတ်ပါဘူး"

"မသိပါဘူးကွယ်၊ ဒီအသံမျိုးက နားမယဉ်တော့ လူကို တုန်လှုပ်သွားတာပဲ"

ဒေါ်ဒေါ်အေး၏ အသံတိတ်သွားတော့မှ ဖုန်းကို မေကြည်ဖြူ နားထောင်လိုက်သည်။

"ဟဲလို"

"ဟဲလို...မေကြည် ဘယ်သူနဲ့ စကားပြောနေတာလဲဟင်"

"မေကြည့်အဒေါ်နဲ့ပါ"

"ဟင်...မေကြည့်အဒေါ်က အဆောင်ခန်းမှာ ရောက်နေလို့လား"

"မ...မဟုတ်ပါဘူး၊ မေကြည်က သူ့ဆီရောက်နေတာပါ"

"ဟင်...မေကြည် ဘယ်ကိုရောက်နေတာလဲ ရန်ကုန်မြို့ထဲမှာရော ဟုတ်ရဲ့လားဟင်"

"မေကြည် ရဲမွန်ရွာကို ရောက်နေတာပါ ကိုရဲ"

"ရဲမွန်ရွာ၊ ရဲမွန်ရွာဆိုတာ အဝေးကြီးပဲ၊ မေကြည်ဘာဖြစ်လို့ အဝေးကြီးတွေ လျှောက်သွားနေတာလဲ၊ ကိုယ်စိတ်ပူတယ်ကွာ၊ ဖြစ်နိုင်ရင်

Scanned by CamScanner

မေကြည့်ကို ကိုယ့်မျက်စိအောက်မှာပဲ ထားချင်တာ၊ မေကြည်ခံစားနေရတဲ့ ဝေဒနာတွေ သက်သာလိုပြား ကိုယ်မေကြည့်ကို ခွင့်ပေးလိုက်တာ၊ ကိုယ့်ကို မချစ်လို့ စွန့်ခွာသွားသူတယောက်ကို လွမ်းဆွတ်တမ်းတ ကြေကွဲနေမယ့်အစား ကိုယ့်ကို ချစ်လို့မျှော်လင့်တောင်းတနေတဲ့သူရဲ့ မေတ္တာကို လက်ခံပြီး သာယာချမ်းမြေ့စွာနဲ့ ဘဝခရီးလမ်းကို လျှောက်ပါလား မေကြည်ရယ်၊ ခုလို မေကြည်လျှောက်သွားနေမှန်းသိရင် မလွှတ်လိုက်ပါဘူးကွာ"

"မေကြည် စိတ်ချလုံခြုံတဲ့နေရာကို ရောက်နေတာပါ၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး ကိုရဲရဲ"

"ဟင့်အင်း...မေကြည်လိပ်စာပေး၊ ကိုယ်မနက်ဖြန် လိုက်လာခဲ့မယ်၊ မေကြည် ကိုယ်နဲ့ ပြန်လိုက်ခဲ့ရမယ်၊ မလိုက်ဘူးဆိုရင်တော့ မေကြည့်အတွက် စိတ်ပူပြီး ကိုယ်ဒုက္ခရောက်မှာပဲ"

"အို... ခက်လိုက်တာ ကိုရဲရယ်"

"ခက်မနေနဲ့ လိပ်စာပေးပါ...မေကြည်..."

"ဟင်း... ကိုရဲသွေးကလည်း ဇွတ်တရွတ်ကြီးပါလား၊ ရှင်ကခရီးထွက်ဖို့ ကောင်းသေးတာမဟုတ်ဘူး၊ ကိုယ့်ကိုကိုယ်လည်း မေကျာအော်ပရေးရှင်းလုပ်ထားတယ် ဆိုတာ သတိထားပါဦးရှင်"

"ဒါတွေ ပြောမနေနဲ့၊ ကိုယ်မေကြည်ကို စိတ်ပူတယ်၊ ကိုယ့်မျက်စိရှေ့မှာပဲ နေစေချင်တယ်၊ အဲဒီ ဆန္ဒကို မေကြည်မလိုက်လျောဘူးဆိုရင် ကိုယ်ဘာဖြစ်ဖြစ် မေကြည် ပူမနေနဲ့တော့ကွာ"

"ကိုရဲ...ဟင်း...ခက်လိုက်တာ၊ ရှင်ဒီလောက်မှ ဖြစ်နေရင်လည်း လိုက်မလာပါနဲ့၊ ဦးလေးဆောင်ကြီးကို့ ရဲမွန်ရွာကို မနက် ကိုးနာရီ အရောက်ပို့လိုက်၊ မေကြည်ရွာထိပ်က လမ်းမပေါ်က ထွက်စောင့်နေမယ် ဟုတ်ပြီလား"

Scanned by CamScanner

“စိတ်ချ…ကိုယ် ပို့လိုက်မယ်၊ မကြည်တကယ် ထွက်စောင့်နေနော်၊ ကတိအတိုင်း မလာရင်တော့ ကိုယ့်အဆိုးမဆိုနဲ့”

“ဟါန်း…ခြိမ်းခြောက်လိုက်တာရှင်၊ မကြည်ဆက်ဆက် ထွက်စောင့်နေပါ့မယ်၊ ကတိမဖျက်ပါဘူး… ကဲ ကျေနပ်ပြီလား”

“အိုကေ…ကျေနပ်ပြီ၊ နေနေဦးနော်၊ ဖုန်းမပိတ်နဲ့ဦး”

“ကဲ… ဘာပြောဦးမလို့လဲ”

“ရဲမွန်ကို သွားမှာလို့ ကိုယ့်ကိုဘာလို့ပြောမသွားတာလဲ၊ တော်သေးတာပေါ့ ကိုယ်မကြည့်ကို ဖုန်းထည့်ပေးလိုက်မိလို့”

“အင်မတန်အေးချမ်းတဲ့ တောသဘာဝလေးမှ စိတ်ဖြေချင်လို့ပါရှင်”

“အေးရိပ်ငြိမ်က မင်းအတွက် ပူလောင်တဲ့နေရာများ ဖြစ်နေလား မကြည်ရယ်…ဟင်”

“ဟာ…ဒီသဘောမျိုး မဟုတ်ပါဘူးရှင်၊ အေးရိပ်ငြိမ်မှာ မကြည်က ညှိသည်သဘောမျိုးပဲ ရှိသေးတာဆိုတော့”

မကြည်ဖြူက သူ့စကားကို ဖြတ်ထားလိုက်သည်။

“မကြည်ရယ်… အေးရိပ်ငြိမ်က မကြည်ဘဝအတွက် လုံခြုံမှုပေးတဲ့နေရာ၊ စိတ်ချမ်းသာမှု အပြည့်အဝ ရရှိတဲ့နေရာတခု ဖြစ်စေချင်တာ ကိုယ့်စေတနာပါ၊ ဒါကိုမကြည်နားလည်သဘောပေါက်အောင် ကြိုးစားပါနော်၊ မကြည် ကိုယ့်ကို ကိုယ်လိုရာ အဓိပ္ပာယ်ဆွဲယူပြီး ပြောနေတဲ့ လူတယောက်လို့ မမြင်စေချင်ဘူး”

“မကြည် ဘယ်လိုမှ မထင်ပါဘူးရှင်”

“ကျေးဇူးတင်ပါတယ်၊မကြည်၊ ဪ…ပြောရဦးမယ်၊ ဒီနေ့ နေ့ခင်း ဦးလေးဖေမြင့်မောင် ကိုယ့်ကိုလာကြည့်သွားတယ်၊ ကိုယ့်အခြေအနေကို သူကြည့်ပြီး

Scanned by CamScanner

သိပ်အားရသွားတယ်၊ လကုန်ရင် သူ့ကိုတခေါက်လာပြန်ပြဦးတဲ့ ၊ မေကြည့်ကိုလည်း မေးတယ်၊ ကိုယ်က တပတ်နားခွင့်ပေးလိုက်တယ်လို့ပြောတယ်၊ သူက မေကြည်က သိပ်တော်တဲ့သူနာပြုတယောက်ပဲလို့ ချီးကျူးသွားတယ်၊ မင်းသူ့လို ဆရာမလေးမျိုး စောင့်ရှောက်ခွင့်ရတာ သိပ်ကံကောင်းတယ်တဲ့၊ ကိုယ့်ရင်ထဲက သူ့ကိုပြောလိုက်မိပါတယ်၊ ကိုယ့်ဘဝတသက်တာလုံးကို ဆရာမလေး စောင့်ရှောက်ပေးဖို့ အပ်ချင်တာပါလို့၊ အဟင်း...ဟင်း. ကိုယ့်ကိုများ လိပ်မျိုးလို့ မေကြည် ထင်မလားမသိဘူးနော်"

မေကြည်ဖြူ ရယ်လိုက်မိပါသည်။

မေကြည်ဖြူ၏ ကြည်ကြည်လွင်လွင် ရယ်မောသံလေးသည် ရဲသွေးရင်ထဲ အေးမြသွားစေပါ၏ ။

"မေကြည်"

"ရှင်...ကိုရဲ"

"အိပ်တော့မလား"

"မေကြည် မအိပ်သေးပါဘူး၊ ကိုရဲက အိပ်ချိန်တန်နေပြီ၊ ညဆေးကော သောက်ပြီးပြီလား ဟင်"

"မသောက်ချင်ပါဘူးကွာ၊ မေကြည်မှ မတိုက်တာ"

"ဟာ...ကိုရဲက အကျပ်ကိုင်ပြီ"

"တကယ်ပြောတာ၊ ကိုယ့်အနားမှာ မေကြည်မရှိတည်းက ကိုယ်ဘာမှ မစားချင်ဘူး၊ ဘာဆေးမှ မသောက်ချင်တော့ဘူး၊ စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိတော့ဘူး၊ ကိုယ်အဖြစ်မှန်အတိုင်း ပြောနေတာနော်၊တလုံးမှ မုသားစကားမပါဘူး"

"ဟင်...ကိုရဲရယ်၊ မေကြည်တောင်းပန်ပါတယ်၊ ဒီညတော့

Book Sharing

Scanned by CamScanner

ဆေးဝင်အောင် သောက်လိုက်နော်၊ မနက်ဖြန်ကျရင်တော့ ကိုရဲတာဝန်တွေ မကြြည် ပြန်ယူပါ့မယ်ရှင်"

"အဟင်း...ဟင်း ကျေနပ်ပြီ၊ သိပ်ကျေနပ်သွားပြီ၊ ဂွတ်နိုက် မကြြည်"

တဖက်က ဖုန်းချသွားပါသည်။

မကြြည်ဖြူက ဖုန်းလေးကို သူ့ခုတင်ဘေးတွင် ချပြီး အချိန်အတော်ကြာအောင် ငိုင်တွေသွားပါတော့သည်။

*

Scanned by CamScanner

## အခန်း(၁၄)

ဒေါ်ဒေါ်အေးသည် ဆီထမင်းနဲ့ ငါးခြောက်ဆီဆမ်းစားရင်း ခေါင်းတညိတ်ညိတ်ဖြင့် ဆရာမလေး မေကြည်ဖြူ ပြောသမျှကို နားထောင်နေသည်။

မေကြည်ဖြူလည်း ဒေါ်ဒေါ်အေးကို အမေနေရာ အဒေါ်နေရာထား၍ သူဖြစ်ပျက်ကြုံတွေ့လာသော အကြောင်းစုံကို ရှင်းပြ ပြောဆိုလိုက်သည်။

"အင်း... စိတ်မချရတဲ့ သူမျိုးနဲ့ စောစောစီးစီး ပျက်သွားတာပဲ ကောင်းပါတယ် ဆရာမလေးရယ်၊ ကိုယ်နဲ့ရပြီးမှ အိမ်ထောင်ရေးဖောက်ပြန်မှုတွေဖြစ်ရင် ဆရာမလေး ကိုယ်ကျိုးနည်းရမှာ ၊ ဒေါ်ဒေါ်အေးကတော့ ရည်စားနာ မထားဘူးခဲ့တဲ့ အပျိုကြီးတယောက်ဆိုတော့ ဒီအကြောင်းတွေ သိပ်နားမလည်ဘူး၊ အမေအဖေတို့ ရှိစဉ်တုန်းကတော့ ကြပ်ကြပ်ဆုံးမတဲ့ စကားလေးတွေ ခေါင်းထဲ စွဲနေမိတယ်၊ ကုန်ရှုံးတော့ တခေါက်၊ လင်ရှုံးတော့ တသက်တဲ့၊ ပြီးတော့ ရှိသေးတယ် ကိုယ်ချစ်ကို မရှာနဲ့၊ သူချစ်ကို ရှာတဲ့၊ ဒေါ်ဒေါ်အေးကတော့ ဆရာမလေး ခုတင်ကပြောတဲ့ ဆရာမလေးရဲ့ လူနာကို စိတ်ဝင်စားတယ်၊ ဒီသူငယ်နဲ့ ဆရာမလေး တသက်လုံးလက်တွဲသွားနိုင်မယ့်အဖော်ကောင်းလို့ ထင်တယ်၊ အေး ကာယကံရှင်ဖြစ်တဲ့ ဆရာမလေးကတော့ အချိန်ကောင်းကောင်းယူပြီး ဆုံးဖြတ်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ၊ ဒေါ်ဒေါ်အေး"

"ဒေါ်ဒေါ်အေးဆီ နောက်လည်းလာလည်ပါကွယ်"

"ဟုတ်ကဲ့၊ အခွင့်သာရင် လာခဲ့ပါ့မယ်၊ ကားရောက်ချိန်နီးနေပြီ၊ ဒေါ်ဒေါ်အေးကို မေကြည် ကန်တော့ခဲ့ပါတယ်"

မေကြည်ဖြူသည် လိမ္မာယဉ်ကျေးသော မြန်မာ မိန်းကလေးပီပီ လူကြီးသူမဖြစ်သော ဒေါ်ဒေါ်အေးကို ကြမ်းပြင်ပေါ်တွင် ပြားပြားဝပ်ထိုင်ကာ

Scanned by CamScanner

ဦးသုံကြိမ်ချ၍ ကန်တော့လိုက်ပါသည်။

ဒေါ်ဒေါ်အေးသည် ကန်တော့ခံရမှုကို ကြည်နူးသောစိတ်ဖြင့် မျက်လုံးတွင် ရစ်ဝဲစီးဆင်းလာသော မျက်ရည်တို့ကို အင်္ကျီလက်စဖြင့် သုတ်ရင်း မေကြည်ဖြူကို ရှည်လျား သော ဆုများခြွေပေးနေပါသည်။

ပြီးလျှင်ကားလမ်းမကြီးဆီသို့ မေကြည်ဖြူနှင့်အတူ ထွက်ခွာခဲ့သည်။

ကားလမ်းမကြီးပေါ်ရောက်ပြီး ငါးမိနစ်ခန့်မကြာခင် ဦးလေးဆောင်မောင်းနှင်လာသောကား သူ့ရှေ့သို့ဆိုက်ရောက်လာသည်။

ဦးလေးဆောင်သည် ကားတံခါးကိုဖွင့်၍ လျင်မြန်စွာဆင်းပြီး မေကြည်ဖြူအတွက် နောက်ခန်းတံခါးဖွင့်ပေးလိုက်သည်။

"တက်၊ တူမကြီး ဦးလေးနောက်မကျပါဘူးနော်"

"ဟင့်အင်း...အချိန်ကိုက်ပဲလို့တောင် ပြောရမလားပဲ၊ ဒေါ်ဒေါ်အေး မေကြည်...သွားမယ်နော်၊ နှင်းခင်တို့ကို လည်းမေကြည် နှုတ်ဆက်သွားတယ်လို့ပြောလိုက်ပါ"

"အေး...အေး ပြောလိုက်မယ် ပြောလိုက်မယ်"

"ဆရာမလေးရေ...မောင်ရဲကတော့ မလွယ်ဘူး၊ ဆရာမလေးကို အကြိုထောက်ဖို့ မိုးမလင်းခင်ကတည်းက ဦးလေးဆောင်ကို ထနှိုးနေတာ"

"ဒုက္ခပါပဲရှင်..."

"သူကအတွက်တော့ ဒုက္ခမှ မဟာဒုက္ခနဲ့တူပါတယ်၊ ညလည်းကြက်အိပ်ကြက်နိုးပဲတဲ့ မမိုးပြောတယ်၊ သူဒီလို စိတ်တွေလှုပ်ရှားလွန်းရင် သူကရောဂါနဲ့ ဖြစ်ပါ့မလားတဲ့၊ မမိုးကတော့ အတော်စိုးရိမ်ကြောင့်ကြဖြစ်နေတယ်"

"ဟုတ်ကဲ့....မေကြည်လည်းအဲ့ဒါကို စိုးရိမ်လို့ ချက်ချင်းပြန်လာတာပဲ ဦးလေးဆောင်ရယ်"

Scanned by CamScanner

“ကျေးဇူးတင်ပါတယ် ဆရာမလေးရယ်၊ ကိုရဲလေးက အင်မတန်စိတ်ကောင်းရှိတဲ့ လူတယောက်ပါ၊ ပစ္စည်းဥစ္စာကြွယ်ဝပေမယ့် တဖက်ကအဖြစ်ဆိုးတွေနဲ့ ကြုံကြိုက်ရတဲ့ ကြေကွဲစရာ သူ့ဘဝကို ဦးလေးဆောင်တို့ ဒေါ်မိုးတို့က ကြည့်ကြည့်ပြီး စိတ်မကောင်းဖြစ်နေရတာ ပါ၊ မမျှော်လင့်ပဲ သူ့ဘဝထဲဆရာမလေးဝင်လာပြီး တမျိုးတဖုံ ပြောင်းလဲလာတာ တွေ့ရတော့ ဦးလေးဆောင်တို့နှစ်ယောက် ကြိတ်ပြီး ဝမ်းသာမဆုံးဖြစ်ရတယ်။ ဆရာမလေးကို ဦးလေးဆောင်တောင်းပန်ပါတယ်၊ ကိုရဲလေးကို အတတ်နိုင်ဆုံး အဖော်ပြုပေးပါနော်”

“မေကြည် ကြိုးစားပါ့မယ် ဦးလေးဆောင်”

“ဒီလောက်ကြားရတာ ပဲ ဝမ်းသာလှပြီ ဆရာမလေးရယ်”

ယာဉ်မောင်း ဦးလေးဆောင်နှင့်မေကြည်ဖြူတို့ ခေတ္တမျှ စကားပြတ်သွားစဉ် တယ်လီဖုန်းဘဲလ်သံ မြည်လာ၏။

မေကြည်ဖြူသည် ကပျာကယာ သူ့ဆလင်းဘတ်အိတ်မှ ဖုန်းလေးကို ထုတ်ပြီး နားထောင်လိုက်သည်။

“မေကြည် ကားပေါ်ရောက်နေပြီလားဟင်”

“ဟုတ်ကဲ့ ရဲမွန်ကထွက်လာတာ ဆယ်မိနစ်လောက်တောင် ရှိပြီ”

“တော်ပါသေးရဲ့ မေကြည် လိုက်မလိုက်လာပါ့မလားလို့”

“အိုကေ စိတ်အေးသွားပြီ အိမ်ရောက်မှပဲ စကားတွေ ဆက်ပြောတော့မယ်နော်”

တဖက်မှ ဖုန်းချသွား၏ ။

“ပြန်လိုက်မလာမှာကို ကိုရဲက သိပ်စိတ်ပူတာ ဒါကြောင့်ဖုန်းဆက်တာဖြစ်မယ်”

Scanned by CamScanner

"ဟုတ်တယ်...ဦးလေးဆောင်"

*

Book Sharing

Scanned by CamScanner

## အခန်း(၁၅)

အေးရိပ်ငြိမ် ခြံဝင်းထဲသို့ ကားကွေ့ဝင်လိုက်သည်နှင့် တပြိုင်နက် ဆင်ဝင်အောက်မှနေ၍ လည်ဆန့်ကာမျှော်နေသော ရဲသွေးကို မေကြည်ဖြူ လှမ်း၍ မြင်လိုက်ရသည်။

"အင်း...သူ့ဒုက္ခကလည်းမသေးပါလား"

ယာဥ်မောင်းကြီးဦးလေးဆောင်က ပင့်သက်ရှိုက်လိုက်သောမေကြည်ဖြူကို ကားနောက်ကြည့်မှန်မှ ကြည့်လိုက်သည်။ အင်း...မိန်းကလေးခမျှာ စိတ်ပင်ပန်းရှာနေတယ်ထင်ပါရဲ့၊ ကိုရဲအတွက် ကြားကနေ စိတ်ပင်ပန်းပါတယ်၊ ဒီမိန်းကလေးကသာ သူလိုလားသလို ဖြစ်မလာရင် ကိုရဲတယောက် သက်ဆိုးရှည်ဆိုးရှည်ပ့ါမလား။

ဦးဆောင်ကိုယ်တိုင်လည်း ပင့်သက်ရှိုက်လိုက်မိပါ၏ ။

ဆင်ဝင်အောက်တွင် ကားရပ်လိုက်သည်တွင် ရဲသွေးသည်လှေကားထစ်များ အောက်ဆုံးရောက်နေပြီး မေကြည်အတွက် ကားတံခါးကို ဖွင့်ပေးလိုက်သည်။

"အေးရိပ်ငြိမ်က နွေးထွေးစွာ ကြိုဆိုပါသည် မေကြည်"

လက်တဖက်ကိုရှေ့တွင်ထားပြီး နောက်တဖက်ကို နောက်ကျောတွင် ထား၍ ကိုယ်ကို ကိုင်းညွတ်ကြိုဆိုလိုက်သော ရဲသွေးကိုကြည့်ကာ မေကြည်ဖြူ မရယ်ချင်ဘဲ မနေနိုင်အောင် ဖြစ်သွားပါသည်။

"တူမကြီးရေ...ဒီနေ့သာ တူမကြီးပြန်မလာရင် ဒီသူငယ်တော့ တံတားလေးပို့ရမှာ သေချာနေပြီ"

"အာ...ဒေါ်မိုးကတော့ပြောပြီ"

"နို့ မဟုတ်လို့လားကွယ့်"

Scanned by CamScanner

ဒေါ်မိုးသည် မေကြည်ဖြူ၏ ခရီးဆောင်အိတ်ကြီးကို မနိုင့်တနိုင်ဆွဲပြီး လှေကားပေါ်တက်သွားသည်။

"အဲဒီ ကြိမ်ခြင်းထဲက ဘာတွေလဲ မေကြည်ဖြူ"

"ဟို…ရွာကလူတွေ ဝိုင်းပေးလိုက်တဲ့ အသီးအနှံတွေနဲ့ ကြက်သားကြော်တွေ၊ ငါးကြော်တွေလေ၊ တည်းတဲ့အိမ်က အတင်းထည့်ပေးလိုက်လို့ ငြင်းမရတာ နဲ့ ယူလာခဲ့ရတာ ၊ နော်ဦးနော် ကိုရဲ၊ ဒီခြင်းကို မီးဖိုချောင်ထဲ ပို့လိုက်ဦးမယ်"

*

"ဘာတွေလဲ မေကြည်"

"စားစရာတွေလေ ရွာကထည့်ပေးလိုက်တာ၊နွားနို့ပုလင်းလဲ ပါတယ်၊ ကြက်ကြော်နဲ့ ငါးကြော်တွေလည်းပါတယ်၊ ပြန်ကြောလိုက်ဦးနော် ဒေါ်ဒေါ်မိုး"

"အေး…အေး ထားခဲ့…သမီး"

မေကြည်ဖြူသည် သောက်ရေတဖန်ခွက် အမြန်မော့ချလိုက်ပြီး အိမ်ရှေ့ခန်းဆီသို့ ထွက်ခဲ့သည်။

ရဲသွေးသည် ဧည့်ခန်းထဲတွင် ထိုင်နေရာ မေကြည်ဖြူကို ကြည့်ကာ ထရပ်လိုက်သည်။

"ခြံထဲလမ်းခဏ သွားလျှောက်ချင်တယ် ရမလား"

"သွားလေ"

ရဲသွေးသည် သူ၏ ချယ်ရီသား လက်ကိုင်တုတ်ကလေးကို ကောက်ကိုင်ကာ မေကြည်ဖြူ နှင့်အတူ ခြံဝင်းကြီးထဲသို့ ဆင်းခဲ့ကြသည်။

"မေကြည်…"

Scanned by CamScanner

"ရှင်..."

"ကိုယ်မကြည် ကိုပြန်ခေါ်လိုက်တာ စိတ်ဆိုးလားဟင်"

"မဆိုးပါဘူးရှင်"

"နည်းနည်းလေးမှကော မကျေမနပ် မဖြစ်မိဘူးလားဟင်"

"မဖြစ်ပါဘူး၊ ဘာဖြစ်လို့မေးတာလဲဟင် ကိုရဲ"

"ကိုယ်တကိုယ်ကောင်းဆန်သွားမိတာကို စိတ်မကောင်းဖြစ်လို့ပါ၊ တကယ်တော့ မကြည့်ကို တပတ်တန်သည် ဖြစ်စေ နားခွင့်ပေးသင့်တယ်၊ မကြည် ကိုယ့်ကို ပြုစုစောင့်ရှောက်ခဲ့တာလည်း ပင်ပန်းတယ်၊ ပြီးတော့ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက်လည်း စိတ်..."

"ဒါတွေမေ့ထားလိုက်ပါတော့ ကိုရဲရယ်၊မကြည်လည်း ပြန်မတွေးမိအောင် ကြိုးစားမေ့ပျောက်နေပါတယ် "

"ကောင်းပါပြီ၊ မကြည်မကြိုက်တာကို ကိုယ်မပြောတော့ပါဘူး၊ မကြည် စိတ်ကျဉ်းကျပ်အောင်လည်း ကိုယ်ဘာမှမပြောတော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ မကြည် အေးရိပ်ငြိမ်မှာ စိတ်ချမ်းချမ်းသာသာ နဲ့ လွတ်လွတ်လပ်လပ်နေပါနော်"

"ဟုတ်ကဲ့ပါ"

ရဲသွေးထံမှ ထိုစကားကြားလိုက်ရ၍ မကြည်ဖြူ စိတ်သက်သာရာ ရသွားပါသည်။

*

လူနာတယောက်၏ ကျန်းမာရေးကို ကြပ်မတ်ပြုစုစောင့်ရှောက်ပေးရသော သူနာပြု ဆရာမလေး တယောက်အဖြစ်

Scanned by CamScanner

မေကြည်ဖြူသည် အေးရိပ်ငြိမ်တွင် နေလာခဲ့သည်မှာ တလတင်းတင်းပင် ပြည့်ခဲ့သည်ဖြစ်သည်။

သူကြည့်ရှုစောင့်ရှောက်ပေးနေသော ရဲသွေးမှာလည်း လူကောင်းပကတိနီးပါး ကျန်းမာရေး ကောင်းနေပြီဖြစ်သည်။

မေကြည်ဖြူ ကြည့်ရှုစောင့်ရှောက်ပေးစရာ မလိုသလောက် ဖြစ်နေပြီဖြစ်သဖြင့် တညနေ ခြံဝင်းထဲ လမ်းလျှောက်ရင်း သူက ရဲသွေးကို သူ့ဆန္ဒတင်ပြလိုက်သည်။

"ကိုရဲသွေးလည်း ကောင်းကောင်းနေကောင်းလာပြီဆိုတော့ မေကြည် ဆေးခန်းပြန်သင့်ပြီ ထင်တယ်၊ ဟိုမှာ သူနာပြုဆရာမလေး သုံးလေးယောက် ခွင့်သွားကြမှဆိုတော့ မေကြည် ပြန်ဖို့ လိုအပ်နေပြီလေ"

မေကြည်ဖြူ၏ မျက်နှာကို ညိုးငယ်စွာဖြင့်ရဲသွေးကြည့်လိုက်သည်။

"ကိုယ်ဘယ်လိုတားနိုင်မှာလဲ၊ မေကြည်က တာဝန်နဲ့ ဂုဏ်ရှားကို ဦးထိပ်ထားတဲ့ သူဆိုတော့"

ဆို့နင့်နင့်အသံကြီးဖြင့်ရဲသွေးက ပြောလိုက်သည်။

"မေကြည် အလုပ်ပြန်ဝင်ပေမယ့်လည်း ကိုရဲသွေးဆီ မကြာမကြာ ရောက်လာမှာပါ၊ ပြီးတော့ ကိုရဲသွေးလည်းမေကြည့် နားချိန်မှာ လာတွေ့ချင်တွေ့နိုင်တာပဲ"

"အေးပေါ့လေ၊ ဒီလိုပဲ တွေ့ရတော့မှာပေါ့၊ မေကြည်က ဘယ်တော့မြန်မယ် စိတ်ကူးလဲဟင်"

"ခုအပတ်စနေနေ့မှာ မေဂျာအော်ပရေးရှင်း ကေ့စ်တခုရှိတယ်၊ အဲဒီ ကေ့အမီ ပြန်မလားလို့ပါ ကိုရဲ"

"ကောင်းပြီလေ၊ မေကြည် ပြန်နိုင်ပါတယ်"

Scanned by CamScanner

ညဘက်တွင် ရဲသွေးသည် မေကြည်ဖြူကို တာဝန်ထမ်းဆောင်စ ငွေများ ရှင်းပေးခဲ့သည်။ ထို့အပြင် ပန်းအလှစက္ကူကလေးဖြင့် သပ်ရပ်စွာ ထုပ်ထားသော အထုပ်ကလေး တခုကိုလည်း သူကပေးလာပါ၏။

"ဒါကဘာလဲ ကိုရဲ"

"ကျေးဇူးတင်ထိုက်လို့ မေတ္တာနဲ့ ချီးမြှင့်တဲ့လက်ဆောင်ပါမေကြည်"

မေကြည်ဖြူက ထိုလက်ဆောင်ကလေးကို ရဲသွေးဘက်သို့ ပြန်၍ တိုးရွှေ့ပေးလိုက်သည်။

"ဘာလဲမေကြည်"

"ဒါတွေ မလိုပါဘူး ကိုရဲ၊ မေကြည်ရသင့်ရထိုက်တဲ့ ဝန်ဆောင်ခကို မေကြည်ရပြီးတဲ့အပြင် မေကြည် ကိုရဲရဲ့ အိမ်မှာ အိမ်သားတယောက်လို နေထိုင်စားသောက်ခဲ့တာပါ၊ မေကြည် ကြည့်လာရတဲ့ လူနာတွေထဲမှာ ကိုရဲကို ကြည့်ရှုစောင့်ရှောက်ပေးရတာ အသာယာဆုံးနဲ့ အဆင်ပြေဆုံးပဲ၊ မေကြည်ကတောင် ကိုရဲကို ကျေးဇူးပြန်တင်ရမှာပါ၊ မေကြည့်ကို ဒီလက်ဆောင်ယူဖို့ အတင်းမတိုက်တွန်းပါနဲ့ ရှင်"

စကားကို ပိတ်၍ ပြောလိုက်ပြီဖြစ်သဖြင့် ရဲသွေးမှာ ငိုင်ကျသွားပါသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ကိုရဲ၊ မေကြည် ကိုရဲကို မေကြည့်ရဲ့ အထူးမိတ်ဆွေတယောက်အဖြစ်ရင်ထဲမှာ သတ်မှတ်ထားပါတယ် တကယ်လို့များ ကိုရဲဆီက အကူအညီ တခုလိုအပ်တယ်ဆို ပြောလာမှာနော်၊ အဲ့ဒီအခါကျရင် ကိုရဲ ကူညီရလိမ့်မယ်၊ ဘယ့်နှယ့်လဲဟင်"

"အချိန်မရွေးပါ မေကြည် ၊ အချိန်မရွေးပါ၊ အေးရိပ်ငြိမ်က မင်းအတွက်ဆို ၂၄ နာရီ တံခါးဟင်းလင်း ဖွင့်ထားပါတယ်ကွာ"

"မေကြည် ဝမ်းသာပါတယ် ကိုရဲ၊ တကယ်ပါ"

Scanned by CamScanner

ရဲသွေးမှတော့ ဝမ်းမသာနိုင်ပါ၊ စနေနေ့ကို ရောက်မည်ဆိုသော စိတ်က သူ့ကို နှိပ်စက်ကလူပြုနေသော ကြောင့်ပင်။

*

Scanned by CamScanner

# အခန်း(၁၆)

"မေကြည်..."

"ဪ...ဒေါ်ဒေါ်မိုး ဝင်ခဲ့လေ"

မေကြည်ဖြူသည် မနက်ဖြန်တွင် အဆောင်ပြန်တော့မည်ဖြစ်၍ သူ့ပစ္စည်းပစ္စယများ သိမ်းဆည်းနေရာမှ သူ့အိပ်ခန်းဝရောက်နေသော ဒေါ်မိုးကို ခေါ်လိုက်သည်။

"ပစ္စည်းတွေ သိမ်းနေတာလား"

"ဟုတ်တယ် ဒေါ်မိုး၊ မနက်ဖြန်ဂျူတီဝင်ဖို့ ဆေးခန်းကို အကြောင်းကြားပြီးပြီလေ၊ ဒီကနေ စောစောထွက်ရမှာ"

"မေကြည့်ကို ဒေါ်မိုးတောင်းပန်စရာလေးရှိလို့ မလာတာပါ၊ မေကြည် ဒေါ်မိုးပြောတာကို စိတ်မဆိုးပါနဲ့လို့ ကြိုတောင်းပန်ချင်တယ်"

"ဟုတ်ကဲ့ ပြောပါ ဒေါ်မိုး၊ မေကြည် စိတ်မဆိုးပါဘူးရှင်"

"လူလေးကိုရဲကို ပစ်မထားပါနဲ့မေကြည်ရယ်၊ သူမေကြည့်အပေါ် ဘယ်လောက်စွဲလမ်းနေတယ်ဆိုတာ ဒေါ်မိုးသိတယ်၊ မေကြည် ဒီမှာ မရှိရင် သူတခုခုများဖြစ်သွား မလားလို့ ဒေါ်မိုး စိုးရိမ်မိတယ် သမီးရယ်"

"မေကြည် ကိုရဲကို ပစ်မထားပါဘူး၊ ဒေါ်မိုးရယ်၊ ဒီမှာ အမြဲမနေပေမယ့်လည်း သူ့ကျန်းမာရေးကို မျက်ခြေမပျက်ဂရုစိုက်နေမှာပါရှင်"

"တခုလောက်လည်း ပြောချင်ပါသေးတယ်"

"ဟုတ်ကဲ့ ပြောပါ ဒေါ်မိုး"

"မေကြည့်အတွက် ဘဝကြင်ဖော်ရွေးမယ်လို့ စိတ်ကူးခဲ့ရင် လူလေးကိုရဲကို ထိပ်ဆုံးကထားပြီး စဉ်းစားပေးပါလို့ ဒေါ်မိုးမေတ္တာရပ်ခံချင်ပါတယ်"

Scanned by CamScanner

"လောလောဆယ်မှာတော့ မေကြည်လေ လွတ်လပ်တဲ့ဘဝနဲ့ပဲ တသက်လုံးနေသွားတော့ မယ်လို့ ဆုံးဖြတ်ထားတယ် ဒေါ်မိုးရယ်၊ မေကြည်လေ လူတဦးတယောက်အပေါ် သံယောဇဉ်ထားရမှာ သိပ်ကြောက်နေမိတယ်ရှင်"

"လူလေးကိုရဲက အကြင်နာမေတ္တာတရား သိပ်ကြီးမားတဲ့ လူတယောက်ပါ၊ စကားကြုံကြိုက်လို့ ပြောရဦးမယ်၊ ရွှေစင်လေးမိဘဆုံးပြီး ဒီအိမ်အရိပ် ဝင်ခိုလာတော့ သူကရွှေစင်လေးကို မျက်နှာတချက်မညိုးအောင်ဂရုစိုက်ခဲ့တယ်၊ အလိုလက်ခဲ့တယ်၊ အကြိုက်ဆောင်ပေးခဲ့တယ်၊ အရွယ်လေးတွေ ရောက်လာကြတဲ့အခါကျတော့ အဖေလုပ်တဲ့သူက မင်းတနေ့ သမီးရွှေစင်ကို လက်ထပ်ရမယ်၊ သမီးရွှေစင်ဟာ မင်းရဲ့ ဇနီးလောင်းဖြစ်တယ်၊ မင်းဘယ်မိန်းကလေးမှ စိတ်မကူးရဘူးလို့ တခွန်းထဲ ပြောထားလိုက်တာနဲ့ သူနဲ့ သိပ်ခင်တဲ့ ဂုဏ်ရည်တူ ကျောင်းနေဘက် သူ့သူငယ်ချင်းမ ရွှန်းလဲ့ဝေနဲ့ တပူးတွဲတွဲ လုပ်နေရာကနေ ဖြတ်လိုက်တယ်၊ ရွှန်းလဲ့ဝေက ကိုရဲကို အသေရရ အရှင်ရရ ဖြစ်နေတာဆိုတော့ တော်တော်မခံချင်အောင်ဖြစ်သွားရတယ်၊ နောက်တော့ သူလည်း လက်လျှော့ပြီး ပညာသင်ဖို့ နိုင်ငံခြားကို ထွက်သွားတော့တာပဲ"

"အဲဒီ မရွှန်းလဲ့ဝေဆိုတာ ကိုရဲခု ပြန်မဆက်သွယ်ဘူးလားဟင် ဒေါ်မိုး... သူ့မှာ ခုအနှောင်အဖွဲ့မှ မရှိတော့တာပဲ"

"မဆက်သွယ်ပါဘူး၊ ဒေါ်ဒေါ်မိုးက သူ့မေကြည်နဲ့ ပတ်သတ်ပြီး ခံစားနေရတာ ကို နေတာကို မကြည့်ရက်လို့ ညက သူ့စိတ်ကို စမ်းမိတယ်၊ လူလေး ရွှန်းလဲ့ဝေကို ပြန်မဆက်သွယ်ချင်ဘူးလားလို့ မေးတော့ ကျွန်တော် ဆရာမလေးမေကြည်က လွဲလို့ ဘယ်မိန်းကလေးမှ မစဉ်းစားဘူးတဲ့၊ မေကြည်က သူ့ဘဝမှာ အဦးဆုံးချစ်မိတဲ့ သူ့ရဲ့ ချစ်ဦးသူတဲ့ ကျန်တဲ့သူတွေက သူ့အတွက် အလကားပဲတဲ့ကွယ်"

မေကြည်ဖြူသည် ပင့်ထားသော သက်မကိုချကာ ခေါင်းကလေး

Scanned by CamScanner

ငုံ့ထားမိ၏ ။

သူ့ရင်မှာ ရဲသွေးအတွက် အဖြေပေးစရာ ရှာမတွေ့သေးပါ၊ စိတ်မကောင်းတော့ ဖြစ်ရပါသည်။

"ကဲပါလေ တူမကြီးလည်း သိမ်းစရာရှိတာ ဆက်သိမ်းပါ၊ အချိန်ကလည်း မနည်းတော့ဘူး၊ မနက်လည်း စောစောသွားရဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့ ဒေါ်မိုး"

ဒေါ်မိုးသည် လေးတွဲ့သော ခြေလှမ်းများဖြင့် မေကြည်ဖြူ၏ အိပ်ခန်းအတွင်းမှ ထွက်ခွာသွားပါသည်။

*

Scanned by CamScanner

# အခန်း(၁၇)

"အင်း... သူနဲ့ငါသာ မဆုံခဲ့မိကြရင် ဒီရွှန်းလဲ့ဝေဆိုတဲ့ အမျိုးသမီးကို ပြန်စိတ်လည်ရင် လည်သွားမှာပဲ၊ တကယ်တော့ ငါလို ဘာမှမဟုတ်တဲ့ မိန်းကလေးတယောက်ထက် ရွှန်းလဲ့ဝေဟာ သူနဲ့ လက်တွဲသင့်တဲ့ လူပါ၊ အဆောင်ကို ပြန်ရောက်ပြီးရင်တော့ သူနဲ့ တဖြည်းဖြည်းချင်း အဆက်ပြတ်သွားအောင် လုပ်ရမယ်၊ ငါ့ကိုတွေ့နေပြီး ငါ့ဆီက အဖြေမရရင် သူဝေဒနာဖြစ်နေမှာ၊ ဟင်း... စိတ်မကောင်းပါဘူး ကိုရဲရယ်၊ မေကြည်ကတော့ ဒီတသက်ချစ်ရမှာ အရမ်း ကြောက်သွားပြီရှင်"

မေကြည်ဖြူသည် သိမ်းဆည်းပြီးသော သူ့ပစ္စည်းလေးကို အိပ်ခန်းထောင့်တနေရာတွင် စုပုံပြီး အိပ်ရာပေါ်တွင် လှဲချလိုက်သည်။

အိပ်၍ မပျော်တိုင်း ရှေးဟောင်းနှောင်းဖြစ်တွေကို စဉ်းစားလိုက်၊ ယခုလက်ရှိဖြစ်ပျက်ခံစားနေသော အကြောင်းရာတွေကို တွေးလိုက် နဲ့ စက္ကန့်နာရီတွေ ရွေ့လျားသံကို မေကြည်ဖြူကြားနေရပါသည်။ သန်းခေါင်သန်းလွဲကျော်ကာမှ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။ သည်အခါကျတော့လည်း ချိန်ကိုက်ထားသော နာရီနိုးစက်မြည်လာသဖြင့် မေကြည်ဖြူအိပ်ရာမှ လန့်နိုးခဲ့သည်။

နာရီကိုကြည့်လိုက်သည်။

အချိန်က နံနက် လေးနာရီ။

အိပ်ရာမှ ထပြီး ဆံပင်ကို ခေါင်းပေါ်တွင် ခေါက်တင်၍ ကလစ်ဖြင့်ညှပ်လိုက်ပြီး တွန့်ကြေနေသော အိပ်ရာကို ပြင်ဆင်၍ ခင်းလိုက်သည်။

သူ့အိပ်ရာကို သပ်ရပ်အောင်ထားပြီးမှ ရေသန့်စင်ခန်းသို့ဝင်ရန် အဝတ်တန်းပေါ်က မျက်နှာသုတ်ပုဝါလေး ဆွဲယူလိုက်သည်။

Scanned by CamScanner

သူ့ကိုယ်သူ အပြီးသတ်ပြင်ဆင်ပြီးကာမှ မေကြည်ဖြူသည် ရဲသွေးအိပ်ခန်းဆီသို့ ကူးခဲ့သည်။

စေ့ထားသောတံခါးကို အသာတွန်း၍ အတွင်းသို့ ခေါင်းလောင်းကလေးထိုး၍ ကဲကြည့်လိုက်သောအခါ ခုတင်ခေါင်းရင်းကို ကျောမှီ၍ အခန်းပေါက်ဝဆီ ကြည့်နေသော ရဲသွေးကို တွေ့လိုက်ရသည်။

"ဟင်...ကိုရဲ နိုးနေပြီလား"

မေကြည်ဖြူသည် အခန်းတံခါးကိုဖွင့်၍ အတွင်းသို့ ဝင်ရင်း မေးလိုက်သည်။

"ဟင်...ခုတင်ဘေးမှာလည်း စာအုပ်တွေပွလို့"

"ဟုတ်တယ်၊ ကိုယ်အိပ်မပျော်တာနဲ့ စာထိုင်ဖတ်နေတာ"

"တညလုံး မအိပ်ဘူး ဟုတ်လား"

ရဲသွေးက သူ့ပေါင်ပေါ်က စာအုပ်ကို ဘေးသို့ချပြီး ခုတင်ပေါ်တွင် ခြေတွဲလောင်းချ၍ ထိုင်လိုက်သည်။

"ကိုရဲရယ် ရှင်ကခုမှ နလန်ထူကာစ လူမမာလေ၊ အိပ်ရေးပျက်ခံလို့ ဖြစ်မလား၊ စဉ်းစားကြည့်ပါဦး"

"ကိုယ်နောက်နေ့တွေ အိပ်ပျော်အောင် ကြိုးစားမှာပါ၊ မေကြည်က ဝီရိယကောင်းလှချည်လား၊ ပြန်ဖို့တောင် ပြင်ဆင်ပြီးနေပြီ"

"ဒီလိုလည်း မဟုတ်ပါဘူး၊ တခါတည်းပြင်ဆင်လာပြီး ကိုရဲရဲ့ ဝေယျာဝစ္စတွေ ဆောင်ရွက်ပေးဖို့ လာခဲ့တာပါ"

"မေကြည် ကိုယ့်အတွက် ဆောင်ရွက်ပေးရမယ့် ဝတ္တရားတွေက မနေ့ကတည်းက ပြီးခဲ့ပြီပဲ"

Scanned by CamScanner

“ဒီလိုမပြောပါနဲ့ ကိုရဲရယ်၊ မေကြည် ဒီအိမ်ကြီးမှာ တမိနစ်ပဲရှိရှိ၊ တစက္ကန့်ပဲရှိရှိ ရှိနေတဲ့ အခိုက်အတန့်မှာ ကိုရဲကို ပြုစုစောင့်ရှောက်ပေးချင်တဲ့ စေတနာ ရင်ထဲအပြည့်ပါရှင်၊ ဒီစေတနာကို ငွေကြေးနဲ့ တိုင်းတာလို့မရပါဘူး၊ အဲဒါကို ယုံပါ”

“ကိုယ်စကားပြော မှားသွားရင် တောင်းပန်ပါတယ်”

“ကဲ... ဒါဆိုထ မျက်နှာသစ်မယ်၊ ပြီးရင် ထုံးစံအတိုင်း ဆေးနဲ့ အစာစားရမယ်”

ဆရာရှေ့ရောက်နေသော တပည့်အလိမ္မာလေး တဦးကဲ့သို့ရဲသွေးသည် ထိုင်နေရာမှထကာ သူနာပြုဆရာမလေး မေကြည်ဖြူ စေခိုင်းသမျှ လုပ်ဆောင်နေပါသည်။

သူ့ကိုလုပ်ပေးစရာ လုပ်ပေးပြီးသည်နှင့် ခုတင်ကို အခင်းသစ်ခင်း၍ ပြင်ဆင်ပေးလိုက်သည်။ အိပ်ခန်းထဲက ကိစ္စအဝဝ ပြီးဆုံးတော့မှ ထမင်းစားခန်းဆီသို့ မေကြည်ဖြူထွက်ခဲ့သည်။

ထမင်းစားခန်းထဲတွင် ထုံးစံအတိုင်း သူ့ထက်စောရောက်နေသော ဒေါ်မိုးက လင်ပန်းတချပ်ပေါ်တွင် ရဲသွေးအတွက် စားသောက်ဖွယ်ရာများ အသင့်ပြင်ဆင်ထားလေ၏ ။

“မေကြည်လေး...ကိုရဲကိုကျွေးမွေးပြီးရင် ဒီမှာ ကော်ဖီနဲ့ မုန့်လာသောက်နော်၊ မေကြည့်အတွက် ဒေါ်မိုး ပေါင်မုန့်အသားညှပ်ပိုလုပ်ထားတယ်”

“ဟုတ်ကဲ့ပါ ဒေါ်မိုး”

မေကြည်ဖြူသည် စားသောက်ဖွယ်ရာများ အသင့်ပြင်ဆင်ထားသော လင်ပန်းကို သယ်၍ ထမင်းစားခန်းမှ ထွက်မည်ပြုစဉ် ရဲသွေးသည်

Scanned by CamScanner

ထမ်းစားခန်းဝတွင် ဘွားခနဲ ပေါ်လာ၏။

"ဟင်...ကိုရဲသွေး"

"ဒီစားစရာတွေကို မေကြည်နဲ့ အတူကိုယ်ဒီမှာ ထိုင်စားမယ်၊ နှုတ်ဆက်ပွဲ အဖြစ်ပေါ့ဗျာ"

မေကြည်ဖြူကေ ဒေါ်မိုးကို လှည့်ကြည့်လိုက်သည်။

ဒေါ်မိုးက မေကြည်ဖြူကို ကြည့်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

"ကောင်းတာပေါ့...ပေး...ပေး ဒေါ်မိုး စားပွဲပေါ်မှာ ပြန်ခင်းပေးမယ်"

မေကြည်ဖြူသည် ရဲသွေးအတွက် ထိုင်ခုံတခုကို ဆွဲထုတ်ပေးလိုက်သည်။ ထို့နောက် ထိုင်ခုံတလုံး ဆွဲထုတ်ကာ ရဲသွေးအနီးတွင် ထိုင်လိုက်သည်။

ဒေါ်မိုးက ရဲသွေးနဲ့မေကြည်ဖြူ အရှေ့တွင် စားသောက်ဖွယ်ရာများ ခင်းကျင်းပြီးသည်နှင့် တပြိုင်နက် ထမင်းစားခန်းမှ ရှောင်ထွက်သွား၏။

မေကြည်ဖြူက ရဲသွေး၏ ရှေ့တွင် အသားညှပ်ပေါင်မုန့်ပန်းကန်လေးကို တိုး၍ ပေးလိုက်သည်။

"မေကြည်လည်း စားပါ"

"မေကြည် စားမှာပါ ကိုရဲ"

မေကြည်ဖြူသည် အသားညှပ်ပေါင်မုန့်တခုကို ယူပြီး သူ့ကော်ဖီပန်းကန်ဘေးတွင် ချထားလိုက်သည်။

"မေကြည်..."

"ရှင်..."

"ကိုယ့်တယ်လီဖုန်းလေး ပေးလိုက်ချင်တယ်၊ ယူသွားမယ်

Scanned by CamScanner

မဟုတ်လားဟင်"

"ကိုရဲရယ်၊ မေကြည် ကိုရဲကို ဆက်သွယ်နေမှာပဲ ဥစ္စာ၊ တယ်လီဖုန်းပေးစရာ မလိုပါဘူး၊ ဒီဖုန်းက မေကြည့်မှာ ဂျူတီတဖက်နဲ့ သိပ်တာဝန်ကြီးမှာ၊ မေကြည့်အဆောင်က ဖုန်းကိုလဲ ကိုရဲ အချိန်မရွေး ဆက်နေနိုင်တာပဲရှင်"

"မေကြည် ဟိုတနေ့ကလို တနေရာကို ထွက်မသွားတာ သေချာပါတယ်နော်"

"မေကြည် ဘယ်မှမသွားပါဘူး၊ သွားချင်လို့လည်းမရဘူး၊ ဆေးရုံမှာ မေကြည်က ကိုယ်စားဝင်ပေးရမယ့် ကေ့စ်တွေ အများကြီးရှိတယ်ကိုရဲ"

"အားလပ်ရက်တွေလာရင် အေးရိပ်ငြိမ်လာမှာ မဟုတ်လား"

"ဟုတ်ကဲ့၊ မေကြည် ကိုရဲကို လာမကြည့်ပဲ မနေနိုင်ပါဘူးရှင်"

"ကဲပါလေ...ကော်ဖီနဲ့ မုန့်စားလိုက်ပါဦး"

မေကြည်ဖြူသည် သူ့ရှေ့က ကော်ဖီခွက်ကောက်ကိုင်ပြီး ပန်းကန်တွင် ချထားသော ပေါင်မုန့်အသားညှပ်ကို ယူ၍ စားလိုက်သည်။

မေကြည်သည် နံနက်စောစော ရဲသွေးနဲ့ အတူ စားသောက်ပြီးသွားသောအခါ ရှေ့ဆက်ရမည့်ခရီးအတွက် ထိုင်ရာမှ ထလိုက်သည်။

ရဲသွေးလည်း သဘောပေါက် နားလည်စွာဖြင့် မေကြည်ဖြူနောက်သို့ လိုက်ခဲ့သည်။

အိမ်ရှေ့ဆင်ဝင်အောက်တွင် မေကြည်ဖြူကို အသင့်စောင့်ဆိုင်းနေသော ယာဉ်မောင်းကြီးဦးဆောင် နှင့် မျက်စိမျက်နှာမကောင်းစွာ ရပ်နေသော အိမ်ဖော်အမျိုးသမီးကြီး ဒေါ်မိုးကို တွေ့လိုက်သည်။

"ပစ္စည်းတွေ ကားပေါ်အကုန်တင်ထားပြီးပြီ ဆရာမလေး"

Scanned by CamScanner

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါ်မိုး"

"ဆရာမလေး အဆောင်မှာ စားဖို့ ဝက်အူချောင်းကြော်၊ ဘာလချောင်ကြော်နဲ့ သရက်သီး ကလားတည်ပုလင်းတွေလည်း ထည့်ထားပေးတယ်၊ ပုလင်းတွေကွဲမယ်၊ ဂရုစိုက်နော်"

"ဩော်... ဒေါ်မိုးရယ်၊ ဒုက္ခရှာလို့"

"ဒုက္ခလို့မထင်ပါဘူး၊ ဆရာမလေးအတွက် စေတနာပါကွယ်၊ ဆရာမလေးကို ဒေါ်မိုးတို့က ဒီထက် ဒီ့ထက်မက စောင့်ရှောက်ချင်ကြတာပေါ့"

"ကျေးဇူးတင်ပါတယ် ဒေါ်မိုးရယ်"

မျက်ရည်တွေ ဝဲခနဲဖြစ်သွားပြီး ကားတံခါးဖွင့်ပေးနေသော ရဲသွေးကို မေကြည်ဖြူ တချက်ကြည့်လိုက်သည်။

သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေ ဝဲနေပါ၏ ။

မေကြည်ဖြူသည် ချက်ချင်း ခေါင်းလေးငုံ့လျှိုပြီး ကားထဲလျှင်မြန်စွာ ဝင်လိုက်သည်။

ရဲသွေးက ကားတံခါးကို ပိတ်ပေးလိုက်သည်။

"မေကြည် သွားမယ်နော် ကိုရဲ"

"ကောင်းပါပြီ"

မကြာမီကားသည် ဆင်ဝင်အောက်မှ မောင်းထွက်သွားသည်။

*

Scanned by CamScanner

## အခန်း(၁၈)

ရဲသွေးသည် အိမ်ပေါ်သို့ ပြန်မတက်ပဲ ခြံဝင်းထဲသို့ ဆင်းလျှောက်ခဲ့သည်။ အထီးကျန်ဘဝကို ရင်နင့်စွာ ခံစားရရင်း မေကြည်ဖြူ၏ လှုပ်ရှားမှုများ အငွေ့အသက်များကို အမှတ်ရလာနေမိ၏ ။

"ကိုရဲ..."

သူ့ကို အကြင်နာမျက်ဝန်းများဖြင့် ကြည့်နေသော အိမ်ဖော်ကြီး ဒေါ်မိုးကို ရဲသွေးတွေ့ရသည်။

"ကိုရဲ...နေပူထဲ ထိုင်နေတာကြာပြီ၊ အိမ်ထဲဝင်ပါတော့လားဟင်"

ရဲသွေး သူ့လက်ပတ်နာရီကို ငုံ့ကြည့်လိုက်မိသည်။

"ဟင်း... ဟုတ်သားပဲ၊ ကိုးနာရီတောင် ခွဲနေပြီ၊ ကြည့်စမ်း ငါဒီနေရာမှာ ရပ်နေတာကြာပြီပဲ"

"ဒေါ်မိုးသွားလေ၊ ကျွန်တော်လိုက်ခဲ့မယ်"

"အေး...အေး..."

ရဲသွေးသည် လေးတွဲသော ခြေလှမ်းများဖြင့် အေးရိပ်ငြိမ် အိမ်ကြီးဆီသို့ လျှောက်ခဲ့တော့သည်။

တစ်ရက်... နှစ်ရက်...သုံးရက်...အချစ်ကြောင့် အိပ်မရသော ညများကို ရဲသွေးမခံစားနိုင်တော့ပါ၊ မေကြည်ဖြူကို ဖုန်းဆက်လိုက်တိုင်းမှာလည်း အလုပ်နဲ့ လူက မပြတ်။ စကားလေးလေးငါးခွန်းကိုပင် မနည်းပြောနေရသဖြင့် ရဲသွေးမှာ ကမ္ဘာမြေကြီးအောက် ငုံ့လျှိုးသွားချင်စိတ်များ အားကြီး၍ လာသည်။

"ထွက်ပေါက်ကို ဘယ်လိုရှာရပါ့မလဲ" ဟုသူက ခုတင်နံဘေးတွင် ပုံချထားသော မဂ္ဂဇင်းစာအုပ်များ၊ ဝတ္ထုစာအုပ်များ၊ ဗီဒီယိုအခွေ၊ စီဒီနှင့်

Scanned by CamScanner

ကက်ဆက်ခွေများကို ငိုင်တွေ၍ ကြည့်နေမိသည်။

တယ်လီဖုန်းဘဲလ်က မြည်လာသည်။

"မေကြည် များလား..."

ရင်ထဲမှာ လှုပ်ရှားစွာဖြင့် ဖုန်းကိုကောက်ကိုင်၍ ထူးလိုက်သည်။

"ဟလို..."

"ဟလို..."

ကြားလိုသူ၏ အသံမဟုတ်သဖြင့် ရဲသွေးမှာ ဖုန်းကိုင်ပြီး သံပတ်လျှော့သွားသော အရုပ်ကဲ့သို့ ဖြစ်နေသည်။

"ဟလို...ဟလို...ကိုရဲ၊ အေးကိုကို ပြောနေတာပါ"

"ပြော...အေးကိုကို၊ ကိုယ်နားထောင်နေတယ်"

"ကိုရဲ နေကောင်းလား"

"အင်း...ကောင်းတယ်လို့ပဲ ဆိုပါတော့"

"ကိုရဲ မစ္စတာဂျူးက ပြောတယ်၊ နှစ်ချုပ်စာရင်းတွေ ပြုစုဖို့ အချိန်ကျလာပြီတဲ့၊ ကိုရဲဆီက ညွှန်ကြားချက်တွေလည်း တောင်းခိုင်းနေတယ်"

"စာရင်း လုပ်စရာရှိတာတွေ မင်းလည်းရှိနေတာပဲ၊ လုပ်လိုက်တော့ကွာ၊ ရှေ့လုပ်ငန်းအတွက်ကတော့ ငါစဉ်းစားချိန်ယူရဦးမယ်"

"ကိုရဲ ခရီး မထွက်နိုင်သေးဘူးနဲ့ တူတယ်နော်"

"ကိုယ်ထွက်ချင်ရင် ဖြစ်ပါတယ်"

"ဟုတ်ပါ့မလား၊ ကိုရဲ ကျန်းမာရေး..."

"သေတနေ့ မွေးတနေ့ပေါ့ကွာ၊ သေချင်ရင် ဘယ်အခါမဆိုသေမှာပဲ၊

Scanned by CamScanner

ဖေဖေနဲ့ ရွှေစင်ကိုလည်းကြည့်လေ၊ အေးပါကွာ ငါလာနိုင်မယ်ဆိုရင် ဖုန်းဆက်လိုက်မယ်၊ လာဖြစ်ရင်လည်း ဒီလနောက်ဆုံးအပတ်လောက်ဖြစ်မယ်၊ ဖျူးကို ပြောထားလိုက်"

"ဟုတ်ကဲ့ ကိုရဲ..."

"ဘာပြောစရာကျန်သေးလဲ"

"မရှိတော့ပါဘူး"

"ရှိလည်း အချိန်မရွေးဖုန်းဆက်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ကိုရဲ"

တဖက်က ဖုန်းချသွား၏။

ရဲသွေးသည် ကုလားထိုင်ကျောမှီတွင် ကိုယ်ကို လျော့ရဲသွားကပ်မှီကာ သူ့ဖခင်၏ စီးပွားရေး လုပ်ငန်းအကြောင်း စဉ်းစားနေ၏။

"အင်း...ဖေဖေမရှိတယ့်နောက် တဖြည်းဖြည်းလုပ်ငန်းတွေလည်း လျှော့ပစ်မှပဲ၊ ငါတယောက်တည်းလည်း နိုင်မှာ မဟုတ်ဘူး၊ ခုတောင် အေးကိုကို ရှိနေလို့ ခံသာတာ"

စီးပွားရေး လုပ်ငန်းအကြောင်း မဖြစ်မနေ စဉ်းစားစရာရှိလာတော့ မေကြည်ဖြူကို လွမ်းဆွတ်တမ်းတ စိတ်များကြိုကြားကြိုကြား သူကအတွေးထဲက ပျောက်ကွယ်နေ၏။

သတိမရလိုက်နှင့် ရလိုက်သည်နှင့် တပြိုင်နက်သူသည် အောင်သုခ အထူးကုဆေးခန်း ဖုန်းနံပါတ်ကို လှည့်ပြီးသား ဖြစ်နေပါ၏။

"ဟင်...ကိုရဲ မအိပ်သေးဘူးလား၊ ညဆယ့်နှစ်နာရီတောင် ကျော်နေပြီ"

"ဟင်...ဟုတ်လား၊ အချိန်ကိုတောင် သတိမထားလိုက်မိပါဘူး

Scanned by CamScanner

မေကြည်ရယ်"

"ဟာ...ကုရဲက မဟုတ်သေးပါဘူး၊ အိပ်တော့နော် ၊မနက်ဖြန်တောင် မေကြည်နားရက်ရလို့ ကိုရဲဆီကို လာမလို့ ဆုံးဖြတ်ထားတာ"

"မေကြည် တကယ်ပြောတာလား"

"တကယ်ပေါ့၊ ဒေါ်မိုးကြိုးကို ပြောလိုက်မေကြည်လာမယ် ၊ ငါးခေါင်းဟင်းချို ချက်ထားပါလို့"

"ကောင်းပြီ၊ ကောင်းပြီ ကိုယ်ပြောလိုက်မယ်၊ ကားလွှတ်လိုက်မယ်နော်"

"မလွှတ်နဲ့၊ အပြန်ပဲပို့ပေး၊ မေကြည်လူနာအတွက် ဆေးရုံဆင်းဖို့ လုပ်ပေးပြီးမှ လာနိုင်မှာ၊ ဒါပဲနော် ကိုရဲအိပ်တော့၊ မေကြည် ပေးရှင့်(လူနာ)နိုးလာလို့ သွားကြည့်ဦးမယ်"

မေကြည်ဖြု ဖုန်းချသွားသည်။

ရဲသွေးသည် သူ့လက်ထဲက ဖုန်းကို အချိန်အတန်ကြာအောင် ကိုင်၍ ငိုင်နေပြီးမှ အိပ်ရာပေါ်သို့ လှဲချလိုက်သည်။

"အင်း...တနေကုန် မေကြည်နဲ့နေရဦးမှာပါလား"

ရင်ထဲမှာ ကြည်နူးလန်းဆန်းသွားပြီး တခဏကြာတော့ သူအိပ်ပျော်သွားသည်။

*

## အခန်း(၁၉)

ဆင်ဝင်ရှေ့သို့ အငှားကားတစီး ထိုးစိုက်လာသဖြင့် ရဲသွေးတယောက် လည်ဆန့်တငင်ငင် မျှော်နေသော ကိစ္စ ပြီးဆုံးသွားပါသည်။

ကားပေါ်မှ နုနယ်လှပသော မိန်ကလေးတယောက် ဆင်းလာသည်။ သူ့ကို လှမ်း၍ ပြုံးပြပြီး အငှားယာဉ်မောင်းကို ကားခရှင်းလိုက်သည်။

ကားပြန်ထွက်သွားသည်။

ရွှင်လန်းပြုံးချိုသော မျက်နှာကလေးဖြင့် လှေကားထစ်များပေါ်သို့ မိန်းကလေးတက်လာ သည်။

"ကိုယ်က မေကြည် မလာသေးလို့ ခုပဲ ဖုန်းဆက်တော့မလို့လေ"

"လူနာအတွက် ဒီစီ လုပ်ပေးနေရလို့ နည်းနည်းနောက်ကျသွားတာ ကိုရဲ"

"ဒေါ်မိုးကတော့ မီးဖိုထဲမှာ မေကြည် စားဖို့ အစွမ်းကုန် လက်စွမ်းပြနေတယ်၊ ဘာတွေလည်းတော့ မသိဘူး"

"ဪ…ပင်ပန်းလိုက်တာ၊ မေကြည်က ကြောင်စာလောက်ပဲ စားတဲ့ဥစ္စာ၊ အားနာစရာတော့ ကောင်းနေပါပြီ၊ ခဏလေး… ဒေါ်မိုးကို သွားနှုတ်ဆက်လိုက်ဦးမယ်"

မေကြည်ဖြူသည် ထမင်းစားခန်းဆီသို့ အပြေးကလေး ထွက်ခဲ့သည်။

"မေကြည်လေး…ထင်သားပဲ ကားသံကြားထဲက ရောက်လာပြီလို့"

"ဘာတွေများ ချက်ပြုတ်နေတာလဲ ဒေါ်မိုးရဲ့"

"ဒီနေ့တော့ တရုတ်စာ ချက်တယ်၊ ငါးခေါင်းဟင်းချို၊ ဝက်သားပေါင်း၊ ကြက်သားကုန်း ဘောင်ကြော်နဲ့ အစိမ်းကြော်လေ"

Scanned by CamScanner

"ဒေါ်မိုးရယ် များလှချည်လား၊ မေကြည်က ဒီလောက်ကြီး စားနိုင်တာမှ မဟုတ်တာ"

"စားနိုင်သလောက်ပဲစား၊ ဒေါ်မိုးကတော့ အိမ်ဟင်းအိမ်ထမင်းနဲ့ကင်းနေတဲ့ မေကြည်လေးကို စားစေချင်လွန်းလို့ စိမ်ချက်ပြုတ်နေတာ၊ ကဲ...ကု လူကလေးနဲ့ စကားပြောလိုက်ပါဦး၊ သူ့ခမျာ တချိန်လုံးလမ်းဘက် လည်တဆန့်ဆန့်နဲ့ သမီးကို မျှော်နေရှာတာ"

"အဟင်း... သွားလိုက်ဦးမယ်နော်"

မေကြည်ဖြူသည် သူ့ကို မျှော်လင့်စောင့်စားနေသော ရဲသွေးရှိရာသို့ လျှင်မြန်စွာ ပြန်ထွက်ခဲ့သည်။

ရဲသွေးသည် ဧည့်ခန်းထဲက ထိုင်ခုံတွင် ထိုင်ကာ မေကြည်ဖြူကို စောင့်ဆိုင်းနေသည်။

"ထိုင်...မေကြည်"

မေကြည်ဖြူသည် ရဲသွေးနဲ့ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"မနေ့ကတောင် ဆရာကြီး ဆေးခန်းကို လာသွားသေးတယ်၊ နောက်အပတ် သူခွဲရမယ့် လူနာရှိတယ်လေ"

"မေကြည်က ကြည့်ရမှာပဲ မဟုတ်လား"

"အဟင်း... ထုံးစံအတိုင်းပေါ့"

"မေကြည်ကတော့ အလုပ်လုပ်ရတာ ကို ငြီးငွေ့ပုံ မပေါ်ဘူး"

"ဝါသနာလေ၊ ဒီအလုပ်က ကုသိုလ်လည်းရ ဝမ်းလည်းဝတယ်၊ မေကြည်ကတော့ ကိုယ့်အလုပ်ကို လေးစားတယ်၊ လုပ်ရတာ လည်း ပျော်တယ်၊ ကိုယ်ပြုစုပေးမှုကြောင့် ကျန်းမာ သန်စွမ်းလာတဲ့ လူမမာတွေ့ရင်

Scanned by CamScanner

သိပ်ကြည်နူးမိတယ်"

"ကိုယ့်တုန်းကလည်း ဒီလိုပဲလား"

"ဟုတ်တာပေါ့၊ ပျော်ရုံမကဘူး သိပ်ကိုကျေနပ်မိတယ်၊ မျှော်လင့်ချက်ကုန်ဆုံးပြီလို့ ထင်နေတဲ့ လူတယောက်ရဲ့ အသက်ကို ဆွဲဆန့်ပေးနိုင်လို့ပေါ့"

"ကိုယ်ကတော့ မေကြည်နဲ့ မဆုံစည်းမိရင် ကောင်းသားလို့ တခါတခါတွေးမိတယ်"

"ဟော...ကြည့် ကိုရဲက ဖောက်လာပြီ၊ စကားအကောင်းပြောနေတဲ့ ကြားက"

"အသက်ရှင်နေရတာ ကိုယ့်အတွက် ငြီးငွေ့စရာပဲ၊ ကိုယ့်ဆန္ဒကိုယ့်လိုလားချက်တွေက အရာမှ မထင်တာကွာ"

"ကိုရဲရယ်...မေကြည်က ခဲမှန်ဖူးတဲ့ စာသူငယ်ပါ၊ မေကြည် ခံစားရတာ တွေ မပျောက်မခြင်းတော့ မေကြည် တခြားတယောက်ကို ဘယ်လို စဉ်းစားနိုင်မှာလဲ၊ မေကြည့်ကို စာနာနားလည်ပေးပါရှင်"

"မေကြည့်ကို ကိုယ်စောင့်စားဖို့ မျှော်လင့်ချက်ကော ရှိဦးမှာလား မေကြည်ရယ်"

"မေကြည် ကြိုးစားနေပါတယ်၊ မေကြည် ကြိုးစားနေတဲ့အကြောင်း စကားတိုက်ဆိုင်လာရင် ပြောပြဖို့ ဒီနေ့ကိုရဲဆီ လာခဲ့တာပါရှင်"

"ဘာ...တကယ်နော်၊ ကျေနပ်ပြီ၊ ကိုယ်ကျေနပ်ပြီ၊ စောင့်မယ်ဗျာ၊ ဘယ်လောက်ပဲ စောင့်ရ စောင့်ရ စောင့်မယ်"

"ဒါပဲ... မေကြည့်ကိုတော့ ဘာမှ အကျပ်မကိုင်ရဘူးနော်..."

"စိတ်ချပါဗျာ၊ မေကြည် စိတ်ဆင်းရဲအောင် ကိုယ်ဘာမှ ဖိအားမပေးဘူး၊

Scanned by CamScanner

ကတိပေးတယ်"

"ကျေးဇူးပဲ"

မေကြည်ဖြူ၏ သနပ်စင်လှသော မျက်နှာကလေးကို ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများဖြင့် ကြည့်နေမိ၏ ။

မေကြည်ဖြူတယောက် မျက်နှာကလေး မထားတတ်အောင်ရှိနေစဉ် ရဲသွေးတို့ ခြံဝင်းအတွင်းသို့ အငှားယာဉ်တစီး မောင်းဝင်လာသည်။

"ဘယ်သူတွေလည်း မသိဘူး"

ရဲသွေးက ထိုင်နေရာမှ ထ၍ ဆင်ဝင်ဆီသို့ လှမ်းအကြည့်တွင် ကားနောက်ခန်းတွင် ထိုင်နေသော အမျိုးသားနဲ့ အမျိုးသမီးနှစ်ဦးအနက် အမျိုးသမီးက တံခါးဖွင့်၍ ဆင်းလာသည်။

"ဟင်...ရွှန်းလဲ့ဝေ"

"ဟေး...ရဲ...အံ့သြသွားလား၊ ရဲကို အဲ့လို အံ့သြစေချင်လွန်းလို့ ရွှန်းလဲ့တမင် ဖုန်းမဆက်ပဲ လာခဲ့တာ၊ အိုကေ...ရွှန် ဆီးယူ တူမောရိုး (ကောင်းပြီ ရွှန် မနက်ဖြန်မှတွေ့မယ်)"

ကားပေါ်မှ ပစ္စည်းများကို ဆွဲချပြီး ကားထဲကလူကို ရွှန်းလဲ့ဝေက လက်ကလေး ဝှေ့ယမ်း ပြလိုက်သည်။

"ဟိုလူက မင်းလူလား"

လှေကားပေါ်မှ ဆင်းလာသော ရဲသွေးကို ရွှန်ကမေးလိုက်သည်။

"ရက်(စ်)(ဟုတ်တယ်လေ)"

"ဗွတ်လပ်"

နိုင်ငံခြားသားက နှုတ်ဆက်ပြီးသည်နှင့် ယာဉ်မောင်းကို ကားထွက်ရန်

Scanned by CamScanner

အချက်ပြလိုက် သည်။

"ရဲနေကောင်းတယ်နော်"

"ကောင်းပါတယ်၊ ရွှန်းလဲ့ ဘယ်ကနေ ဘယ်လို"

"အဟင်း...ရဲအံ့ဩမယ်ဆိုလည်း အံ့ဩလောက်ပါတယ်၊ ရွှန်းလဲ့က စက်ဘူမှာ ရောက်နေတာ သုံးရက်ရှိပြီ၊ ခုကျောင်းပြီးသွားလို့ စီးပွားရေးလုပ်ငန်းထဲကို ရွှန်းလဲ့ဝင်နေပြီလေ၊ ခုနက ကားပေါ်ကပါသွားတာ ရွှန်းလဲ့ ပါတနာပေါ့၊ မနေ့က အေးကိုကိုနဲ့ ပလာဇာတခုမှာတွေ့တယ်၊ သူပြောပြလို့ရဲအကြောင်း ရွှန်းလဲ့ အကုန်သိပြီးပြီ၊ ဦးတို့ကိစ္စဖြစ်တုန်းကလည်း ဆွတ်ဇာလန်ဘက်ကို တိုးရစ်ထွက်နေလို့ တော်တော်နောက်ကျမှ သိရတယ်၊ လာပါ ရဲရယ်၊ အပေါ်ကျမှ စကားတွေ တဂကြီး ပြောကြတာပေါ့"

သူ့ခရီးဆောင်အိတ်ကို လက်တဖက်က ဆွဲယူကာ ကျန်တဖက်က ရဲသွေး၏ လက်မောင်းကို ဖက်တွယ်လိုက်သည်။

မေကြည်ဖြူသည် သူ့ဘေးတွင် တိုးကပ်၍ ရပ်ကာ အပြင်သို့ ကြည့်နေသော ဒေါ်မိုး၏ မျက်နှာကို ကြည့်လိုက်သည်။

ဒေါ်မိုးနဲ့သူ အကြည့်ချင်းဆုံသွားကြသည်။

"ဒေါ်မိုး ပြောဖူးတဲ့ ရွှန်းလဲ့ဝေဆိုတာ သူပဲပေါ့ မေကြည်၊ ပုစံက အရင်တုန်းကထက်တောင် ပိုပြီးရဲတင်း သွက်လက်နေသေးတယ်၊ မေကြည့်ကို ပြောထားမယ်၊ သူကကြောင့်တော့ အနှောင့်အယှက်မဖြစ်ပါနဲ့၊ ခုရဲက သူ့ကို သာမန်မိတ်ဟောင်းဆွေဟောင်းလောက်ပဲ သဘောထားတာပါ၊ သူတကယ်ချစ်တာက မေ..."

ဒေါ်မိုး၏ စကားအဆုံးမသတ်နိုင်ခင်မှာပဲ ရဲသွေးနှင့်ရွှန်းလဲ့ဝေတို့ ဧည့်ခန်းထဲရောက် လာကြသည်။

Scanned by CamScanner

"ဟော ဒေါ်မိုးကြီး၊ ရွှန်းလဲ့ဝေလေ မမှတ်မိဘူးလား၊ ဒေါ်မိုးကြီးက ထွက်တောင်မကြိုဘူး၊ လေစိမ်းတိုက်လိုက်တာ"

"အို... မဟုတ်ပါဘူးကွယ်၊ ခုပဲဒေါ်မိုး ထမင်းစားခန်းက ထွက်ခဲ့တာပါ"

"ရှိပါစေတော့ အဟင်း..ဟင်း..ဟင်း... သူက အေးရိပ်ငြိမ်မှာ တိုးနေတဲ့ အဖော်တယောက်လား"

"အို...သူက ရဲရဲ့ကျန်းမာရေးတာဝန်ကို ယူထားတဲ့ သူနာပြုဆရာမလေးပါ၊ နာမည်က မေကြည်ဖြူတဲ့"

ရဲသွေးက ရှင်းပြလိုက်သည်။

"အင်း...ထင်တော့ ထင်သားပဲ၊ အဖော်ပုံစံနဲ့တော့ မတူပါဘူးလို့၊ ထိုင်ပါဦးရဲရယ်၊ မတွေ့ရတာ နှစ်တွေအတော်ကြာခဲ့ပြီ၊ ပြောစရာစကားတွေ ရင်ထဲအပြည့်ပဲ သိလား"

နှစ်ယောက်ထိုင်ကုလားထိုင်ကြီးတွင် ရဲသွေးလက်ကို ဆွဲချ၍ ရွှန်းလဲ့ဝေက နှစ်ကိုယ်ယှဉ်တွဲ၍ ထိုင်လိုက်သည်။

"မေကြည်...လာလေ"

"အေးအေးဆေးဆေး စကားပြောပါ ကိုရဲ မေကြည် ခြံထဲ ခဏဆင်းလိုက်ဦးမယ်"

"အဟင်း...ရဲရဲ့သူနာပြုမလေးက မဆိုးပါဘူး၊ လူလေးက နုနယ်ချောမောသလို အလိုက်လည်း သိပ်သိတာပဲ၊ ရဲကျန်းမာရေး အိုကေတယ်မဟုတ်လား"

"အင်း...ဆိုပါတော့"

"ဟင်...ရဲကို ကြည့်ရတာ ရွှန်းလဲ့ရောက်လာတာကို ဝမ်းသာပုံလည်းမပေါ်ဘူး၊ ဘာလဲ ရဲက အနေဝေးသွားလို့ ရွှန်းလဲ့ကို

Scanned by CamScanner

စိမ်းသွားတာလား၊ ရဲသိဖို့က အခြေနေအရပ်ရပ်ကြောင့် ရဲကို စွန့်ခွာသွားပေမယ့် ရွှန်းလဲ့ ရဲကိုတနေ့မှ မမေ့ခဲ့ဘူးဆိုတာပဲ"

ထမင်းစားခန်းဆီသို့ မရောက်သေးသော မေကြည်ဖြူတယောက် ရွှန်းလဲ့ဝေ၏ စကားများကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ကြားလိုက်သည်။

ဒေါ်မိုးက မေကြည်ဖြူ၏ လက်ကလေးကို ဆွဲကာ ထမင်းစားခန်းထဲ ဝင်လိုက်သည်။

အတွင်းသို့ရောက်သည်နှင့်...

"သူပြောပြောနားမထောင်နဲ့၊ ရဲကို အထင်မလွဲနဲ့နော်၊ ဒေါ်မိုးသိတယ်၊ ရဲချစ်တာ တလောကလုံးမှာ မေကြည်ပဲရှိတယ်"

"ဒေါ်မိုးရယ်... ဒေါ်မိုး စေတနာတွေ မေကြည်သိပါတယ်၊ နားလည်ပါတယ်၊ မေကြည်လည်း ကိုရဲကို စိတ်ချမ်းသာစေချင်တဲ့ လူတယောက်ထဲမှာ ပါတဲ့သူပါ၊ အေးအတူပူအမျှ သူ့ဘဝကို မျှယူမယ့်လူဟာ တယောက်ကိုတယောက် အဆင်းသိအချင်းသိတဲ့လူဆိုရင် ပိုမကောင်းဘူးလား၊ သူတို့က ဂုဏ်ဒြပ်ခြင်း တတန်းတည်းလေ၊ မေကြည်ကတော့ ရွှန်းလဲ့ဝေနဲ့ ကိုရဲကို သဘောတူတယ်"

"မဟုတ်ဘူး၊ မဟုတ်သေးဘူး၊ ရဲကလည်းလေ ဘာဖြစ်လို့များ ဒီတန်ဖိုးမရှိတဲ့ မိန်းကလေးကို လက်ခံစကားပြောနေရတယ် မသိဘူး၊ အားနာတယ်ဆိုတာ နေရာတိုင်း အားနာ လို့မကောင်းဘူး"

"အဟင်း...ဟင်း...ဟင်း...ဒေါ်မိုးရယ်၊ စိတ်လျှော့ထားစမ်းပါ၊ နှစ်ရှည်လများ ကွဲကွာနေရသူအဖို့ ပြောစရာစကားတွေ တပုံတပင်ကြီးရှိနေမှာပေါ့၊ မေကြည် နားလည်တယ်၊ သဘောပေါက်တယ်၊ သူတို့ အေးအေးဆေးဆေး စကားပြောကြပါစေရှင်"

Scanned by CamScanner

"ကဲ...ဒေါ်မိုးလည်း လုပ်စရာရှိတာလုပ်၊ မေကြည် နောက်ဘက်ကနေ ခြံထဲဆင်းပြီး ရေကူးကန်ဘက် သွားလိုက်ဦးမယ်"

"ခဏလေးနော် ကြက်သားသုတ်ပြီးတာနဲ့ မေကြည့်ကို ထမင်းစားဖို့ ခေါ်လိုက်မယ်"

"ဟုတ်ကဲ့..."

မေကြည်ဖြူသည် မီးဖိုချောင်ထွက်ပေါက်မှ ခြံထဲဆင်းခဲ့သည်။ သည်အခါတွင် ဘယ်ကဘယ်က ကျလာမှန်းမသိသော မျက်ရည်များက မေကြည်ဖြူ၏ ပါးပြင်နှစ်ဖက်ပေါ် လိမ့်ဆင်း၍ လာကြ၏ ။

"အချစ်နဲ့ ပတ်သတ်လာရင် ငါဟာကံကောင်းတဲ့သူ တယောက်မဟုတ်ဘူးဆိုတာ သိပ်ကို သေချာသွားပြီ"

မေကြည်ဖြူသည် နှုတ်ခမ်းသားထောင့်စွန်းလေးကို ဖိကိုက်လိုက်ရင်း သွယ်ကျလာသော မျက်ရည်များကို သုတ်လိုက်သည်။

*

Scanned by CamScanner

အခန်း(၂၀)

"ကိုရဲ ထမင်းပွဲပြင်ပြီးပြီ"

"မကြည်ကော ဒေါ်မိုး ကျွန်တော် သွားခေါ်လိုက်မယ်"

"နေနေ သူရေကူကန်နားမှာ ဒေါ်မိုးပဲ သွားခေါ်လိုက်မယ် ကိုရဲ"

"အင်း...ဒေါ်မိုးလက်ရာတွေကတော့ ဒီအခန်းထဲထိတောင် မွှေးပျံ့နေတာပဲ၊ မြန်မာထမင်းဟင်းနဲ့ ဝေးနေတာ၊ ခုတော့တဝကြီး စားရတော့မယ်၊ ဒေါ်မိုးရေ အပိုတော့ရှိပါတယ်နော်"

"အေးရိပ်ငြိမ်က ထမင်းဟင်းတွေက အမြဲလိုလို သုံးလေးယောက်စာ အပိုရှိပါတယ် ရွှန်းလဲ့ရဲ့"

"လာ...ရွှန်းလဲ့"

"ရဲသွေးနှင့် ရွှန်းလဲ့ဝေတို့ ထမင်းစားခန်းဆီသို့ လျှောက်သွားကြသည်။

"ကိုရဲ"

"ဘာလဲ ရွှန်းလဲ့"

"ဒီသူနာပြုဆရာမလေးက ကိုရဲနဲ့ထမင်းအတူစားသလား၊ ကိုရဲတို့နေပုံက သိပ်ရင်းနှီး နေသလိုပဲ"

ဆေးရေးဆွဲထားသော မျက်ခုံးညိုညိုလေးကို မြှင့်ချီ၍ ရွှန်းလဲ့ဝေက ရဲသွေး၏ မျက်နှာကိုကြည့်ကာ မေးလိုက်သည်။

"ရွှန်းလဲ့ထင်တာ မဆိုးပါဘူး၊ ရဲတို့က နောင်ဆိုရင် ဒီထက်မက ရင်းနှီးကြသီးမှာ၊ အဟင်း..ဟင်း"

"ဟင်...ဘယ်လို...ဘယ်လို"

ထမင်းစားပွဲက ထိုင်ခုံတွင် မထသေးဘဲ ရွှန်းလဲ့ဝေက ရဲသွေး၏

Scanned by CamScanner

ရယ်နေသော မျက်နှာကို ဆတ်ခနဲကြည့်လိုက်သည်။

"ဟုတ်တယ် ရွှန်းလဲ့ရဲ့၊ ဆရာမလေး မေကြည်ဖြူကို ရဲက ဇနီးလောင်းအဖြစ် ရွေးလိုက်ပြီလေ"

"ဟင်...ရဲ...ရဲ၊ ဒါ...ဒါ...ရွှန်းလဲ့နဲ့ ပြန်မဆုံလို့ဆုံးဖြတ်လိုက်တာ မဟုတ်ဘူးလားဟင်၊ ခု...ခု ရဲအနားမှာ ရွှန်းလဲ့ရောက်နေပြီလေ၊ ရဲရဲ့ ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါ"

ရဲသွေးသည် သူ့လက်မောင်းကို လှုပ်ကိုင်၍ ငိုသံပါနဲ့ပြောနေသော ရွှန်းလဲ့ဝေကိုကြည့်ကာ လေးတွဲစွာ ခေါင်းယမ်းပြလိုက်သည်။

"ရဲရဲ့ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူး ရွှန်းလဲ့၊ ငယ်ငယ်ရွယ်ရွယ်မနူးမနပ်အရွယ်က ရွှန်းလဲ့နဲ့ တပူးပူးတတွဲတွဲ နေ့တိုင်းစိတ်လှုပ်ရှားခဲ့ရတယ်ဆိုတာ မငြင်းပါဘူး၊ ဒါပေမယ့် နှလုံးသားထဲက ပေါက်ဖွားလာတဲ့ သန့်စင် မွန်မြတ်တဲ့ အချစ်ဆိုတဲ့အရာကို ခုပဲကိုယ်သိခွင့် ရတော့တယ်၊ စွမ်းအားအပြည့်ရှိတဲ့ အချစ်ကို အခုမှပဲတွေ့တယ်၊ ရွှန်းလဲ့ ရဲကို ခွင့်လွှတ်ပါ၊ ရဲရဲ့ ဘဝအဖော်အဖြစ် မေကြည်ကလွဲလို့ ရဲဘယ်ကိုမှ မရွေးနိုင်ဘူးကွာ"

"ရက်စက်လိုက်တာ ရဲရယ်၊ ရဲ ဒီလိုလွယ်လွယ်လေးနဲ့ ရွှန်းလဲ့ကို ကျောခိုင်းရက်တယ်၊ ဟွန်း...အရင်းစစ်ရင် ရဲနဲ့ရွှန်းလဲ့ ခုလို ကွဲကွာသွားတာ ရဲဖေဖေကြောင့်ပဲ ရဲ..."

"ရွှန်းလဲ့...သေသွားရှာတဲ့ ရဲ ဖေဖေကို ထည့်မပြောပါနဲ့တော့၊ ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့ချင် ဖွဲ့ပါ၊ ကဲ...ထိုင်ပါကွာ၊ ရဲတို့အေးအေးဆေးဆေး ထမင်းလက်ဆုံစားကြတာပေါ့"

"ရဲ...ရဲ ရေ"

Scanned by CamScanner

"ဒေါ်မိုး...ဒေါ်မိုး အလန့်တကြားနဲ့ လန့်လိုက်တာဗျာ၊ မေကြည်ကော လိုက်မလာဘူးလား"

"မေကြည် ခြံထဲမှာ ရှိကို မရှိတော့တာ"

"ဗျာ..."

ရဲသွေးမျက်နှာသည် ရုတ်ချည်း သွေးဆုတ်ဖြူလျော်သွား၏ ။

"သူထွက်သွားတာနေမှာပေါ့၊ ဒါကိုရဲ မလိမ္မာလို့လို့ ဒေါ်မိုးမြင်တာပဲ"

"ဗျာ..."

"တဗျာဗျာနဲ့ ဘယ်လိုဖြစ်နေတာလဲ၊ ကိုဆောင်ကိုခေါ်ပြီး ဆရာမလေးကို လိုက်ရှာလေ"

"ဟာ...ဟုတ်တယ်...ဟုတ်တယ်"

"ရဲ မသွားရဘူး"

ရွှန်းလဲ့ဝေက ရဲသွေး၏ လက်မောင်းကို လှမ်းဆွဲထားလိုက်သည်။

"ရွှန်လဲ့ ရဲကို လွှတ်ပါ၊ ဒီကိစ္စက ရဲအတွက် သေရေးရှင်ရေးကိစ္စ ဖြစ်နေတယ်၊ ရဲနဲ့ ခင်မင်မှု မပျက်စေချင်ရင်တော့ ရဲလက်ကို ရွှန်းလဲ့ လွှတ်လိုက်ပါ"

ရွှန်းလဲ့ဝေသည် ခေတ္တမျှ တွေဝေသွားပြီးမှ နှုတ်ခမ်းထောင်းလေးကို ဖိကိုက်ကာ ရဲသွေးလက်ကို လွှတ်ပေးလိုက်သည်။

ရဲသွေးသည် ခြေလှမ်းကျယ်ကြီးများဖြင့် အိမ်ရှေ့သို့ ထွက်သွား၏ ။

မကြာမီ ကားမောင်းထွက်သွားသံကို ရွှန်းလဲ့ဝေ ကြားလိုက်ရသည်။

ရွှန်းလဲ့ဝေသည် သူကရှေ့တွင် ရှိနေသော ရေတာဖန်ခွက်ကို မော့ချလိုက်ပြီး စားပွဲပေါ်သို့ ဖန်ခွက်ကို ခပ်ခပ်ကြမ်းကြမ်း ချလိုက်သည်။

Book Sharing

Scanned by CamScanner

"ရွှန်းလဲ့ ထမင်း စားချင်စားနှင့်လေ၊ ကိုရဲက ကြာချင်ကြာမှာ"

"လူကို အရေးထဲများ ထမင်းလာစားခိုင်းနေတယ်၊ ဘယ်လို မိန်းမကြီးလည်းမသိဘူး၊ ကဲ...ပြောစမ်းပါ ဒီဆရာမစုတ်က ဘယ်မှာနေတာလဲ"

"မသိဘူး"

"ဖြစ်နိုင်မလား မသိဘူးဆိုတာ... ဒီအိမ်မှာ ဒီလောက် ပလူးပလဲနေကြတာ"

"ရွှန်းလဲ့ဝေ မင်းသိထားဖို့က အေးရိပ်ငြိမ်ဆိုတဲ့ အိမ်ကြီးပေါ်မှာ ဘယ်သူတဦးတယောက်မှ စည်းမဲ့ကမ်းမဲ့ မနေဘူး၊ ကုန်ကုန်ပြောမယ်၊ လက်ထပ်ဖို့ စေ့စပ်ပြီးကြတဲ့ ရွှေစင်ဦးနဲ့ ရဲသွေးတို့လည်း အိန္ဒြေသိက္ခာနဲ့ စည်းနဲ့ကမ်းနဲ့ နေခဲ့ကြတယ်၊ ဆရာမလေး မေကြည်ဖြူလည်း ဒီလိုပဲ၊ သိပ်အိန္ဒြေသိက္ခာ ကြီးမားတာ၊ ရဲကသာသူ့ကိုသေမတတ်ချစ်နေတာ၊ သူက ရဲကို အဖြေပေးသေးတာ မဟုတ်ဘူးကွယ့် "

"ဟွန်း...ကြီးကျယ်တော်မူလိုက်တာ၊ သူကဘာလို့ ဒီလောက်တောင် တင်းနေရတာ လဲ၊ ရဲလိုလူမျိုးကိုများ မူနေရတယ်လို့၊ ဟွန်း... ရယ်စရာကောင်းလိုက်တာ တကယ်ပဲ အဟင်း...ဟင်း"

"မိန်းမကောင်းမိန်မမြတ်တယောက်က ဆင်ခြင်တုံတရားကို လက်ကိုင်ထားတယ်၊ ဘာတခုကိုမှ လက်လွှတ်ခံမယ် မဟုတ်ဘူး၊ ဟေး... မင်းသိထားဖို့က မေကြည်က မိန်းမကောင်း မိန်းမမြတ်ပဲဆိုတာကို..."

ရွှန်းလဲ့ဝေသည် သူ့ရှေ့က ကုလားထိုင်ကို ဆောင့်တွန်းပစ်လိုက်ပြီး အိမ်ရှေ့ခန်းဆီသို့ ဒေါနဲ့မောနဲ့ ထွက်သွား၏။

မကြာခင် တယ်လီဖုန်းဆက်သံကို ဒေါ်မိုးကြားလိုက်ရသည်။

ဖုန်းဆက်သွယ်မှုရရှိသွားသည့်အခါတွင် အင်္ဂလိပ်ဘာသာ

Scanned by CamScanner

စကားဖြင့်ပြောနေသဖြင့် ဒေါ်မိုးနားမလည်ပါ၊ ဒေါ်မိုးသည် ရွှန်းလဲ့ဝေ၏ လှုပ်ရှားမှုများကို ဝေးဝေးကသာ လှမ်းကြည့် အကဲခတ်နေ၏ ။

*

Scanned by CamScanner

# အခန်း(၂၁)

"ဟင်...အမောတကောနဲ့ ဘယ်လိုဖြစ်လာတာလဲဟင် ကိုရဲ..."

"ထွေး...ထွေးထွေး မေကြည်အဆောင်ကို ပြန်လာလားဟင်"

"မလာဘူး၊ သူကိုရဲဆီကိုပဲ သွားတာလေ၊ ဟိုကို မရောက်သေးဘူးလား"

"ရောက်လာပါတယ်"

ရဲသွေးက အဖြစ်အပျက်များကို မေကြည်ဖြူ၏ အခန်းဖော်သူနာပြုဆရာမလေး ထွေးထွေးတင်အား ရှင်းပြလိုက်သည်။

"ဒုက္ခပါပဲ၊ မေကြည်ဘယ်ကိုများ ထွက်သွားလဲ မသိဘူး၊ ထွေးစိတ်ပူလိုက်တာ"

ထွေးထွေးတင်မှာ ရင်ကလေးဖို၍ စိုးရိမ်စိတ်လွန်ကဲနေ၏။

"ကမန်တော်လည်း အရမ်းစိတ်ပူတယ်၊ သူဘယ်နေရာတွေ သွားတတ်လဲဟင်... ထွေးထွေးသိရင် ပြောပြပါ"

"ဟင့်အင်း...ထွေးနဲ့ အတူအလုပ်တွဲလုပ်လာတာ နှစ်နှစ်လောက်ရှိပြီ၊ သူဘယ်မှ သွားတတ်တာ မရှိဘူး"

"ဟိုတခါသူရဲ့မွန်ဘက်ကို သွားတာ၊ အဲဒီ ကိုများ သွားသလားမသိဘူးဗျာ"

"သွားပါ့မလား၊ အဲဒီ နေရာကို ရဲသွေးတို့ သိထားတာပဲ၊ ထွေးအထင်တော့ သူတခုခုကို ရှက်ကြောက်သွားတယ်လို့ ထင်တယ်"

"ဘယ်လို တခုခုလဲဟင်"

"ဟင်း...ရှင်းရှင်းပဲပြောလိုက်ပါတော့မယ်၊ ကိုရဲသွေးက သူ့ကိုအဖြေတောင်းထားတယ် မဟုတ်လား"

Scanned by CamScanner

"ဟုတ်...ဟုတ်ပါတယ်"

"မနေ့ညက သူထွေးကိုပြောပြတယ်၊ သူ့နှလုံးသားရဲ့ တောင့်တချက်ကို သူသိရပါပြီတဲ့၊ အေးရိပ်ငြိမ်က ပြန်လာတည်းက အေးရိပ်ငြိမ်ကိုပဲ ပြန်သွားချင်တဲ့ စိတ်တွေ ဖြစ်နေတယ်တဲ့၊ အေးရိပ်ငြိမ်နဲ့ ဝေးသွားမှာကို သိပ်ကြောက်မိတယ်တဲ့၊ သူကစိတ်ကို သူသေသေချာချာ စစ်ဆေးဆန်းစစ်တော့ ကိုရဲကို သူချစ်နေမိပြီ ဆိုတဲ့ အဖြေကို ထွက်လာတယ်တဲ့၊ ကိုရဲကို ပြုစုစောင့်ရှောက်နေရင် သူကဘဝ ပြည့်စုံပြီး အရာရာမေ့နိုင်စွမ်း ရှိတယ်ဆိုတာ သိလာရတယ်တဲ့"

"သူ...သူ ဒီလိုပြောတယ် ဟုတ်လား၊ သူ...သူ သူ့ကိုတွေ့မှ ဖြစ်မယ်၊ သူ့ကို မတွေ့ရရင် ကျွန်တော် ရူးသွားနိုင်တယ်၊ ကျွန်တော့် ဘဝလည်း အရာရာဟာ သူပဲ၊ အေးငြိမ်းတဲ့ သူ့မျက်နှာလေး မြင်နေရရင် ကျွန်တော့်ဘဝ အရာရာအေးချမ်းတယ်၊ တကယ်လို့များ သူပြန်လာရင် ပြောပေးပါ၊ ရွှန်းလဲ့ဝေကို မိတ်ဟောင်းဆွေဟောင်းတယောက်ကို ပြန်တွေ့လို့ စကားလက်ခံပြောတဲ့ သဘောဖြစ်ပါတယ်လို့၊ ဒီထက်မပိုပါဘူးလို့ ပြောပေးပါနော်၊ မထွေးထွေး..."

"ဟုတ်ကဲ့ပါရှင်"

ရဲသွေးသည် အရူးမီးဝိုင်းသကဲ့သို့ ဘူတာရုံတွေ၊ ကားဂိတ်တွေနှံ့အောင် ရောက်ခဲ့သည့်ပြင် ရဲမွန်ရွာလည်း ရောက်ခဲ့ပါသည်။

မေကြည်ဖြူတယောက် မြေလျှိုးမိုးပျံသွားလေလားမသိ၊ ရဲသွေးတယောက် ရှာဖွေ၍ မတွေ့နိုင်ခဲ့ပါ။

နောက်ဆုံးတွင်တော့ ခြေကုန်လက်ပန်းကျသကဲ့သို့ အိမ်ကို ပြန်ရောက်ကာ ခုတင်ပေါ်တွင် မလှုပ်နိုင်အောင် ဖြစ်နေတော့သည်။

*

Scanned by CamScanner

# အခန်း(၂၂)

`ထွေး...'

`ဟင်... မေကြည်၊ ဘယ်ကပြောနေတာလဲ၊ဘယ်ရောက်နေတာလဲဟင် ပြောစမ်းပါ၊ ထွေး အရမ်းစိတ်ပူနေတယ်၊ ကိုရဲသွေးလည်း မင်းကို လိုက်ရှာတာ နေရာနှံ့နေပြီ၊ မင်းဘယ်လိုဖြစ်သွားရတာ လဲ မေကြည်ဟင်...'

`အဟင်း... ကံတရားက မေကြည့်ကို မျက်နှာသာမပေးဘူးလို့ ယူဆမိတာနဲ့ ငြိမ်းချမ်းမယ့်နေရာ တနေရာကို ထွက်သွားတာပါ၊ ဘယ်ရောက်နေတယ်ဆိုတာ မသိချင်ပါနဲ့၊ မေကြည် စိတ်ပြေလက်ပျောက် ရှိတော့မှ အဆောင်ပြန်ခဲ့မယ်၊ ထွေးအရမ်းစိတ်ပူမှာ ဆိုးလို့ အများသုံးဖုန်းကနေ ဆက်လိုက်တာ'

`မေကြည်...မင်း... ကိုရဲသွေးကို ရင်မဆိုင်ဘဲ ဘာဖြစ်လို့ထွက်သွားရတာ လဲကွာ'

`လိုသေးလို့လားထွေးရယ် သူ့ဘဝအတွက် အသင့်တော်ဆုံးဖြစ်မယ့်လူ သူ့အနားမှာ ရောက်နေပြီပဲ'

`မင်းမှားနေပြီ၊ သူ့အတွက်အလိုအပ်ဆုံးက မင်းပဲ...မင်း'

`တော်ပါတော့ ထွေးရယ် ၊မေကြည့်အတွက်တော့ ဒီအတွေးတွေ မြောင်းထဲရောက်သွားပါပြီ၊ သူ့အကြောင်းကို မပြောပါနဲ့တော့ကွာ၊ မေကြည့်အသိဉာဏ်ထဲက သူ့ကို ဖျောက်ဖျက်နိုင်အောင် မေကြည် ကြိုးစားနေတယ်၊ မေကြည် ခုရောက်နေတဲ့ စိတ်ဒုက္ခက တော်တော်ဆိုးတယ်၊ မေကြည့်ကို မောင်ပစ်သွားတုန်းက ဒီလောက်မခံစားရဘူး၊ ရင်ထဲမှာ ဒေါသယှဉ်မိတယ်၊ ခုတော့...ခုတော့ သိပ်ခံစားရတာ ပဲ၊ ဟင့်...ဟင့်'

`မေကြည်...မေကြည်'

Scanned by CamScanner

မေကြည်ဖြူက ဖုန်းချသွားသဖြင့် ထွေးထွေးတင် မှာ စကားပြောခွက်ကို လက်က ကိုင်ထားပြီး ဘာလုပ်ရမှန်းမသိ ဖြစ်ကျန်ခဲ့သည်။

ထိုစဉ်မှာ တခြားသူနာပြုမလေးက သူနာပြုနားခိုခန်းရှေ့သို့ ရောက်လာသည်။

`ထွေးထွေး အပြင်မှာ မေကြည်ဖြူကို လာရှာတဲ့ဧည့်သည် ရောက်နေတယ်'

`ဟင်... ဘယ်သူများလဲ၊ ခုတင်ကပဲ ကိုရဲသွေး ဒီက ပြန်သွားတာ'

ထွေးထွေးတင်သည် တယ်လီဖုန်းကို ပုခက်တွင် ပြန်ချိတ်ပြီး ဧည့်သည်ရှိရာသို့ ထွက်ခဲ့ရာ ဧည့်ခန်းတွင် တောင့်တောင့်ဖြောင့်ဖြောင့်နှင့် ရဲတင်းစူးရှသော မျက်လုံးရှိသည့် အမျိုးသမီး တဦးကို တွေ့ရသည်။

`မေကြည်နဲ့တွေ့ချင်တယ်ဆိုတာ'

`ဟုတ်တယ်တယ်...တို့ပဲ၊ မင်းက ဟိုဆရာမ မေကြည်ရဲ့ အိပ်ခန်းဖော်ဆိုတာလား'

`ဟုတ်ပါတယ်'

`ထိုင်ပါဦးလေ..'

ထွေးထွေးတင်သည် ဧည့်သည်အမျိုးသမီးနဲ့ မျက်နှာချင်းဆိုင်တွင်ဝင်ထိုင်လိုက်သည်။

`တို့နာမည်က ရွှန်းလဲ့ဝေပါ၊ တို့ကဒီနေ့ပဲ ဖောရိမ်းက ရောက်လာတာ၊ တို့နဲ့ကိုရဲသွေးက ချစ်သူတွေဘဝ နေခဲ့ကြပြီး လူကြီးတွေ အဆင်မပြေလို့ ကွဲကွာနေကြရတာ ...'

`နေပါဦး...ဒီကိစ္စတွေက ကျွန်မတို့နဲ့ဘယ်လို ပတ်သတ်နေလို့များ လာပြောတာပါလိမ့်'

Scanned by CamScanner

ထွေးထွေးတင်က အူတူတူပုံစံဖြင့် မေးလိုက်သည်။

`ပတ်သတ်နေလို့ပါ၊ မင်းသူငယ်ချင်း မေကြည်ဖြူနဲ့ ပတ်သတ်နေလို့ ပြောရတာ ပါ၊ မင်းကတဆင့် မေကြည်ဖြူကို ပြောပေးပါ၊ ကိုရဲရဲ အချစ်ဦး... သူ့အိမ်ထောင်ဖက်အမှန်အကန် ဖြစ်ရမယ့်သူ ရောက်လာလို့ ကြားကာလမှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စအားလုံး မေ့ပစ်လိုက်ပါလို့၊ သူ့အထိနာမှာ စိုးလို့ တို့က စေတနာနဲ့ လာသတိပေးတာပါ'

`လွယ်လိုက်တာ၊ လူတဦးတယောက်ရဲ့ နှလုံးသား ရေးရာကို ချေဖျက်ဖို့ဆိုတာ ထမင်းစားရေသောက်သလောက် မလွယ်နိုင်ပါဘူး၊ ဒေါ်ရွှန်းလဲ့ဝေ၊ ကိုရဲနဲ့ မေကြည်ဖြူကို သေမင်းက လွဲလို့ ဘယ်သူမှ မခွဲနိုင်ဘူးလို့ ကျွန်မထင်တာပဲ၊ ကျွန်မမှာ အလုပ်ရှိတယ်၊ ခွင့်ပြုပါ'

`ဟော့ မင်းနေဦး'

ထွေးထွေးတင်သည် ယောင်၍ မျှပင် မကြည့်ဘဲ သူ့လူနာအတွက် ဆေးထုတ်ရန် ရုံးခန်းသို့ထွက်သွား၏ ။

`တောက်...တယောက်နဲ့တယောက် ပင်းနေလိုက်ကြတာ၊ သူတို့ကို ဘယ်တော့မှမရစေရဘူး၊ ငါရအောင်ခွဲမယ်'

စိတ်ဆိုးမာန်ဆိုးဖြင့် ရွှန်းလဲ့ဝေသည် ဧည့်ခန်းမှထကာ အဝှားယာဉ်ဆီသို့ ပြန်ခဲ့သည်။

*

Scanned by CamScanner

## အခန်း(၂၃)

"ကိုရဲ"

ရဲသွေးသည် အလွန်မောပန်းနေရာမှ မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်လိုက်သည်တွင် သူ့ဦးလေးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဖေမြင့်မောင်ကို တွေ့လိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲ ငါ့တူရာ..."

"ကျွန်တော့်ကို ဆေးမကုပါနဲ့တော့ ဦးဦး၊ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံ ရှိပါစေတော့"

"အသိဉာဏ်နဲ့တဲ့ စကားကို မပြောနဲ့ကိုရဲ၊ လူ့အသက်တချောင်းဆိုတာ အင်မတန်မှ ရခဲတာ၊ မင်းဖြစ်ချင်တာတွေ ဖြစ်လာတဲ့နေ့ကျရင် မင်းဒီစကားပြောမိတာကို ကောင်းကောင်း နောင်တရလိမ့်မယ်"

"အဟင်း...နောင်တရစရာ ဘာအကြောင်းမှ မရှိတော့ပါဘူး ဦးဦး၊ ကျွန်တော် အားပြုနေတဲ့ အလင်းရောင်ပျောက်သွားပြီဗျ"

"ငါ့နှယ်ကွာ ပျော့လိုက်တဲ့စိတ်၊ ဦးဦးကို နှစ်ရက်သာ အချိန်ပေး၊ မင်းလိုလားတဲ့ အလင်းရောင်ကို ပြန်ပြီးတွေ့မြင်စေရမယ်၊ ဘယ့်နှယ်လဲ"

ရဲသွေးသည် မျက်လုံးများကို မှတ်၍ ထားနေ၏ ။

"မင်းကို ဦးဦးကတိပေးတယ်၊ မင်းစိတ်ချမ်းသာဖို့ ကိစ္စအတွက် ဦးဦးတာဝန်ယူတယ်၊ မင်းသာ ဦးဦးကို နှစ်ရက်တန်သည်ဖြစ်စေ၊ သုံးရက်တန်သည်ဖြစ်စေ အချိန်ပေး...ဘယ်နှယ့်လဲ"

"ကျွန်တော် ဘာမှ မပြောတတ်တော့ပါဘူး၊ ဦးဦးကောင်းသလိုသာ စီစဉ်ပါတော့ဗျာ"

Scanned by CamScanner

"ကောင်းပြီ ဒါဆိုဦးဦး အသစ်ပေးခဲ့တဲ့ဆေးကို အချိန်မှန်မှန်သောက်၊ ဦးဦးက မင်းကို မနက်တခါ ညတခါလာကြည့်မယ်၊ မင်းကို အနီးကပ်ပြုစုပေးဖို့ သူနာပြုဆရာမလေးတယောက် ခုရောက်လာလိမ့်မယ်၊ သူ့စကားကို မင်းနားထောင်ရမယ် ဟုတ်ပြီလား"

ရဲသွေးက ခေါင်းညိတ်ပြလိုက်သည်။

မကြာခင်မှာပဲ ဆရာဝန်ကြီး တိုက်ကျွေးထားသော ဆေးတန်ခိုးကြောင့် ရဲသွေးအိပ်ပျော်သွားပါသည်။

ထိုအချိန်တောအတွင်းမှာ မေကြည်ဖြူ့သူငယ်ချင်းထွေးထွေးတင်သည် ရဲသွေးကို ကျန်းမာရေး စောင့်ရှောက်ပေးရန်အတွက် အေးရိပ်ငြိမ်သို့ ရောက်ရှိလာပါသည်။

ဒေါက်တာဦးဖေမြင့်မောင်က ထွေးထွေးတင်ကို ညွှန်ကြားချက်များပေးပြီး ပြန်လည်ထွက်ခွာ သွားသည်။

ထွေးထွေးတင်သည် ရဲသွေးမျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ဂရုဏာသက်နေမိသည်။

"မေကြည်ရယ်... မင်းမေတ္တာကို တောင့်တင့်လင့်နေတဲ့ ကိုရဲသွေးဆီ အမြန်ပြန်လာခဲ့ပါကွာ"

*

ရဲသွေးသည် အချိန်ကြာမြင့်စွာ အိပ်စက်နေပြီးမှ ပါးစပ်မှမေကြည်... မေကြည်ဟု တိုးညှင်းစွာ တမ်းတရင်း အိပ်ရာမှ နိုးလာခဲ့သည်။

"ကိုရဲသွေး...ကိုရဲသွေး"

သူ့လက်နှစ်ဖက်ကိုညင်သာစွာ ဆုပ်ကိုင်၍ သူ့အမည်ကို တိုးတိုးညင်းညင်းခေါ်လိုက်သံ ကြားရလျှင် ရဲသွေးသည် လေးပင်နေသော

Scanned by CamScanner

မျက်ခွံများကို အားယူ၍ ဖွင့်ကာ အသံရှင်ကို ကြည့်လိုက်သည်။

"ဪ...ဆရာမထွေးထွေးတင်ကိုး"

"ဟုတ်တယ် ကိုရဲ၊ ဆရာကြီးက ကိုရဲကိုကြည့်ပေးဖို့ ထွေးကို ခေါ်လိုက်တာ"

"ထွေးထွေးကျွန်တော့်ကို လာကြည့်တာ ကျေးဇူးတင်ပါတယ်ဗျာ"

ရဲသွေး၏ လေသံက အားနည်းတိုးတိမ်နေပါ၏။

"ကိုရဲရယ်...မေကြည်နဲ့ပတ်သတ်နေတာပဲ၊ ရှင့်ကိုထွေးတို့ ဘယ်မျက်ကွယ်ပြုပါ့မလဲရှင်"

"မေကြည် ကျွန်တော့်ကို ထားသွားပြီဗျာ"

"သူ ကိုရဲဆီ ပြန်လာမှာပါ၊ ဒီအတွက် ဆရာကြီးကလည်း တာဝန်ယူပြီးသွားပြီပဲ၊ ကိုရဲသာ နေကောင်းအောင်နေနော်၊ ထွေးကိုလည်း အားမနာနဲ့၊ ခိုင်းချင်တာသာ ခိုင်း...ရတယ်"

"ဟုတ်ကဲ့"

ရဲသွေးနှင့် သူနာပြုဆရာမလေး ထွေးထွေးတင်တို့ စကားပြောနေစဉ် သူ့ခုတင် နံဘေးတွင် ချထားသော ဖုန်းကလေး မြည်လာသည်။

"ထွေးထွေးပဲ ကိုင်လိုက်ပါ"

"ဟုတ်ကဲ့"

"ဟလို...အေးရိပ်ငြိမ်ကပါ"

"ရဲနဲ့ပြောချင်လို့..."

သူ့အသံကို ထွေးထွေးတင် ရုတ်ခြည်း မှတ်မိလိုက်သည်။

Scanned by CamScanner

"ဒေါ်ရွှန်းလဲ့ဝေလား၊ ကိုရဲသွေးကို ဆေးတိုက်ထားလို့ အိပ်ပျော်နေတယ်ရှင့်"

"ရွှန်းလဲ့ဝေလား"

"ဟုတ်တယ်"

ထွေးထွေးတင်က စကားပြောခွက်ကို လက်ဖြင့်အုပ်၍ ရဲသွေးကို ဖြေလိုက်သည်။

"ကျွန်တော်သူနဲ့ မတွေ့ချင်ဘူး၊ တွေ့ဖို့လည်းမကြိုးစားပါနဲ့လို့ ပြောလိုက်ပါဗျာ"

"ကိုရဲသွေးက ပြောပါတယ်၊ သူ့ကိုတွေ့ဖို့ မကြိုးစားပါနဲ့တဲ့၊ ရှင့်ကိုမတွေ့ချင်ဘူးလို့ ပြောခိုင်းပါတယ်"

"ဒါနဲ့ခုနတုန်းကတော့ အိပ်နေတယ်ဆို၊ ညည်းဘာစကားပြောတာလဲ"

"ကာယကံရှင်ရဲ့ဆန္ဒအတွက် ကျွန်မပြောနေတာပါ"

"သူ့လက်ထဲ ခုချက်ခြင်း ဖုန်းပေးလိုက်စမ်းပါ"

"ဒါလည်း ကာယကံရှင်က ခေါင်းယမ်းပြနေလို့ ကျွန်မပေးလို့မရပါဘူး"

"တောက်...ရဲဒီလိုဆက်ဆံတာတော့ ခွင့်မလွှတ်နိုင်ဘူး၊ သိမယ်..."

တဖက်က ကြိမ်းဝါးပြီး ဖုန်းပြန်ချသွားသည်။

စိတ်မောဟန်ဖြင့် "ဟင်း" ခနဲသက်မချရင်း တယ်လီဖုန်းလေးကို စားပွဲပေါ်သို့ ထွေးထွေးတင်က ချလိုက်သည်။

"သူ စိတ်ဆိုးသွားပြီ မဟုတ်လား"

"သူက ရှင့်ကို ခွင့်မလွှတ်နိုင်ဘူးလို့ ပြောသွားတယ်"

Scanned by CamScanner

"သူခွင့်လွှတ်လွှတ်...မလွှတ်လွှတ် အကြောင်းမဟုတ်ပါဘူး၊
ကျွန်တော့်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေတာ မေကြည့်ကို ရှာတွေ့ဖို့ပဲ"

"တွေ့မှာပါရှင်...ရှင့်စိတ်ကို စိတ်အေးအေးထားပါ"

*

Scanned by CamScanner

## အခန်း(၂၄)

သီလရှင်ကျောင်းတကျောင်းတွင် နေကာ စိတ်ဖြေသိမ့်မှုကို ရှာနေသော သူနာပြုဆရာမလေး မကြည်ဖြူသည် သတင်းစာတစောင်၏ ကြော်ငြာချက်ကို ဖတ်လိုက်ရသည်နှင့် ကြိမ်စကြာနဲ့ရိုက်၍ ခေါ်လိုက်သကဲ့သို့ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာဖေမြင့်မောင် ရုံးခန်းသို့ ရောက်ခဲ့ရပါသည်။

သူ့ရှေ့တွင် ခေါင်းငုံ့ချထားကာ ထိုင်နေသော မကြည်ဖြူကို ဆရာကြီးသည် အတန်ကြာအောင် ကြည့်နေပြီးမှ သူပြောချင်သော စကားကို ဆက်လိုက်သည်။

"ရဲက မင်းကို သံသယဇဉ် ရှိနေတယ်၊ မင်းကို သူ့ဘဝရဲ့အလင်းရောင် သူခံယူခဲ့လို့ နှလုံးခုန် အထောက်အကူပြုပစ္စည်းကို သူ့ခန္ဓာကိုယ်ထဲ ခွဲစိတ်ပြီးထည့်ဖို့ ကိစ္စကို သူလက်ခံခဲ့တယ်၊ သူ့အသက်ကို ဘယ်လောက်ဆွဲဆန့်ထားနိုင်မယ်ဆိုတာ ဆရာကြီးတို့လည်းမသိဘူး၊ ဒါ သူ့ကံကြမ္မာပေါ်မှာပဲ မူတည်တယ်၊ စောစောပိုင်းကတော့ မင်းမှာ ရည်ရွယ်ထားတဲ့လူ ရှိနေပြီးသာဆိုတော့ ဆရာကြီးအနေနဲ့ ဖြစ်စေချင်တဲ့ ဆန္ဒကို မတရားလွန်းရာ ကျနေမှာစိုးလို့ မင်းကို ဖွင့်မပြောနိုင်ခဲ့ဘူး၊ ခုတော့ မင်းချစ်သူအကြောင်းလည်း ဆရာကြီး သိခဲ့ရပြီ မကြည်ဖြူ"

မကြည်ဖြူသည် တဖြည်းဖြည်းခေါင်းလေးမော့လာကာ ဆရာကြီးကို ကြည့်လိုက်သည်။

ဆရာကြီးက ဆုံးခန်းမတိုင်သေးသော သူ့စကားကို ဆက်ပြန်သည်။

"မင်းရဲ့စေတနာ၊...မင်းရဲ့မေတ္တာ
မင်းဂုဏ်ကပြုစုစောင့်ရှောက်ပေးမှုတွေကို သူခံစားခွင့်ရရင် ၊ ပြီးတော့ တိုးတက်နေတဲ့ ဆေးပညာနဲ့ ခွဲစိတ်ပေးထားမှုကလည်း သူ့ကိုအထောက်အကူပြုနေရင် သူ့ဘဝငြိမ်းချမ်းသာယာပြီး သူ့အသက်ကို အချိန်ကာလ

Scanned by CamScanner

ကြာမြင့်စွာဆွဲဆန့်ထားနိုင်မယ်လို့ဆရာကြီး ယုံကြည်တယ်၊ ဆရာကြီးပြောတဲ့ စကားတွေက မေကြည်ဖြူဘက်ကကြည့်ရင် သိပ်များ မတရားလွန်းနေလားဟင်”

“မေကြည်...မေကြည် သူ့ကို မျက်ကွယ်ပြုထားနိုင်သူ မဟုတ်ပါဘူး ဆရာကြီးရယ်၊ ဒါနဲ့ မေကြည်ထက် ရှေးဦးမဆွက ကြုံတွေ့ခဲ့တဲ့ မိန်းကလေးက ခု သူ့ဘေးနားမှာ ရောက်နေပြီ မဟုတ်လား၊ မေကြည်ထက်စာရင် သူနဲ့ကိုရဲ...”

“နိုး...နိုး...နိုး... ဒီမိန်းကလေးနဲ့ ဘယ်လောက်ရှေးကျကျက တွေ့လာတွေ့လာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ခုရဲရင်ထဲမှာ သူမရှိဘူး၊ သူ့စရိုက် သူ့ဗီဇတွေကလည်း ရဲနဲ့ဗြဒါးတလမ်း သံတလမ်းတွေချည်းပဲ၊ မေတ္တာဂရုဏာကြီးမားပြီး ပြုစုယုယမှုတွေ ရဲကိုပေးနိုင်တာက မင်းပဲရှိတယ် မေကြည်ဖြူ၊ ရဲမင်းအတွက် ခံစားနေရတယ်၊ ဒါကို မင်းဥပေက္ခာ ပြုနိုင်သလား၊ မပြုနိုင်ဘူးလားဆိုတာ စဉ်းစားပါ၊ ရဲဆီက ဆရာကြီး အချိန်သုံးရက် တောင်းလာတယ်၊ အဲဒါ မနက်ဖြန်ဆိုပြည့်ပြီ၊ ရတဲ့အချိန်အတွင်း မင်းစဉ်းစားဆုံးဖြတ်ပေးပါလို့ ဆရာကြီးတောင်းပန်ပါတယ်”

“ဟုတ်...ဟုတ်ကဲ့ပါ ဆရာကြီး”

“ခုသူ့အနားမှာ မင်းသူငယ်ချင်း ထွေးထွေးတင်စောင့်နေတယ်၊ မင်းသူ့ဆီ....”

ဆရာကြီးစကား အဆုံးမသတ်ခင် စားပွဲပေါ်ချထားသော ဖုန်းက အသံမြည်လာသည်။

ဆရာကြီးက ဆုံလည်ကုလားထိုင်တွင် သူ့ကကိုယ်ကို ပြန်၍ မတ်ထိုင်ရင်း ဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

“ထွေးထွေးတင်...ရဲ ဘာဖြစ်လဲ၊ ဟင်... ဟုတ်လား၊ အဖျားသွေးက ၁၀၄ ဟုတ်လား၊ ဟာဒါဆို ဖျားတာပေါ့ ရေခဲအုပ်ထားပေး...ကိုယ် ခု လာခဲ့မယ်”

Scanned by CamScanner

ဆရာကြီးသည် ထိုင်ခုံမှ လျင်မြန်စွာထပြီး သူ့ကုတ်အင်္ကျီ ချိတ်မှဖြုတ်၍ ဝတ်ရင်း မေကြည်ဖြူကို ကြည့်လိုက်သည်။

မေကြည်ဖြူသည် မျက်နှာလေးသွေးဆုတ်ဖြူလျော်စွာဖြင့် ဆရာကြီးကို ပြန်ကြည့်နေ၏ ။

"ဆရာကြီး သွားမယ်"

"ဆရာကြီး မေ...မေကြည်လည်း လိုက်ပါရစေ"

ဆရာကြီး ဖေမြင့်မောင်၏ ပူပင်သောကဖြစ်သော မျက်နှာပေါ်တွင် ရွှင်လန်းအားတတ်ခြင်း ရုတ်ချည်းဖြစ်၍ လာသည်။

"အို .... ဝဲကမ်း...ဝဲကမ်း၊ ကိုယ်နဲ့တခါတည်းလိုက်ခဲ့"

မေကြည်ဖြူသည် ဆရာကြီး ဖေမြင့်မောင် ဆေးအိတ်ကို ကူ၍ ဆွဲကာ သူ့ကားဆီသို့လိုက်ခဲ့ရင်း ရဲသွေးတယောက်ခလုတ်မထိ ဆူးမငြိဖို့ အမြန်ကျန်းမာလာဖို့ ဆုတောင်းနေမိ၏ ။

ဆရာကြီးက သူ့အတွက် ရှေ့ခန်းတံခါးဖွင့်ပေးသည်။

"တက်...စကားပြောလို့လည်းရအောင် ရှေ့ခန်းမှာ ထိုင်"

မေကြည်ဖြူ ကားပေါ်တက်လိုက်သည်၊ ဆရာကြီးက ကားရှေ့ခန်းတံခါး ပိတ်ပေးပြီး ယဉ်မောင်းနေရာ ဝင်ထိုင်လိုက်သည်။

မကြာမီ ဆေးခန်းရှေ့မှ ဆရာကြီး ဖေမြင့်မောင် ကားမောင်းထွက်လာသည်။

"ရဲနဲ့ ရွှန်းလဲ့ဝေတို့က ငယ်သူငယ်ချင်းတွေပဲ၊ ဒါပေမယ့် ရွှန်းလဲ့ဝေ ကငယ်ငယ်ကတည်းက မိန်းကလေးအပေါင်းအသင်းထက် ယောက်ျားလေးအပေါင်းအသင်းကိုထားပြီး ဒွေးရောယှက်တင် နေတာ၊ ဆရာအကိုကြီးက လုံးဝမကြိုက်ဘူး၊ သူ့သားကိုလည်း ကျွမ်းဝင်မှု မပိုဖို့

Scanned by CamScanner

သတိပေးတယ်၊ ဆုံးမတယ်၊ ဒီအကြောင်း ရွှန်းလဲ့ဝေသိတော့ ခပ်ရိုင်းရိုင်းပဲ၊ ကိုယ့်အကိုဆီ ဖုန်းဆက်ပြီး တနေ့ အန်ကယ့်သား ရဲကို ရွှန်းလဲ့အရယူပြီး အေးရိပ်ငြိမ်ပေါ်တက်လာမယ်၊ အန်ကယ် သတိထားနေလို့ ချလင်းလုပ်တယ်ကွာ၊ အဲဒီ မှာတင် အကိုကြီးက အက်ဆီးဒန့်နဲ့ဆုံးသွားရှာတဲ့ သူ့သူငယ်ချင်းလင်မယားရဲ့ သမီးလေးကို သူက ကျောင်းအိပ်ကျောင်းစားထားပြီး စောင့်ရှောက်ပေးထားတဲ့ ရွှေစင်ဦးဆိုတဲ့ မိန်းကလေးကို အေးရိပ်ငြိမ်ပေါ် ဆွဲတင်လာပြီး တနေ့သူ့ကို ရဲသွေး လက်ထပ်ရမယ်ဆိုပြီး ခေါင်းထဲ ရိုက်သွင်းထားတယ်၊ ရဲသွေးက မိဘစကားနားထောင်တဲ့ ကလေးဆိုတော့ သူ့အဖေစကားနားထောင်ပြီး ရွှန်းလဲ့ဝေကို ရှောင်ရှာပါတယ်၊ နောက်ဆုံး ရဲကို ဘယ်လိုမှ ချည်းကပ်လို့မရမှန်းသိတော့ တိုဖယ်အောင်တာနဲ့ သူလည်းကျောင်းလျှောက်ပြီး နိုင်ငံခြားရောက်သွားတော့တာပဲ၊ အဲဒါ သူတို့ရဲ့ ရာဇဝင်အမှန်ပဲ တူမရေ၊ မင်းစဉ်းစားခြင့်ချိန်နိုင်အောင် ဆရာကြီးက ပြောပြတာပါ"

"ဟုတ်…ဟုတ်ကဲ့ဆရာကြီး"

*

အေးရိပ်ငြိမ်၏ ဆင်ဝင်အောက်သို့ ကားဆိုက်သည်နှင့် မေကြည်ဖြူသည် သူ့ပေါင်ပေါ်တွင် တင်ထားသော ဆရာကြီး ဖေမြင့်မောင်၏ ဆေးအိတ်ကိုင်တာ လှေကားထစ်များပေါ်သို့ ကမူးရှူးထိုး ပြေးတက်သွားပါတော့သည်။

ဆရာကြီးသာ် မျက်မှောင်ကြီးကြုတ်လျက် မေကြည်ဖြူ၏ လှုပ်ရှားမှုကို ကြည့်နေရာမှ သဘောတရားနားလည်သွားပြီး အလွန်ကျေနပ်ဟန်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး လှေကားထစ်များပေါ် တက်ခဲ့တော့သည်။

*

"ကိုရဲ…ကိုရဲ"

Scanned by CamScanner

“ဟင်…မေကြည်”

ထွေးထွေးတင်သည် ရဲသွေး၏ နဖူးပေါ် ရေခဲကပ်ပေးနေရာမှ မေကြည်ဖြူကို တွေ့လိုက်ရ၍ ဆတ်ခနဲ ထရပ်လိုက်သည်။

“ထွေး…ထွေး…သူ…သူ ဘယ်လိုနေ…ကိုယ်…ကိုယ်တွေ ပူလိုက်တာ”

ရဲသွေး၏ နဖူးကို စမ်းကြည့်ပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏ ။

သူ့မျက်နှာပေါ်တွင် ပူနွေးသော မျက်ရည်ပေါက်တို့၏ အထိအတွေ့ကို ခံစားလိုက်ရသောအခါ ရဲသွေးသည် မျက်လုံးများကို အားယူ၍ ဖွင့်ကြည်လာသည်။

“ကိုရဲ…ကိုရဲရယ်”

“မေကြည်…မေကြည် ကိုယ့်ဆီလာတယ်နော်”

“မေကြည်…မေကြည် ကိုရဲကို ဘယ်တော့မှ ထားမသွားတော့ပါဘူး၊ ကတိပေးပါတယ်ရှင်”

ရဲသွေးလက်များကို ဆုပ်ကိုင်၍ မေကြည်ဖြူ ကတိပေးလိုက်သည်။

ရဲသွေး၏ ဖြူလျော့နေသော မျက်နှာတွင် အပြုံးပန်းများ ပွင့်လန်းလာ၏ ။

တယောက်မျက်နှာ တယောက်ကြည့်၍ ငြိမ်သက်ကာ တိတ်ဆိတ်နေသူများထဲမှ ဆရာကြီး ဖေမြင့်မောင်က စတင်၍ လှုပ်ရှားလာ၏ ။

“ရဲက ဘယ်လိုဖြစ်ပြီး ဖျားသွားတာလဲ”

“မဖျားခံနိုင်မလား ဆရာကြီးရယ် မေကြည်ထွက်သွားတဲ့နေ့က တညလုံး လသာဆောင်မှာ ထိုင်နေတာ၊ အအေးပတ်သွားတာနေမှာပေါ့”

ဒေါ်ဒေါ်မိုးက ဝင်ပြောလိုက်သည်။

Scanned by CamScanner

"စိုးရိမ်စရာ မရှိပါဘူးလေ၊ သူ့ကို အနီးကပ်ပြုစုမယ့်သူ ရောက်လာပြီပဲ၊ ဆေးတောင်တိုက်ဖို့ လိုပါတော့မလား မသိဘူး၊ အဟင်း...ဟင်း..ဟင်း"

ဆရာကြီးဖေမြင့်မောင်က နောက်လိုက်သဖြင့် မေကြည်ဖြူမှာ ရှက်အားပိုကာ မျက်နှာလေး မထားတတ်နိုင်အောင် ဖြစ်နေပါသည်။

"ကဲ... လူနာကြီးကို ဝတ္တရားရှိတဲ့အတိုင်း စပ်သပ်ကြည့်ရမှာပဲ"

ဒေါက်တာဖေမြင့်မောင်က ရဲသွေးအနီးတွင်ထိုင်ကာ နားကျပ်ဖြင့် နားထောင်ခြင်း၊ အဖျားသွေး စမ်းခြင်း၊ သွေးခုန်နှုန်းစမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ပါသည်။

အဖျား တရှော့သုံးကျော်နေသေးသဖြင့်အဖျားကျစေရန် လိုအပ်သည့် ဆေးဝါးနဲ့ လိုအပ်သည့် ညွှန်ကြားချက်များကို ဆရာမလေး မေကြည်ဖြူနဲ့ ထွေးထွေးတင်ကို မှာကြားလိုက်သည်။

"ကဲတူတော်မောင်၊ နေကောင်းအောင်သာ ကြိုးစားပေတော့၊ ဦးတာဝန်ယူတဲ့အတိုင်း ဆရာမလေးမေကြည်ဖြူကို မင်းဆီပို့ပြီးပြီနော်"

"ကျေးဇူးတင်ပါတယ် ဦးဦး"

"ထွေး ဆေးခန်းကို ပြန်ရတော့မှလား ဆရာကြီး"

"ဒီနေ့တော့ နေလိုက်ပါ၊ ဒီကောင်ကြီး အဖျားက များနေသေးတယ်၊ မေကြည်ဖြူလည်း အဖော်ရတာ ပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ ဦးဦးသွားမယ်၊ လိုတာရှိရင် ဖုန်းဆက်လိုက်"

"ဟုတ်ကဲ့ပါ ဦးဦး"

ထွေးထွေးတင်က ဆရာကြီး ဖေမြင့်မောင် ဆေးအိတ်ကိုဆွဲ၍ ကားဆီ

Scanned by CamScanner

ပို့ပေးလိုက်သည်။

"မေကြည်ကို ခေါ်လာတာ ကျေးဇူးတင်ပါတယ် ဆရာကြီး"

"အေးကွာ...သူတို့ချင်းပြေလည်သွားကြပါစေလို့ ဆုတောင်းရမှာပဲ၊ ကဲ သွားမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီး သူ့ကကားကို စက်နှိုးနေစဉ် ခြံထဲသို့ ကားတစီး ဝင်လာ၏။

ဆရာကြီးသည် သူ့ကားစက်ကို ပြန်သတ်၍ ဝင်လာသော ကားကို ကြည့်နေစဉ် ကားသည် ဆင်ဝင်အောက်တွင် ရပ်သွားပြီး ကားပေါ်မှ ခေတ်ဆန်ဆန် ဝတ်စားဆင်ယင်ထားသော ရွှန်းလဲ့ဝေ ဆင်းလာသည်။

"ဟော့...မင်း နေဦး"

လှေကားပေါ်သို့ တက်ဟန်ပြင်နေသော ရွှန်းလဲ့ဝေကို ဆရာကြီးက ကားပေါ်မှ လျှင်မြန်စွာ ဆင်းတားလိုက်သည်။

"ဩော်...အန်ကယ်ဖေမြင့်ကြီးကိုး၊ ရွှန်းလဲ့ဝေက ဘယ်သူများလဲလို့... အဟင်း..ဟင်း...ဟင်း"

"မင်းဘာလာလုပ်တာလဲ၊ ရဲသိပ်နေမကောင်းဘူး"

"ဟုတ်တယ်လေ၊ ရဲသိပ်နေမကောင်းလို့ပဲ ရွှန်းလဲ့ဝေ လာကြည့်တာပေါ့၊ အန်ကယ်ဖေမြင့်ကိုယ်တိုင်လာကုတာဆိုတော့ ရဲနေကောင်းသွားမှာပါ"

"ရွှန်းလဲ့ကို အန်ကယ်တောင်းပန်တယ်၊ရဲကိုမနှောင့်ယှက်ပါနဲ့၊ ခု...ရဲ... သူ့စိတ်ချမ်းသာမှုရနေ ပြီ၊ မင်းသူ့ဆီလာစရာမလိုတော့ပါဘူးကွာ"

"အဟင်း...ဟင်း...ဟင်း...ရွှန်းလဲ့ကိုမလာစေချင်ဘူးဆိုတဲ့စကား ရဲပါးစပ်ကထွက်တာပဲ ရွှန်းလဲ့ကြားချင်တယ်၊ ကျန်တာ ဘယ်သူတားတား

Scanned by CamScanner

ရွှန်းလဲ့ဂရုမစိုက်ဘူး အန်ကယ် ဖေမြင့်"

"မင်းတယ်ရိုင်းတဲ့မိန်းကလေးပါလား၊ မင်းနဲ့ငါတူမတန်ဘူးကွ"

"အဟင်း...ဟင်း...ဟင်း"

ရွှန်းလဲ့ဝေကရယ်သွမ်းသွေး၍ လှေကားထစ်များပေါ်သို့ တက်သွားသည်။

ဒါကတာဖေမြင့်မောင်နှင့်သူနာပြုဆရာမလေး ထွေးထွေးတင်တို့သည် တယောက်မျက်နှာ တယောက် ကြည့်ကာ သူနောက်သို့ထက်ကြပ်မကွာ လိုက်ခဲ့ကြသည်။

*

"ရဲ"

မေကြည်ဖြူ၏ လက်တဖက်ကို သူရင်ဘတ်ပေါ်တွင် တင်ထားကာသူ့လက်ဖြင့်အုပ်ကိုင်ထား သောရဲသွေးသည် အသံလာရာ အိပ်ခန်းဝသို့ ကြည့်လိုက်သည်။

မေကြည်ဖြူသည် ရွှန်းလဲ့ဝေကို တွေ့ရသောအခါ ရဲသွေးလက်မှ သူ့လက်ကို ရုန်းထွက်ဖို့ ကြိုးစားလိုက်သည်။

ရဲသွေးက လုံးဝမလွှတ် မြဲမြဲစွာ ကိုင်ထားလိုက်သည်။

"မေကြည်...ဘယ်မှမသွားရဘူး၊ ကိုယ့်အနားမှာပဲနေ"

"အဟင်း...ရဲက အတော်အဖြစ်သည်းနေတာပဲ၊ ဒီဆရာမက အပြုအစု သိပ်ကောင်းနေတယ် နဲ့တူပါတယ်"

"မင်း...မေကြည့်ကို ဘာမှဝေဖန်စရာမလိုဘူး၊ ရန်လည်းလုပ်စရာမလိုဘူး၊ သူက ကိုယ့်ဇနီးလောင်း၊ ကိုယ်မကြာခင်

Scanned by CamScanner

လက်ထပ်တော့မယ့် မိန်းကလေးပဲ ရွှန်းလဲ့"

"ရဲစဉ်းစားပါဦး၊ အချိန်ရှိပါသေးတယ်၊ ဘာမှမဟုတ်တဲ့ မိန်းကလေးတယောက်အတွက်နဲ့ ရွှန်းလဲ့ကို မျက်ကွယ်ပြုနိုင်သလားဟင်"

"မင်းမှားနေပြီ၊ ကိုယ့်ဇနီးလောင်းက ဘာနဲ့မှ ချိန်စက်လို့မရတဲ့ မိန်းမကောင်းမိန်းမမြတ် တယောက်၊ ကိုယ့်အတွက် သူကလွဲရင် ဖွဲ့နဲ့ဆန်ကွဲပဲဆိုတာ မင်းသဘောပေါက်ပါ၊ ကိုယ်စကားကုန်ပြောလိုက်ပါ့မယ်၊ ကိုယ့်အသည်းနှလုံးထဲမှာ မင်းမရှိဘူး၊ မင်းကျင်လည်တဲ့ ဘဝထဲပြန်သွားပါတော့ ရွှန်းလဲ့ရယ်"

"တောက်..."

ရွှန်းလဲ့ဝေသည် မီးဝင်းဝင်းတောက်မတတ်သော မျက်ဝန်းများဖြင့် ရဲသွေးကိုကြည့်ကာ တကိုယ်လုံးနတ်ကျသကဲ့သို့ တုန်နေသည်။

ဒေါက်တာဖေမြင့်မောင်က ရွှန်းလဲ့ဝေ၏ ပခုံးကို အသာကိုင်လိုက်သည်။

ရွှန်းလဲ့ဝေသည် ဒေါက်တာဖေမြင့်မောင်၏ လက်ကိုကြမ်းတမ်းစွာပုတ်ချပြီး ရဲသွေးကို ဆတ်ခနဲကြည့်လိုက်သည်။

"နင်...နောင်တကောင်းကောင်းရမယ် ရဲသွေး"

ရဲသွေးက သူ့ကိုပြုံးသဲ့သဲ့ကြည့်နေသဖြင့် "ဟင်း"ခနဲ အသံတချက်ပြုပြီး ရွှန်းလဲ့ဝေက ပြန်လှည့်ထွက်သွားတော့သည်။

မကြာမီ ကားထွက်သွားသံ ကြားလိုက်ရသည်။

"ရဲ မင်းသိပ်ကံကောင်းသွားတယ်၊ တကယ်လို့သာ မင်းဆရာမလေးမေကြည်ဖြူကို တွေ့ထားတာ မဟုတ်ဘူးဆိုရင် မင်းသူ့ကို ရှောင်ချင်မှရှောင်နိုင်မယ်"

"ရဲရှောင်နိုင်ပါတယ်၊ သူဟာဘယ်လိုမှရဲ့ အဖော်မွန်မဟုတ်ဘူးဆိုတာ စည်းကမ်းပျက်နေတဲ့ သူ့သတင်းတွေ သဲ့သဲ့ကြားနေတည်းက ရဲဆုံးဖြတ်ခဲ့တာပါ

Scanned by CamScanner

ဦးဦး"

"အိုကေ... ဒါဆို ဦးဦးသွားမယ်"

"ဟုတ်ကဲ့"

ထွေးထွေးတင်သည် ဒုတိယအကြိမ် ဆရာကြီးကို ကားဆီပို့ပေးပြီး ဒေါ်မိုးရှိရာသို့ ရှောင်ထွက်ခဲ့တော့သည်။

*

Scanned by CamScanner

# အခန်း(၂၅)

`မေကြည်'

ရဲသွေးက နှုတ်ခမ်းလေးတွေ ဖြူနေသော မေကြည်ဖြူ၏ ပခုံးလေးကို လှမ်းဖက်လိုက်သည်။

`ဘာမှ စိုးရိမ်စရာမရှိဘူး၊ ကြောက်စရာလည်း မရှိဘူး၊ သူ့ကိုဒီလို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ပြောပစ်လိုက်တာပဲ ကောင်းတယ်'

`မေ...ကြေည် ဒီလိုဆိုးတဲ့မိန်းမကို ဒီတခါပဲတွေ့ဖူးတယ်၊ ကြောက်လိုက်တာ အရမ်းပဲ'

`မကြောက်ပါနဲ့ကွာ၊ သူ့ရန်ရှင်းသွားပြီ၊ သူကိုယ်တို့ကို မနှောင့်ယှက်နိုင်တော့ပါဘူး၊ ကဲ...ပြော မေကြည် ကိုယ်တို့ဘယ်တော့ လက်ထပ်နိုင်မှာလဲ'

`အာ....မေကြည် ဘယ်သိမှာလဲ၊ ကိုရဲဘာသာ ဆုံးဖြတ်ပေါ့'

`ကိုယ်ကတော့ ဒီနေ့တောင် လက်ထက်ပလိုက်ချင်တာ'

`လူမမာရယ် ကိုယ့်ကိုကိုယ်လည်း သတိထားပါဦး'

`ဒါတွေ ကိုယ်မသိတော့ဘူး၊ ကိုယ့်ဆီကနေ မေကြည် ထွက်သွားမှာကိုပဲကြောက်တယ်၊ မေကြည့်ကိုလက်လွှတ်မခံနိုင်ဘူးကွာ၊ ကိုယ်ရင်ကွဲမတတ် ဝေဒနာတွေ ခံစားရပြီးပြီ'

`မေကြည်လည်း ဒီလိုပါပဲရှင်'

`ဒါဆိုအတူနေကြမယ်လေ'

`ကိုရဲရယ်၊ အဲ့သလို အကျပ်မကိုင်ပါနဲ့၊ ဆရာကြီးနဲ့ တိုင်ပင်ပြီးမှ ဆုံးဖြတ်ကြတာပေါ့၊ ခုကိုရဲ နေကောင်းအောင်နေ ဒါပဲ'

Scanned by CamScanner

`ဟုတ်ကဲ့ပါ...ဆရာမပြောတဲ့အတိုင်းနေပါ့မယ်'

မေကြည်ဖြူသည် ရဲသွေး၏ နဖူးလေးကို လက်သီးဆုပ်လေးဖြင့် မနာအောင် ချစ်စနိုး ထုလိုက်ပါသည်။

ထိုနေ့က အစ ရေတွက်သော် ရက်ပေါင်း ခြောက်ဆယ်အကြာတွင်တော့ ရဲသွေးနဲ့ သူနာပြုဆရာမလေး မေကြည်ဖြူတို့ နှစ်ကိုယ်ယှဉ်တွဲ မင်္ဂလာပွဲထွက်ချိန်တန်ခဲ့ပါသည်။

ယုဇနဂါးဒင်း ဟိုတယ်ကြီးတွင် ရဲသွေးနှင့် မေကြည်ဖြူတို့ မင်္ဂလာပွဲက ခြိမ့်ခြိမ့်သဲ စည်ကားလှပါသည်။

နေနဲ့လ ရွှေနဲ့မြပမာ လိုက်ဖက်ညီလှသော မင်္ဂလာမောင်နှံက ဧည့်ပရိသတ်များကို တစားပွဲပြီးတစားပွဲ လိုက်လံနှုတ်ဆက်လာခဲ့ရာ တနေရာအရောက်တွင်တော့ အမျိုးသားတယောက်သည် ကျောခိုင်းထိုင်နေရာမှ ကြည့်စဦး ဇနီးမောင်နှံဘက်သို့ ထ၍ ကြည့် လိုက်သည်။

ရဲသွေးအဖို့ထိုလူကို မြင်ရသည်မှာ မည်သို့မျှခံစားချက် မဖြစ်သော်လည်း မေကြည်ဖြူမှာတော့ ဟင်ခနဲ ထွက်ကာ မူးယိုင်လဲမတတ် ဖြစ်သွားခဲ့ရပါသည်။

`ဆောရီး မေကြည်၊ မဖိတ်ဘဲ မေကြည်တို့ မင်္ဂလာပွဲ ကိုယ်လာတက်တာ ခွင့်ပြုပါ၊ ကိုယ်လေ မေကြည့်ကို ကိုယ်တိုင် လက်ဖွဲ့ပေးချင်လို့ပါကွာ'

သူ့ကုတ်အင်္ကျီအတွင်းမှ ကတ္တီပါဘူးနီနီကလေးကို ထုတ်ယူကာ မေကြည်ဖြူလက်ကို ပိုင်ဆိုးပိုင်နင်းဆွဲ၍ ထိုသူက ထည့်ပေးလိုက်သည်။ ပြီးလျှင် မချိပြုံးပြုံး၍ ရဲသွေးကို ကြည့်ပြီး...

`ကွန်ကရက်ကျူလေးရှင်းပါ...ကိုရဲသွေး'

`ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

`လာ...မေကြည်၊ အန်ကယ်ဖေမြင့်မောင်တို့ စားပွဲကို

Scanned by CamScanner

သွားနှုတ်ဆက်ရအောင်၊ ခွင့်ပြုပါနော် မိတ်ဆွေ'

`အိုကေ..သွားပါ...သွားပါ ကိုရဲသွေး'

ရဲသွေးသည် သတိကင်းလွတ်သည်သို့ ဖြစ်နေသော မေကြည်ဖြူကို အသာဆွဲကာ ထိုစားပွဲမှ ခေါ်ထုတ်ခဲ့သည်။

ထိုလူလည်း ရဲသွေးတို့ ဇနီးမောင်နှံ သူနှင့် အလှမ်းကွာသွားသည်နှင့် တပြိုင်နက် စားပွဲမှထကာ ထွက်သွားတော့သည်။

`မေကြည်...သူက ဘယ်သူလဲ'

`သူ...သူက မေကြည်ကို ပစ်သွားတဲ့သူပါ'

`ဩော်...'

ရဲသွေး၏ ရင်ထဲတွင် ရုတ်တရက် စူးနင့်သော ဝေဒနာကို ခံစားလိုက်ရသည်။

မေကြည်ဖြူမှာတော့ ရဲသွေးတွဲခေါ်ရာနောက်သို့ စိတ်နှင့်ကိုယ် ကင်းကွာ၍ လိုက်ပါနေ၏ ။

သို့နှင့် မင်္ဂလာပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

အလှဆင်ထားသော မင်္ဂလာကားပေါ်တွင် အသစ်စက်စက် ဇနီးမောင်နှံတို့ အတွေးကိုယ်စီဖြင့် ပါလာခဲ့ကြသည်။

ပန်းနုရောင် မင်္ဂလာအိပ်ခန်းထဲ ရောက်သည့်အခါတွင်တော့ ရဲသွေးသည် အိပ်ခန်းတံခါးကို အတွင်းက ဂျက်ချပြီး မင်္ဂလာခုတင်စွန်းတွင် နုံးခွေချည့်နဲ့စွာ ထိုင်နေသော သူ့ဇနီးချောလေးကို ကြည့်လိုက်သည်။

`မေကြည်...'

`ရှင်...'

Book Sharing

Scanned by CamScanner

`ကိုယ့်ကို လက်ထပ်လိုက်တာ နောင်တရနေသလားဟင်'

`မေကြည့်ကို ဘာဖြစ်လို့ မေးရတာ လဲ ကို'

`မသိဘူးလေ၊ မေကြည်က ဟိုမောင်ကို မြင်တာနဲ့ တခါတည်း ငိုင်တွေသွားတာကိုး'

`ဘာဖြစ်လို့ ငိုင်တွေသွားတယ်ဆိုတာ မေကြည် မဖြေတတ်ဘူး၊ ဒါပေမယ့် မေကြည့်ရင် ထဲမှာသူမရှိဘူးဆိုတာ ရဲရဲပြောတယ်၊ မေကြည့်အသက် မေကြည့်ဘဝက ကိုပဲဆိုတာ ယုံပါကိုရယ်'

ရဲသွေးသည် မေကြည်ဖြူ၏ လက်ထဲတွင် ဆုပ်ကိုင်ထားသော ကတ္တီပါဘူးနီနီလေးကို ယူ၍ ဖွင့်ကြည့်လိုက်သည်။ ပတ္တမြားလုံးချောချောလေးများ စီထားသည့် အသည်းမြွားစိုက်နေသော ရင်ထိုးကလေးတခု။

`ဒီမှာ ကြည့်ပါဦး၊ ဒီလက်ဆောင်လေးကအစိပ္ပာယ်တော့ ရှိမှာပါနော်'

`မေကြည် ဘယ်သိမှာလဲကိုရယ်'

မေကြည်ဖြူက ရင်ထိုးလေးကို တချက်သာကြည့်ပြီး မျက်နှာကို တဖက်သို့ လွှဲဖယ်ထားလိုက်သည်။

ရဲသွေးသည် ခုတင်ပေါ်တွင် ရင်ထိုးလေးကို ချခဲ့ပြီး မင်္ဂလာအိပ်ခန်းမှထွက်ခဲ့သည်။

`ကို…ကို..'

မေကြည်ဖြူသည် ရဲသွေးက သူ့ကိုလှည့်၍ မျှပင် မကြည့်ဘဲ မင်္ဂလာအိပ်ခန်းထဲမှ ထွက်သွားသဖြင့် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ သည်းထန်စွာ ငိုကျွေးနေ၏ ။

*

Scanned by CamScanner

`ကိုရဲသွေး…လက်ဖွဲ့တွေ အိပ်ခန်းထဲမှာပဲ ထားမှာလား'

`ဧည့်ခန်းထဲမှာပဲ ထားလိုက်ပါဗျာ'

ဆရာမလေး ထွေးထွေးတင်နှင့် သူခင်ပွန်းလောင်း ကိုမျိုးဝင်းတို့သည် တယောက်မျက်နှာ တယောက်ကြည့်ပြီး မျက်နှာညိုးနေသော ရဲသွေးကို နားမလည်အောင် ဖြစ်နေကြသည်။

`ဟဲ့ကလေးတွေ လက်ဖွဲ့ပစ္စည်းတွေကို သတို့သားနဲ့သတို့သမီးအခန်းပို့ရမှာလေ၊ ဒါမှသူတို့ကြည်ကြည်နူးနူး ဖောက်လို့ရမှာပေါ့'

`ဒီမှာပဲ ထားလို့ကိုရဲသွေးက ပြောသွားတယ်ဗျ'

`ဟင်…ဟုတ်လား၊ သူဘယ်မှာလဲ'

`ဟို…တံခါးပိတ်ထားတဲ့ အခန်းမှာ'

`ဟဲ့ ဘာဖြစ်ကြတာလဲ၊ လာ..လာ…မေကြည့်ဆီ သွားကြရအောင်'

သုံးဦးသား မင်္ဂလာအိပ်ခန်းဆီ သွားသည့်အခါ သည်းထန်စွာ ငိုကြွေးနေသော မေကြည်ဖြူကို တွေ့လိုက်ရသည်။

`ဟင်…မေကြည် ဘာ… ဘာဖြစ်တာလဲ'

ထွေးထွေးတင်က မေကြည်ဖြူ၏ ပခုံးလေးကိုကိုင်ကာ စိုးရိမ်တကြီး မေးလိုက်သည်။

`သူ…သူမင်္ဂလာပွဲကို လာသွားတယ်၊ ဒီလက်ဖွဲ့ကို အတင်းပေးတာကို သိသွားတယ်'

`ဟင်…'

ထွေးထွေးတင်က သူခင်ပွန်းလောင်း၏ မျက်နှာကိုကြည့်လိုက်သည်။

Scanned by CamScanner

`တောက်...မိုက်ရိုင်းလိုက်တဲ့ကောင်ကွာ'

ကိုမျိုးဝင်းသည် မြင့်ဇော်အောင်ကို ဆွဲထိုးချင်စိတ်ပေါက်အောင် ဒေါသထွက်သွားသည်။

`ကိုတမျိုးထင်သွားပြီ၊ သူ့လက်ဆောင်ကိုငြင်းပြီး သူ့ကိုမေကြည် မောင်းထုတ်ပစ်သင့်တာ၊ အဲ့သလို မလုပ်မိခဲ့လို့ ကို မေကြည်ကိုများ အထင်မြင်လွဲသွားပြီလား မသိတော့ပါဘူး ထွေးရယ်'

မေကြည်ဖြူသည် ထွေးထွေးတင်ကို ဖတ်ကာ ကိုယ်ကလေး သိမ့်သိမ့်တုန်အောင် ငိုနေ၏ ။

`ဒီလူ အချိန်ကောင်းမှလာတာ ဘာသဘောလဲ၊ သူဘာကောက်ကျစ်ချင်တာလဲ မသိဘူး၊ မေကြည်ကြို သူကဆက်သွယ်ရင် လုံးဝလက်ခံပြီး စကားမပြောရဘူးနော်၊ ခုချိန်မှာ သူနဲ့ကိုယ်က ဘာမှဆိုင်တော့တာ မဟုတ်ဘူး၊ မေကြည်က အိမ်ထောင်ရှင်မတယောက် ခင်ပွန်းသည်အပေါ်သစ္စာစောင့်သိတဲ့ မိန်းမကောင်းတယောက် အဖြစ်ပဲရှိရမယ်'

မေကြည်...မေကြည် ကတိပေးပါတယ်၊ မေကြည် ကို့ကို သစ္စာစောင့်သိတဲ့ မိန်းမပဲ ဖြစ်မှာပါ'

*

ရဲသွေးသည် လက်ဆယ်ချောင်းကို သူ့လက်ထဲသို့ထိုးသွင်းကာ ဆံပင်တွေကို ဆွဲဆုပ်ကိုင်ထားပြီး စာကြည့်ခန်းထဲက ထိုင်ခုံတလုံးတွင် ထိုင်နေသည်။

သူသည် စူးရှနက်မှောင်သော စာကြည့်စားပွဲကြီးကို စူးနစ်စွာကြည့်ကာ ဝေဖန်ပိုင်းခြားသုံးသပ်မှုများ ပြုလုပ်မိနေပါ၏ ။

သူသည် စူးရှနက်မှောင်သော မျက်လုံးအစုံဖြင့် လက်ပြောင်နေသော

Scanned by CamScanner

စာကြည့်စားပွဲကြီးကို ရူးနစ်စွာ ကြည့်ကာ ဝေဖန်ပိုင်းခြား သုံးသပ်မှုများ ပြုလုပ်နေပါ၏ ။

`ငါ သိပ်တကိုယ်ကောင်းဆန်သွားတယ်၊ ကိုယ့်ဆန္ဒတွေကို အရမ်းရှေ့တန်းတင်မိတယ်၊ ချစ်သူရဲ့ စွန့်ပစ်ခြင်းကို မေကြည်ခံစားနေရတုန်းမှာ ငါကအတင်း သူ့မေတ္တာတောင်းခံမိတယ်၊ ဒီကြားထဲ ဦးဦးကလည်း ငါ့အတွက် သူ့ကို ဖိအားပေးလိုက်တော့ စိတ်ထားနူးညံ့တဲ့မိန်းကလေးခမျာ မလူးသာမလွန့်သာ ဖြစ်သွားပုံရတယ်၊ တကယ်ဆိုရင် သူ့ဒဏ်ရာဟောင်း တွေပျောက်တဲ့အထိ ငါစောင့်သင့်တာ၊ ခုတော့ အားလုံးပျောက်ကုန်ပြီ၊ သူ့ခမျာ ဟိုလူကိုတွေ့လိုက်ရတော့ မထွေးနိုင် မအန်နိုင်ဖြစ်သွားပုံရတယ်၊ ငါ...ငါ မေကြည်လေးကို ချစ်တယ်၊ အသည်းနှင့်အောင် ချစ်တယ်၊ ဒါပေမယ့် သူ့ကို မတရားယူခြင်း လုံးဝမဖြစ်ချင်ဘူး၊ ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်သင့်သလဲ

*

Scanned by CamScanner

အခန်း(၂၆)

မင်္ဂလာပွဲကို ဝိုင်းဝန်းကူညီသူတွေ အလျှိုလျှို ပြန်သွားကြပြီမို့ အေးရိပ်ငြိမ်သည် အပ်ကျသံမျှပင် ကြားရလောက်အောင် တိတ်ဆိတ်မှု လွှမ်းကဲနေပါသည်။

ယာဉ်မောင်းဦးဆောင်နဲ့ဇနီးဖြစ်သူ ဒေါ်မိုးတို့သည်လည်း စိတ်လက်မချမ်းမြေ့ဟန်ဖြင့် တိတ်တိတ်ငြိမ်ငြိမ်ထိုင်နေကြသည်။

မေကြည်ဖြူသည် ကိုယ်ပေါ်က မင်္ဂလာဝတ်စုံကို လဲလှယ်ပြီး ဆံပင်ကို ခေါက်ကလစ်လေးဖြင့် ဖိညှပ်ကာ အိပ်ခန်းထဲမှ ထွက်ခဲ့သည်။

အိမ်ရှေ့တွင် ဒေါ်မိုးတို့ဇနီးမောင်နှံ တွေ့ရသည်။

"ကို ဘယ်မှာလဲ ဒေါ်မိုး"

"ဟို..စာကြည့်ခန်းထဲမှာ သမီး"

မေကြည်ဖြူသည် စိတ်ကိုတင်းထားသည့်ကြားမှ ပါးပြင်ပေါ်သို့ မျက်ရည်များလိမ့်ဆင်း လာသည်။

လက်ဖမိုးဖြင့် အသာသုတ်ချပြီး ပိတ်ထားသော စာကြည့်ခန်းရှေ့တွင် ရပ်ကာတံခါးခေါက်လိုက်သည်။

"ဘယ်သူလဲ"

"မေကြည်ပါ ကို..."

"မအိပ်သေးဘူးလား"

"မေကြည် ဘယ်လိုအိပ်နိုင်မှာလဲ ကိုရယ်... ကိုမေကြည့်ကို တခုခုတော့ပြောပါ၊ ဒီလို...ဒီလို မပြောမဆိုနေရင် မေကြည်...အဟင့်...အဟင့်... ဟင့်"

Scanned by CamScanner

မေကြည်ဖြူသည် တံခါးဝတွင် ဦးခေါင်းလေးတိုးကပ်ကာ နင့်နင့်နဲနဲ ရှိုက်ငိုမိလိုက်သည်။

မေကြည်ဖြူ၏ ရှိုက်ငိုသံများက ရဲသွေး၏ အသည်းနှလုံးကို ထိုးနှက်ခြေမွနေသည်ဟု ခံစားလာရသည်။

ရဲသွေးသည် လျင်မြန်စွာ တံခါးဆီသို့သွားကာ ဆွဲဖွင့်လိုက်သည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေတာလဲ မေကြည်"

"ငိုရုံတင်မကဘူး၊ ဖြစ်နိုင်ရင် မေကြည် ခုချက်ချင်းလဲကျပြီး သေသွားချင်တယ်ကို၊ ကိုဒီလိုပြုမူ ဆက်ဆံနေတာကို မေကြည်ဘယ်လိုမှ မခံစားနိုင်ဘူးရှင်၊ မခံစားနိုင်ဘူး"

"ကိုယ်က မင်းအတွက် စဉ်းစားနေတာပါ မေကြည်"

"ရှင်..."

မေကြည် ရွှဲနစ်သောမျက်ဝန်းဖြင့် မေကြည်ဖြူက ရဲသွေးကို မော့ကြည့်လိုက်သည်။

"ဟုတ်တယ်...မင်းအပေါ် ကိုယ်တကိုယ်ကောင်းဆန်သွားမှုကို နောင်တရပြီး မင်းကိုစာနာ သနားနေတာ..."

"မေကြည်...မေကြည် နားမလည်ဘူးကို"

"မင်းကို ကိုယ့်ဇနီးအဖြစ် ခံယူဖို့ ဦးဦးနဲ့ကိုယ် ဖိအားပေးခဲ့မိတယ်လေ၊ ဒါကိုစဉ်းစားလေ အသည်းနာလေပဲ...တကယ်ဆိုရင်..."

"မဟုတ်ဘူးကို၊ မဟုတ်ဘူး၊ အရင်က ဖြစ်ပျက်ခဲ့ဖူးတဲ့ အကြောင်းတရားတွေနဲ့ ပတ်သတ်လို့မေကြည်ရင်ထဲမှာ ဘာမှမရှိဘူး၊ အားလုံးကို မေကြည်ရင်ထဲမှာ ရှင်းထုတ်ပြီးမှ ကိုယ့်ဆန္ဒကို မေကြည်လက်ခံခဲ့တာပါ၊ ကိုရယ်... မေကြည့်စကားကို ယုံပါ၊ မင်္ဂလာဆောင်ကို သူလာတဲ့ကိစ္စ မေကြည့်ပယောဂ

Scanned by CamScanner

ဘာမှမပါဘူး၊ သူလာလို့ မေကြည်ကို အထင်လွဲအမြင်လွဲမှားသွားမှာကိုပဲ မေကြည် သေမတတ်ခံစားလိုက်မိတယ်၊ မေကြည် အမှန်တွေပြောတာဆိုတာ ယုံပါ ကိုရယ်"

ရဲသွေးသည် မျက်ရည်လည်ရွဲနှင့် သူ့ကိုပြောပြတောင်းပန်နေသော ချစ်ဇနီးချောလေးကို အသာသူ့ရင်ခွင်ထဲ ဆွဲယူကာ ညင်သာစွာ ဖက်ထားရင်း သူ့ပါးကို ဇနီးသည်၏ ဦးခေါင်းကို ဖိကပ်ထားလိုက်မိသည်။

ထိုစဉ်မှာပဲ လိုင်းခွဲဆွဲထားသော စာကြည့်ခန်းထဲက ဖုန်းကမြည်လာသည်။

ရဲသွေးသည် မေကြည်ဖြူ၏ ကိုယ်လေးကို အသာလွှတ်ပေးပြီး တယ်လီဖုန်းက ကောက်ယူနားထောင်လိုက်သည်။

"အေးရိပ်ငြိမ်ကပါလား"

အမျိုးသားတဦး၏ မူမမှန်သော အသံ...

"ဟုတ်ပါတယ်"

"ကျွန်တော့်ကို မေကြည်နဲ့ခဏလောက် စကားပြောခွင့်ပေးပါ၊ ကိုရဲသွေးလားမသိဘူး"

"ဟုတ်တယ်"

"ကျွန်တော် မြင့်ဇော်အောင်ပါ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ မေကြည်ဖြူနဲ့ ခဏလေး စကားပြောပါရစေဗျာ"

"ဘယ်သူလဲ ကို"

မျက်နှာကြီး နီမြန်းနေသော ခင်ပွန်းသည်၏ အနီးတိုးကပ်ကာ စိုးရိမ်တကြီး မေကြည်ဖြူမေးလိုက်သည်။

"မြင့်ဇော်အောင်တဲ့...မင်းနဲ့စကားပြောခွင့်တောင်းနေတယ်"

Scanned by CamScanner

"ဟင့်...ဟင့်...သူ့ကိုမေကြည် စကားမပြောချင်ဘူးကို"

လက်နှစ်ဖက်ကို ကာကာ မေကြည်ဖြူနောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်သွား၏။

"သူ ဘာပြောချင်လဲဆိုတာ နားထောင်လိုက်ပါလား၊ ပြဿနာရှိရင်လည်း ရှင်းသွားတာပေါ့"

မေကြည်ဖြူသည် တုန်ယင်နေသော လက်များဖြင့် ရဲသွေးလက်မှ ဖုန်းယူကာ နားထောင်လိုက် သည်။

"မေကြည်ဖြူ ပြောနေပါတယ်"

"မေကြည် မောင်ဖုန်းဆက်တာ ခွင့်လွှတ်ပါနော်၊ မောင် မေကြည့်ကို သတို့သမီးဝတ်စုံနဲ့ မြင်လိုက်ရတော့ မေကြည့်အနားမှာ မောင်သတို့သား ဖြစ်ခွင့်မရတာ အသည်းနာလိုက်တာ မေကြည်ရယ်"

"ရှင်...ရှင် ဘာတွေလာပြောနေတာလဲ၊ ရှင်...ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ ကျွန်မတို့ အိမ်ထောင်ရေး ရှင့်ကြောင့် အပျက်မခံနိုင်ဘူး"

"ကြည့်စမ်း...ကြည့်စမ်း...ဒီလိုရက်စက်စိမ်းကားတဲ့ စကားတွေ မပြောစဖူးမေကြည်ပြောနေ ပါလား၊ သူဌေးကတော်ကြီး ဖြစ်သွားလို့ထင်ပါရဲ့၊ မောင်က အပြစ်ရှိသူပီပီ ရှေ့မျက်နှာ နောက်ထားပြီး မေကြည့်ကို စကားပြောခွင့်လေးရအောင် ကြိုးစားလိုက်ရတာ "

"ရှင်နဲ့ကျွန်မ ပြောစရာ စကားကျန်သေးလို့လားရှင်"

"မေကြည့်မှာ မရှိပေမယ့် မောင်မှာ ရင်နဲ့အပြည့်ရှိနေတယ်၊ မောင် ရုတ်တရက် အိမ်ထောင်ကျသွားရတာ မေကြည်ကြောင့်ဗျ... ခင်ဗျားလေးကြောင့်..."

"ရှင်..."

"ဟုတ်တယ်၊ ခင်ဗျားလေးက ကျုပ်လက်ထပ်ဖို့ ခွင့်တောင်းတာကို

Scanned by CamScanner

လိုက်လျောလိုက်ရင်ယဉ်မေသန့်ကြီး ထောင်ဖမ်းလိုက်တာကို ခံရမှာ မဟုတ်ဘူး"

"အပိုတွေ မပြောနဲ့၊ အပိုတွေ မပြောနဲ့ မကြားချင်ဘူး၊ ရှင့်ဘဝနဲ့ရှင်နေပါ၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့ ကိုမြင့်ဇော်အောင်"

"မောင်ပါ...မေကြည်ရယ်၊ မေကြည်ရဲ့ မောင်ပါ၊ ဒီလောက်ကြီးလည်း စိမ်းကားရက်စက် မသွားပါနဲ့၊ မောင်တောင်းပန်ပါတယ်၊ မေကြည့်ကို မောင်မပိုင်ရတော့မှန်းသိပါတယ်၊ နှုတ်ကပြောတဲ့ အကြင်နာစကားလေးတွေတော့ မောင် ဆက်ပြီးကြားပါရစေမေကြည်ရယ်... မောင်လေ မေကြည်နဲ့ ခဏလေးတွေ့ချင်တယ်၊ တခါတည်းပဲ တွေ့ချင်တာပါ၊ နောင်ကို ဘယ်တော့မှ မနှောင့်ယှက်ဘူးလို့ ကတိပေးတယ်၊ မောင်ဒီနားမှာတင် ရှိမယ်၊ မောင်အခု ထွက်လာခဲ့မယ်၊ မေကြည် ခြံပြင်ထွက်တွေ့ပါနော်"

"အရူး...ရှင် အရူးပဲ၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့ လာမတွေ့နဲ့"

မေကြည်ဖြူသည် ဖုန်းကို လက်ကလွှတ်ချပြီး လက်ဝါးဖြင့် အုပ်ကာ အသံများထွက်၍ သည်းထန်စွာ ငိုတော့သည်။

ရဲသွေးသည် သူ့အိပ်ခန်းက လိုင်းခွဲကို အသာပြန်ချပြီး မေကြည်ဖြူရှိရာသို့ ခြေလှမ်းကြီးများ ဖြင့်ရောက်လာသည်။

ငိုနေသော မေကြည်ဖြူကို ညှိုးနွမ်းစွာ သူကြည့်လိုက်သည်။

သူသည် မေကြည်ဖြူထံ သွားရောက်နှစ်သိမ့်ဟန်ပြုပြီးမှ အသာလှည့်ထွက်ခဲ့သည်။

"ငိုပါစေလေ၊ သူ့အားရအောင် ငိုပါစေ၊ ငါမနှောင့်ယှက်ချင်တော့ပါဘူး"

အိမ်ပေါ်ထပ် လသာဆောင်ဆီသို့ လေးတွဲ့သော ခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။

*

Scanned by CamScanner

## အခန်း(၂၇)

မကြည်ဖြူသည် သူယခု ကျရောက်နေသော အဖြစ်ဆိုးကြီးအတွက် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်မိလာသည်။ တဖက်ကလည်း ရဲသွေးကို မျက်နှာချင်းဆိုင်ရမှာလည်း ကြောက်မိလာသည်။

"ဒီလူက ယုတ်မာကောက်ကျစ်တဲ့ စိတ်ရှိတယ်၊ သူက ရိုးသားဖြူစင်တဲ့ စိတ်ရှိတယ်ဆိုရင် ငါ့ကို လာမနှောင့်ယှက်သင့်ဘူး၊ ငါ့ကြောင့် ကိုရဲ အရှက်ရတော့မှာပဲ၊ သူ့ပတ်ဝန်းကျင်မှာ သူဘယ်လိုမျက်နှာပြမလဲ၊ တကယ်တော့ ငါဟာ ကံဆိုးမတယောက်ပါ"

မကြည်ဖြူသည် သူတို့ဇနီးမောင်နှံအတွက် ခင်းထားသော မင်္ဂလာအိပ်ခန်းဆီသွားကာ သူကပေါ်က အဖိုးတန် လက်ဝတ်လက်စားများ ချွတ်ပြီး သူ့ကိုယ်ပိုင်ပစ္စည်းများ ဝတ်ဆင်ကာ သူကဆလင်းဘတ်အိတ်လေး ယူလိုက်သည်။

"ဟင်... ဒါဘယ်လဲ မကြည်"

"မကြည့်ကို မတားပါနဲ့တော့၊ မကြည်သွားပါရစေတော့ ဒေါ်ဒေါ်မိုးရယ်"

"မဟုတ်သေးဘူးလေ၊ မင်းရဲကို မငဲ့ကွက်တော့ဘူးလား"

"ကို့ကိုချစ်လွန်းလို့ ...ကိုယ့်ကိုဒုက္ခမရောက်စေချင်လို့ မကြည်သွားရမှပါ၊ မကြည့်ကိုယ်စား ကို့ကို ဂရုစိုက်ပေးပါလို့ ဒေါ်မိုးကို တောင်းပန်ပါတယ်ရှင်"

"မကြည်...မကြည်"

မကြည်ဖြူသည် ဒေါ်မိုးလက်ဖျားမှ ရုန်းထွက်ကာ လှေကားပေါ်သို့ ပြေးဆင်းသွားသည်။

ခြံပြင်သို့ မကြည်ဖြူ ရောက်ခဲ့သည်။ လမ်းကရှင်း၍

Scanned by CamScanner

လူခြေတိတ်ဆိတ်နေ၏။

အေးရိပ်ငြိမ်ကို ကျောခိုင်း၍ ခပ်သွပ်သွပ်လျှောက်ခဲ့ရာ မကြာခင်အငှားယာဉ်တစီးတွေ့ရသည်။

ကားကိုတားပြီး ခရီးတခုဆီသို့ မေကြည်ဖြူ ထွက်ခဲ့မိတော့သည်။

*

အချိန်တွေ တနာရီးပြီးတနာရီ ကုန်ဆုံးသွားသော်လည်း မေကြည်ဖြူပေါ်မလာသဖြင့် ရဲသွေးသည် သူ့စိတ်ကို ဒုန်းဒုန်းချလိုက်သည်။

"ကိုယ်တို့ ဆုံစည်းခွင့်မရှိဘူးဆိုတာ သဘောပေါက်ပါပြီ၊ မင်းကို ခွင့်လွှတ်ပါတယ်၊မေကြည် ၊မင်းပျော်မယ်ဆိုရင် ကိုယ့်အသွေးသားကို လမ်းခင်းပေးရပေးရ ကိုယ်ကြည်ဖြူပါတယ်ကွာ"

ရဲသွေးသည် အိမ်တံခါးကြီးကို ပိတ်ခဲ့ပြီး သူတို့အတွက် ပြင်ဆင်ထားသော မင်္ဂလာအိပ်ခန်းဆီ လျှောက်ခဲ့သည်။

မှန်တင်ခုံပေါ်တွင် အစီအရီရှိနေသော စိန်ထည် တဝတ်စာတွေ့ရသောအခါ သူ့အသိဉာဏ်ထဲတွင် ပိုရှင်းသော အဖြေရလိုက်သည်။

"သေချာကါပြီ၊ ဒီပစ္စည်းတွေ ချွတ်ပြီးထားခဲ့တာ ရှင်းနေတာပဲ၊ သွေးရိုးသားရိုးမြင့်ဇော်အောင်ကို ဆင်းတွေ့တာဆို ဒါတွေ ဘာချွတ်စရာလိုလဲ၊ အေးလေ ဒီလောက်စောစောကြီး သဘောထားတခု သိလိုက်ရတာ သူ့အတွက်ကော ငါကော ကောင်းဖို့ပဲလို့ ယူဆရမှာပဲ"

"မင်းရဲ့ချစ်ဦးသူနဲ့ ဘဝဆက်တိုင်း ယှဉ်တွဲနေနိုင်ပါစေ မေကြည်...ကိုယ် ဆုတောင်းလိုက်ပါတယ်"

ရဲသွေးသည် မင်္ဂလာအိပ်ခန်းတံခါးကို ပိတ်ခဲ့ပြီး သူ့အိပ်ခန်းဆီသို့ လေးတွဲသော ခြေလှမ်းဖြင့် လျှောက်ခဲ့သည်။

Scanned by CamScanner

သည်ညမှာပဲ သူသည်တပတ်အတွင်း နိုင်ငံခြား ခရီးထွက်ဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

*

Scanned by CamScanner

အခန်း(၂၈)

ရဲသွေးသည် ခုတင်ကို ကျောမှီ၍ ထိုင်ရင်း သတင်းစာကို ဖတ်လိုက်စဉ် ခေါင်းစည်းစာလုံး အမည်းဖြင့် ရိုက်နှိပ်ထားသော အရက်ဆိုင်မှ ရန်ပွဲတခုအကြောင်း ဖတ်လိုက်ရသည်။

ယမန်နေ့ည ကိုးနာရီခန့်က လှည်းတန်း အရက်ဆိုင်တဆိုင်တွင် အရက်သောက်သူချင်း ရှုမှူးစကားများကြရာမှ လူသတ်မှု ဖြစ်သွားခဲ့သည်။ ဖြစ်ပွားပုံမှာ ဇေယျာနှင့် အဖော်သုံးဦးသည် မြင့်ဇော်အောင်၊ အဘ ဦးချစ်ခင်၏ သားကို အရက်သောက်ရင်း တယောက်တခွန်း စကားများကြရာ ဇေယျာက မြင့်ဇော်အောင်ကို ထိုင်ခုံတလုံး ဆွဲယူ၍ ရိုက်ချလိုက်သဖြင့် မြင့်ဇော်အောင်မှာ ဦးခေါင်းတွင် ဒဏ်ရာပြင်းပြင်းထန်ထန်ရပြီး နေရာတွင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

သက်ဆိုင်ရာ ရဲစခန်းမှ တရားခံများဖမ်းဆီးထားကြောင်း သတင်းရရှိသည်။

`မြင့်ဇော်အောင်...မြင့်ဇော်အောင်တဲ့၊ မေကြည်ရဲ့ ချစ်သူဟောင်း မြင့်ဇော်အောင်များလား၊ ခက်တာက သူ့အဖေနာမည်လည်း မသိဘူး၊ မေကြည်ဖြူကော သူဘယ်ထွက်သွားတာလဲ၊ ဟား... မဖြစ်သေးပါဘူး၊ ဆရာမထွေးထွေးတင်ကို ဖုန်းဆက်ကြည့်ဦးမှပဲ'

ရဲသွေးသည် သူ့ခုတင်ဘေးတွင် ထားရှိသော ဖုန်းကို လှမ်းယူကာ အောင်သုခ အထူးကုဆေးခန်းဆီသို့ ဖုန်းဆက်လိုက်သည်။

`ထွေးပါ...ဘယ်သူပါလဲရှင်'

`ထွေးထွေး...ကိုယ်ရဲသွေးပါ၊ ဒီနေ့ သတင်းစာထဲမှာ ပါလာတဲ့ မြင့်ဇော်အောင်ဆိုတာ မေကြည်ရဲ့'

Scanned by CamScanner

`ဟုတ်ပါတယ် ကိုရဲသွေး၊ မေကြည်ဖြူရဲ့ ချစ်သူဟောင်းပါ

`ဒါဆို သူနဲ့မေကြည်ဖြူ မတွေ့လိုက်ရဘူးပေါ့၊ ဒါဆို မေကြည်ဖြူ ဘယ်ရောက်သွားပြီလဲ ထွေးထွေး၊ လုပ်ပါဦးဗျာ ညက ဒီလူအိမ်ကို ဖုန်းဆက်တယ်၊ မေကြည့်ကို သူနဲ့ဆင်းတွေ့ဖို့ ခေါ်တယ်၊ မေကြည်...မေကြည် ကျွန်တော်ဆင်ပေးတဲ့ စိန်ထည်တွေချွတ်ပြီး အိမ်ပေါ်က ဆင်းသွားတာခုထိ ပြန်မရောက်လာဘူးဗျာ၊ သူဘယ်ရောက်သွားပြီလဲ၊ ကျွန်တော် အရမ်းစိတ်ပူတယ်

`ကိုရဲသွေး...စိတ်အေးအေးထားပါ၊ မေကြည် အောင်သုခဆေးခန်း ပြန်ရောက်နေပါတယ်

`မေကြည်...မေကြည် ဆေးခန်းမှာ ဟုတ်လား၊ ကျွန်တော်ခုပဲ လာခေါ်မယ်

ရဲသွေးသည် ဖုန်းကိုပိတ်ပြီး ဦးဆောင်ကို ခေါ်ကာ အောင်သုခဆေးခန်းဆီထွက်ခဲ့သည်။

*

`သူရောက်လာတော့မယ် ဆရာကြီး

ထွေးထွေးတင်က ရဲသွေး၏ ဦးလေး ခွဲစိတ်ဆရာဝန်ကြီး ဖေမြင့်မောင်ကို ပြောလိုက်သည်။

`လာပါစေလေ၊ ဒီလိုပဲ ဖြစ်လာမယ်ဆိုတာ ကိုယ်တို့ ကြိုတွေးမိကြတာပဲ

`သူ...သူမေကြည့်ကိုတွေ့ပြီး တခုခုများဖြစ်သွားမလား

`စိတ်အေးအေးထားပါ၊ သူ့ကို ဆရာကြီးပြောပါ့မယ်၊ ရောက်လာရင်သာ ရုံးခန်းထဲ ခေါ်ခဲ့ပါ

Scanned by CamScanner

`ဟုတ်ကဲ့ ဆရာကြီး။

ဆရာဝန်ကြီး ဦးဖေမြင့်မောင်၏ ရုံးခန်းမှ ထွက်လာကာ ထွေးထွေးတင်သည် ဆေးခန်း၏ ဆင်ဝင်အောက်မှစောင့်ဆိုင်းနေလိုက်သည်။

*

Book Sharing

Scanned by CamScanner

## အခန်း(၂၉)

"မေကြည်...ငါ့ကို လက်ခံတွေ့ပါ့မလား ၊ သူ့ကျေနပ်အောင် ဘယ်လိုတောင်းပန်ရမလဲ၊ မေကြည်ကငါ့ကို မတွေ့ဘူးဆို ငါရူးသွားမှာပဲ"

"လူလေး ရဲသွေး"

"ဗျာ...ဦးလေးဆောင်"

"ကလေးမလေးက ရိုးသားဖြူစင်ပါတယ်ကွာ၊ ကိုယ်နဲ့မတွေ့ဆုံခင်က အဖြစ်အပျက်တွေ မင်းတို့ဘဝသစ်ထဲ ခေါ်မလာပါနဲ့၊ ဦးလေးဆောင်ကတော့ တဦးကိုတဦး ကြည်ဖြူခွင့်လွှတ်ပြီး မင်းတို့ကိုပေါင်းစေချင်တယ်"

"ကျွန်တော် သူ့ကို တောင်းပန်ဖို့ ခုသွားနေတာပါ ဦးလေးဆောင်"

"ဝမ်းသာပါတယ်ကွယ်"

အောင်သုခဆေးခန်းကြီး၏ ဆင်ဝင်အောက်တွင် အသင့်စောင့်ဆိုင်းနေသောရဲသွေး၏ ကား ဆိုက်ကပ်ရပ်တန့်သွားသည့်အခါတွင် ရဲသွေးဘက်က တံခါးကို ဖွင့်ပေးလိုက်သည်။

"မေကြည်ကော ထွေးထွေး၊ အဆောင်ခန်းမှာလား"

"ဟုတ်ကဲ့..."

"ဒါဆို အဆောင်ကို သွားကြမယ်လေ"

"သွားတော့ပေါ့၊ ခုတော့ ခဏလေး ဆရာကြီး ဦးဖေမြင့်မောင်ကို တွေ့လိုက်ပါ၊ သူက ကိုရဲသွေးလာရင် သူ့ဆီအရင်ခေါ်လာခဲ့ဖို့ထွေးကိုမှာထားလို့ပါ"

"ဟုတ်ကဲ့"

ရဲသွေးသည် ဆရာမလေး ထွေးထွေးတင်နှင့်အတူ သူ့ဦးလေး၏ ရုံးခန်းဆီ လျှောက်ခဲ့သည်။

Scanned by CamScanner

“မေကြည် ကျွန်တော့်ကို မတွေ့ချင်အောင်ဖြစ်နေပြီ မဟုတ်လားဟင် ထွေးထွေး”

“ဒါတွေက ရှင်ယူလို့ရတဲ့ ကိစ္စတွေပါ၊ ကိုရဲရယ် စိတ်မပူပါနဲ့၊ ထွေးတို့ဆရာကြီးတို့လည်း ရှိနေကြတာပဲ ဥစ္စာ”

ထွေးထွေးတင်က ဆရာကြီး ဖေမြင့်မောင်၏ ရုံးခန်းတံခါးကို အသာတွန်း၍ ရဲသွေးအတွက် ဖွင့်ပေးလိုက်သည်။

“လာဟေ့ ရဲ...နေကောင်းတယ် မဟုတ်လား”

“လူကတော့ နေကောင်းပါတယ်၊ စိတ်ထဲမှာတော့ ဝေဒနာတွေ ပြင်းထန်နေတယ် ဦးဦး၊ ကျွန်တော် ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဦးဦးကိုနောက်မှ ရှင်းပြမယ်၊ ဦးဦးကျွန်တော့်ကို တွေ့ချင်တာ ဘာပြောမလို့လဲဟင်”

“မင်းနဲ့မေကြည် ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဦးဦးတို့အားလုံးသိပြီးပါပြီကွာ၊ မေကြည်ဖြူက မင်းအပေါ်သစ္စာစောင့်သိတဲ့ မွန်မြတ်တဲ့ မိန်းကလေးတယောက်ပါ၊ သူကမင်းအထင်လွဲမှားမှာ မင်းဝေဒနာရမှာ၊ အရှက်ရမှာကို သိပ်ကိုကြောက်နေရှာတဲ့သူကွယ့်၊ မမျှော်လင့်ဘဲ သူ့ဘဝထဲကို မြင့်ဇော်အောင် ပြန်ဝင်ရှုပ်လာတော့ မင်းကို စိုးရိမ်တဲ့စိတ်တွေ သူ့မှာပိုပြီး ကြီးလာတယ်၊ ဒါကြောင့် မင်းကို ဒုက္ခမရောက်စေရဘူးလို့ ဆုံးဖြတ်ပြီး ညက သူအေးရိပ်ငြိမ်ကနေထွက်သွားခဲ့တာ၊သူ မြင့်ဇော်အောင် ချိန်းတာကို သွားတာမဟုတ်ဘူးဆိုတာ မင်းသိဖို့ ဦးဦး ပြောပြနေတာ ရဲရဲ”

“ဟုတ်ကဲ့ ဦးဦး”

“စိတ်တော့မကောင်းပါဘူး၊ ဟိုလူရှုပ်ကတော့ သူ့ကြမ္မာ သူငင်သွားပြီ၊ ကောင်မလေးအပေါ် မင်းသဘောထားက ဘယ်လိုလဲ”

“ကျွန်တော်မေကြည့်ကို ချစ်တယ်၊ မြတ်နိုးတယ်၊ အရင်ကအတိုင်းပဲ

Scanned by CamScanner

ဆက်ပြီး မြတ်နိုးနေ ချစ်နေမှာပဲ၊ ကျွန်တော်သူနဲ့ ဘယ်တော့မှ ဝေးမနေနိုင်ပါဘူးဗျာ၊ ခဏနော်၊ ဦးဦး မပြန်သေးဘူးမဟုတ်လား၊ ကျွန်တော် သူ့ကို အဆောင်ခန်းမှာ သွားတွေ့ပြီး ဦးဦးဆီ ပြန်လာခဲ့မယ်"

"ရဲသွေးက ထိုင်ရာမှ ထလိုက်သည်။"

"နေပါဦး၊ သူအဆောင်ခန်းမှာ မဟုတ်ဘူး"

"ဗျာ...ဒါဆို သူဘယ်မှာလဲ"

"ရှိပါတယ်၊ မင်းကို ဦးဦး ပြောရမယ့်စကား မကုန်သေးဘူး ရဲ ရဲ့"

"ဟာဗျာ မေကြည်ကို တွေ့ချင်လှပြီ၊ ဦးလေးက ဘာပဟေဠိ လုပ်နေမှန်း မသိဘူးဗျာ"

"မဟင်း..ဟင်း...ဟင်း ရဲရာ ပဟေဠိလုပ်နေတာ မဟုတ်ပါဘူးကွာ၊ မင်းစိတ်ငြိမ်အောင် ဦးဦးက စကားတွေပြောနေတာပါ"

"ကျွန်တော် စိတ်ငြိမ်အောင် ဟုတ်လား၊ မေကြည် တခုခု ဖြစ်နေလို့လား၊ ဟုတ်ပါပြီ သူအဆောင်ခန်းမှာ မဟုတ်ဘူးဆိုတော့ တခုခုဖြစ်နေပါပြီ"

"ရဲ...ရဲ... မင်းစိတ်ကို အေးအေးထား၊ မေကြည်ဖြူတခုခု ဖြစ်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် သူ့မှာ ခုဘာအန္တရာယ်မှ မရှိတော့ဘူး၊ အချိန်နည်းနည်းလေး နားနေခိုင်းဖို့ပဲ ရှိတော့တယ်၊ အဖြစ်အပျက်ကို ဦးဦး ပြောပြမယ် ၊မင်းစိတ်ကို အေးအေးထားပြီး နားထောင်ပါ"

"ဟုတ်...ဟုတ်ကဲ့ပါ ဦးဦး"

*

မေကြည်ဖြူသည် သူ၏ ချစ်သူဟောင်းက သူ့ကို အကြိမ်ကြိမ်ခါခါ နှောင့်ယှက်မည်ကို သိသဖြင့် ရဲသွေး၏ အရှက်နဲ့သိက္ခာကျမည် စိုးသောကြောင့်

Scanned by CamScanner

အေးရိပ်ငြိမ်ပေါ်က ဆင်းးခဲ့သည်။

သူသည် သီလရှင် ဒေါ်ခေမာသီ ကျောင်းတွင် စိတ်ပြေပျောက်သည်အထိ နေပြီးမှ ထွေးထွေးတင်ကို ဆက်သွယ်လိုက်မည်ဟု စိတ်ဆုံးဖြတ်ခဲ့သည်။

ထိုညတွင် သူတား၍ စီးလိုက်သော အငှားယာဉ်မောင်းသည် သူကားပေါ်ရောက်မှ လူကောင်းတယောက်မဟုတ်မှန်း သိလာရ၏။

`ရှင်...ရှင်...ဗဟန်းကို မောင်းပါဆို ဘယ်ဘက်ကိုကားကွေ့တာလဲ'

`အဟင်း...ဟင်း...ဟင်း...မင်းကို သာယာတဲ့နေရာ ခေါ်သွားမလို့ပေါ့ကွာ'

`ရှင်ဘာစကားပြောတာလဲ၊ ကျွန်မမိန်းမကောင်းတယောက်၊ ရှင်ထင်သလို မဟုတ်ဘူး'

`အဟင်း...ဟင်း...ဟင်း...ဒါမျိုးတွေ ငါတို့လောကမှာတွေ့ရတာ ရိုးနေပါပြီကွာ၊ မင်းမနစ်နာစေပါဘူး၊ ငါက ကြေးကြီးကြီး ပေးမှပါကွ၊ ငါဒီနေ့ခွင်ကောင်းကောင်း မိလာပါတယ်'

`ရှင်...ခု ကားကိုရပ်လိုက်ပါ၊ မရပ်ရင် ကျွန်မခုန်ချလိုက်မှာနော်'

`သေချင်ရင်တော့ မင်းအတတ်နဲ့မင်းပဲလေ'

မေကြည်ဖြူသည် ဘာဘာညာညာ ရှည်ရှည်ဝေးဝေးမစဉ်းစားနိုင်တော့ဘဲ အရှက်ကို အသက်နဲ့လဲရန် ကားတံခါးဖွင့်၍ ခုန်ချလိုက်သည်။

`ဟော့...ဟော့...ဟာ...'

ကားသည် လမ်းဘေးတွင် မလှုပ်မယှက်ခွေခွေလေး ဖြစ်နေသော မေကြည်ဖြူနဲ့ မနီးမဝေးတွင် ရပ်တန့်သွားပြီး ယာဉ်မောင်းက ကားပေါ်မှဆင်း၍ ကြည့်လိုက်သည်။

Scanned by CamScanner

`သေပြီလား၊ ပြဿနာတော့ တတ်တော့မှာပဲ၊ လစ်မှ ဘယ်သူမှမတွေ့ခင် လစ်မှ▯

ကားသမားသည် ကားပေါ်ပြန်တက်ကာ ထွက်မည်ပြုပြီးမှ သူ့ပယောဂကြောင့် အသက်တချောင်း ဆုံးရှုံးလေပြီလားဟု နောင်တတရားရကာ သွေးလန့်ပြီး မေကြည်ဖြူ့ထံ ပြေးခဲ့ပြန်သည်။

`ညီမ...ညီမ▯

မေကြည်ဖြူသည် ဦးခေါင်းထဲတွင် မူးဝေနောက်ကြည့်သည့်ကြားမှ အားယူကာ...

`ကျွန်မ သူနာပြုဆရာမပါ၊ ကျွန်မကို အောင်သုခ ဆေးခန်းကို ပို့ပေးပါ၊ ကျွန်မအဲ့ဒီမှာ အလုပ်လုပ်ပါတယ်▯

`ပြည်လမ်းက အောင်သုခဆေးခန်းလား▯

`ဟုတ်...ဟုတ်ပါတယ်▯

`စိတ်အေးအေးထားနော်၊ ပို့ပေးမယ်▯

ယာဉ်မောင်းသည် မေကြည်ဖြူကို ကားပေါ်သို့ပွေ့တင်ပြီး ဆေးခန်းဆီမောင်းချလာခဲ့သည်။

မေကြည်ဖြူကို အနာတရသတိလက်လွတ်နှင့်တွေ့ရသောအခါ ဆေးခန်းဝန်ထမ်းများ ပူထူလှုပ်ရှားသွားကြသည်။

သူနာပြုဆရာမလေး ထွေးထွေးတင်က လျှင်မြန်စွာရဲသွေးဦးလေးခွဲစိတ်ဆရာဝန်ကြီး ဦးဖေမြင့်မောင်ကိုဖုန်းဆက်အကြောင်းကြားလိုက်သည်။

ဆရာကြီး ဦးဖေမြင့်မောင်သည် ချက်ချင်းရောက်ရှိလာပြီး မေကြည်ဖြူကို စမ်းသပ်ကာ အရေးပေါ်ကုသမှုများ ပြုလုပ်ပေးလိုက်သည်။

Book Sharing

Scanned by CamScanner

ယာဉ်မောင်းကတော့ သူ့အပြစ်သူ ဝန်ခံပြီး ရဲစခန်းတွင် သူ့ကိုယ်သူသွားရောက်၍ အပ်လိုက်သည်။

*

Scanned by CamScanner

အခန်း(၃၀)

`မကြည် သိပ်ကံကောင်းတယ်၊ ခေါင်းမှာ ဒဏ်ရာရပေမယ့် ဦးနှောက်ကို မထိခိုက်ဘူး၊ညာဘက်လက်ကောက်ဝတ် ကျိုးသွားတာကလည်း မကြာခင်ကောင်းသွားမှာပါ၊ သူ့ကိုလိုအပ်ပတာအားလုံး ဦးဦးတို့လုပ်ထားပေးပြီ၊ ကဲ... ထ မကြည်ဖြူကို သွားကြည့်ရအောင်၊ သြော်...မင်းဆီက ကတိတခုတောင်းရဦးမယ်ကွယ့်'

`ဟုတ်ကဲ့ ပြောပါ ဦးဦး'

`မိန်းကလေးကို ကြင်နာပါ၊ ချစ်သူ၊ သည်းခံခွင့်လွှတ်ပါ'

`စိတ်ချပါ ဦး'

`သူနာပြု ဆရာမလေး ထွေးထွေးတင်က မကြည်ဖြူရှိနေသော အခန်းတံခါး အသာတွန်းဖွင့်လိုက်သည်။'

`မကြည်...'

`ကို..'

ရဲသွေးသည် မကြည်ဖြူ၏ ခုတင်ဆီသို့ လျှင်မြန်စွာရောက်ရှိသွားခဲ့သည်။

မကြည်ဖြူသည်မျက်နှာကလေး ချက်ချင်းငုံ့ချလိုက်ပြီး အသံတအစ်အစ်ထွက်ကာ ငိုပါတော့သည်။

`မကြည်...မကြည်...ကိုယ့်ချစ်မငိုပါနဲ့ကွာ၊ မကြည်ကို မသေကောင်းမပျောက်ကောင်း ပြန်တွေ့ရတာ ပဲ ကိုယ် ကျေးဇူးတင်လှပြီ'

ရဲသွေးသည် မကြည်ဖြူ၏ ခုတင်စောင်းဘေးတွင် တင်းပါးလွှဲထိုင်ကာ မကြည်ဖြူ၏ မျက်ရည်စွဲနစ်နေသော မျက်နှာကလေးကို မေးဖျားလေးမှ မော့ယူ၍

Scanned by CamScanner

ကြည့်လိုက်သည်။

`မေကြည်...မငိုနဲ့တော့နော်၊ ဒီနေ့ကစပြီး ကိုယ်တို့ဇနီးမောင်နှံ ရာသက်ပန် ဘယ်သူခွဲခွဲ မခွဲဘဲနေကြမယ်နော်...'

မေကြည်ဖြူက ရဲသွေး၏ မျက်ဝန်းများထဲသို့ ကြည့်လိုက်သည်။

ထိုမျက်ဝန်းများတွင် ချစ်ရည်ရွှန်းလဲ့နေပါ၏ ။

မေကြည့်ကို ကိုယ်သိပ်ချစ်တယ်၊ အသည်းအသက်မက ချစ်တယ်၊ အဲဒါကို မေကြည် အကြွင်းမဲ့ ယုံလိုက်ပါနော်

`မေကြည်ကလည်း ကိုယ့်ကို သိပ်ချစ်ပါတယ်၊ မေကြည်နှလုံးသားကို ပိုင်စိုးသူက ကိုယ်ပါ ကိုရယ်၊ အဲဒါကို လည်းအကြွင်းမဲ့ ယုံပေးပါနော်'

`ဟား...ရင်ထဲမှာ ကြည်နူးလိုက်တာ ချစ်လေးရယ်'

ရဲသွေးသည် မေကြည်ဖြူ၏ ဦးခေါင်းလေးကို သူ့ရင်ခွင်တွင် အသာကပ်လိုက်သည်။

ရဲသွေး၏ ရင်ခုန်သံများ မြန်နေပါသည်။

ဒေါက်တာဖေမြင့်မောင် သည်ပြုံး၍ သူနာပြုဆရာမလေး ထွေးထွေးတင်ကို လက်မထောင်ပြပြီး သူ့ရုံးခန်းရှိရာ ပြန်ထွက်ခဲ့သည်။

ထွေးထွေးတင်လည်း ချစ်စ ခင်စ ကြင်စဦးမောင်နှံရှိသည့်အခန်းကို အသာပြန်ပိတ်ပေးခဲ့ပြီး ရင်မှာ ကြည်နူးမှုပြည့်လျှံစွာဖြင့် သူနာပြုများ နားခိုခန်းဆီသို့ ထွက်ခဲ့တော့သည်။

**ရွှင်လန်းချမ်းမြေ့ကြပါစေ**

**ခိုင်မိမိဇင်**

*

Book Sharing

Scanned by CamScanner